ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ 29, Monday August 2016 (၈၆၆၈)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး အိန္ဒိယနိုင်ငံ အဂရာမြို့သို့ ရောက်ရှိ ကမ္ဘာ့အံ့ဖွယ်နေရာတစ်ခုဖြစ်သည့် တာ့ဂျ်မဟာဌ် ကြည့်ရှုလေ့လာ





အိန္ဒိယနိုင်ငံ အဂရာမြို့ရှိ တာ့ဂျ်မဟာသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နယူးဒေလီ ဩဂုတ် ၂၈**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ဂယာမြို့မှ အိန္ဒိယအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ အဂရာမြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား အဂရာမြို့၌ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ရှရီ ချန်ဒရာ ကန့်၊ ပြည်နယ်တရားသူကြီး မစ္စတာ ရှရီ ဂလိုဘယ် ဒိုင်ယာနှင့် ပြည်နယ်အဆင့်အကြီးအကဲများက အဂရာမြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ခေတ္တတည်းခိုနားနေမည့် Oberoi Amarvilas ဟိုတယ်သို့ ရောက်ရှိကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် Oberoi Amarvilas ရှိ စကျင်ကျောက်လက်မှုပန်းချီကျောက်ချပ်များနှင့် လူသုံးကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကြေးမုံ

# လူမှုဘဝလုံခြုံစိတ်ချမှုရှိရေး

မြန်မာနိုင်ငံအတွင်း မှုခင်းဖြစ်စဉ်များဖြစ်ပေါ်ခဲ့သည့်အနက် သက်ငယ်၊ သက်ကြီးအမျိုးသမီးများဘဝ လုံခြုံစိတ်ချရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ဦးဆောင်မှုဖြင့် မြို့နယ်အလိုက်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်အလိုက်ရဲတပ်ဖွဲ့များနှင့် မြို့နယ်အတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပေးနေသည်ကို မြင်တွေ့လာပါသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ထိရောက်သောရည်ရွယ်ချက်ကောင်းတစ်မျိုးဖြစ်ပြီး ကြိုတင်ကာကွယ်ရေးအတွက် ရှေးဦးလုပ်ဆောင်ချက်ဟု ဆိုရမည်ဖြစ်သည်။ အမျိုးသမီးများနှင့်ပတ်သက်သည့် မှုခင်းဖြစ်စဉ်များမှာ များသောအားဖြင့် အသိပညာဗဟုသုတအားနည်းခြင်းကြောင့် အများဆုံးဖြစ်ပွားခဲ့ခြင်းဖြစ်သည်ကို ပေါ်ပေါက်ခဲ့သော မှုခင်းဖြစ်စဉ်များက မီးမောင်းထိုးပြလျက်ရှိသည်။ မဖြစ်ခင်ကရှောင်ရှားနိုင်ရေးတွင် အသိပညာဗဟုသုတရှိရေးမှာ အရေးအကြီးဆုံးဖြစ်၍ ယခုကဲ့သို့အသိပညာပေးပွဲများကို အားပေးကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်က ရေဦးမြို့တွင် မုဒိမ်းမှု၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုဖြစ်စေနိုင်သော အသိပညာပေး ဟောပြောပွဲလုပ်ခဲ့ရာ သက်ကြီးသက်ငယ်အမျိုးသမီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်၍ အသိပညာများရယူခဲ့ကြပြီး ရေဦးမြို့နယ်မှတာဝန်ရှိသူတို့က မှုခင်းဖြစ်ပွားစေနိုင်သည့် အခြေခံအချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသွားခဲ့သည်မှာ အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် စိတ်ဝင်တစား မှတ်သားလိုက်နာသင့်သော အချက်များပင်ဖြစ်သည်။

အမျိုးသမီးများလိုက်နာသင့်သည့် ကျန်းမာရေးဆိုင်ရာအချက်များ၊ မိန်းကလေးများ တစ်ဦးတည်းနေထိုင်မှုကြောင့် စော်ကားခံရခြင်း၊ အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့် ဖြစ်ပွားရခြင်း၊ ညစ်ညမ်းဗီဒီယိုများကြည့်ရှုခြင်းကြောင့် ဖြစ်ပွားရခြင်း၊ သမီးရည်းစားများ ချိန်းဆိုတွေ့ရှိရာမှ ကျူးလွန်မှုများနှင့် ထိမ်းမြားမှုမပြုလုပ်သောကြောင့် ဖြစ်ပွားရခြင်း၊ သွေးဆောင်၍ သူစိမ်းယောကျ်ားလေးများနှင့်စေလွှတ်ပေးရာမှ ဖြစ်ပွားရခြင်း၊ အရွယ်မရောက်မီ ကလေးများအား ယောကျ်ားလေးများနှင့်ရင်းနှီးစွာနေထိုင်ရာမှ ဖြစ်ပွားရခြင်း၊ မယားပါသားသမီးများ၊ ဇနီးမှပါသော တူမ၊ ခယ်မများ၊ ပထွေး၊ ခဲအို၊ ဦးလေးများနှင့် ရင်းရင်းနှီးနှီးနေထိုင်ပြီး တစ်ဦးတည်းထားခဲ့ရာမှ ဖြစ်ပွားခြင်း၊ မိန်းကလေးများ တစ်ဦးတည်းအဖော်မဲ့စွာဖြင့် ဆိတ်ကွယ်ရာအရပ်သို့ သွားလာခြင်း၊ မိဘ အုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ သမီးမိန်းကလေးများအား လယ်တောသို့ တစ်ဦးတည်းစေလွှတ်ခြင်း၊ ပျော်ပွဲ ရွှင်ပွဲ ပွဲလမ်းသဘင်ပွဲများသို့ အဖော်မဲ့စွာသွားလာခြင်း၊ ဘိုးတော်တု၊ ဆရာတုများအား ယုံကြည်မှုလွန်ကဲခြင်း စသည့်အချက်များမှာ မှတ်သားလိုက်နာသင့်သောအချက်များဖြစ်သည်။

ထို့အပြင် လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းအချက်များဖြစ်သည့် နိုင်ငံရပ်ခြားသို့ တရားမဝင်အလုပ်သွားရောက်လုပ်ကိုင်ခြင်း၊ တရားမဝင်အလုပ်လုပ်ကိုင်ရာမှ ဘေးဒုက္ခအန္တရာယ်နှင့်ကြုံတွေ့ရခြင်း၊ ဖြတ်လမ်းနည်းဖြင့် ကြီးပွားချမ်းသာလိုခြင်း၊ ဆင်ခြင်တုံတရားနည်းပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း၊ အယုံလွယ်ခြင်း၊ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အုပ်ချုပ်မှုမပြည့်ဝခြင်း၊ မိသားစုအိမ်ထောင်ရေးအဆင်မပြေခြင်း၊ ကလေးသူငယ်များအား မေတ္တာအပြည့်ဖြင့် မျက်ခြည်မပြတ်စောင့်ရှောက်မှုအားနည်းခြင်း၊ လူပွဲစားများအပါအဝင် မည်သူ့ကိုမျှ မယုံကြည်မိစေခြင်း၊ မိမိမကျွမ်းကျင်သည့်ဒေသသို့ အလွယ်တကူမသွားရောက်စေခြင်း၊ စိတ်ချရသည့် တရားဝင်အလုပ်အကိုင်ရှာဖွေပေးသူနှင့်သာ လုပ်ကိုင်ခြင်း၊ မိမိ၏ ကလေးငယ်များအား အခြားသူများထံတွင် စိတ်ချယုံကြည်စွာ မအပ်နှံသင့်ခြင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်များအား ကား၊ ရထားများဖြင့် အစုလိုက် ခေါ်ဆောင်သွားမှုများကို တွေ့ရှိပါက အချိန်မီသတင်းပေးပို့ခြင်းတို့သည် ကျေးလက်နေပြည်သူများအတွက် သတိပြုမှတ်သားရမည့်အချက်များပင်ဖြစ်သည်။

ထို့ကြောင့် မှုခင်းကျဆင်းရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်များ သားကောင်များအဖြစ် ဘေးဒုက္ခ မကျရောက်စေရေးအတွက် အသိပညာပေးဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်လှုံ့ဆော်ပညာပေးပြီး သိရှိမှတ်သားလိုက်နာ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။ ။


## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအား တာချီလိတ်၌ ကြိုဆိုထောက်ခံ

**တာချီလိတ် ဩဂုတ် ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲကို တာချီလိတ်မြို့ မဖွံ့ဖြိုးမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ ဦးဆောင်၍ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်းတွင် ယနေ့နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ရွှေတာချီခရီးသွားလုပ်ငန်းမှ အငှားယာဉ်မောင်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက "(၂၁)ရာစုပင်လုံအား ကြိုဆိုပါသည်၊ (၂၁) ရာစုပင်လုံအား ထောက်ခံပါသည်၊ (၂၁)ရာစုပင်လုံ အောင်ရမည်" ဟူသော လက်ကိုင်ပိုစတာများ ကိုင်ဆောင်ပြီး ကြွေးကြော်သံများဖြင့် နံနက် ၈ နာရီအထိ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**




## တောင်ငူခရိုင်တွင် (၂၁) ရာစုပင်လုံညီလာခံအား ကြိုဆိုထောက်ခံ

**တောင်ငူ ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ယနေ့ နံနက် ၉ နာရီခွဲခန့်က တောင်ငူခရိုင် ခြောက်မြို့နယ်မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲအခမ်းအနားသို့ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်ကြီး၊ ဖြူး၊ ရေတာရှည်မြို့နယ်များမှ ကရင်တိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသား၊ ရခိုင်တိုင်းရင်းသားများ အပါအဝင် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ NGO အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့ခံပြည်သူများ၊ ကျောင်းသားလူငယ်များ ပါဝင်ထောက်ခံခဲ့ကြပြီး တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်း အမှတ်(၂)ကျောင်းမှ (၂၁)ရာစုပင်လုံညီလာခံ ထောက်ခံဟောပြောပွဲခန်းမသို့ လမ်းလျှောက်ချီတက် ထောက်ခံခဲ့ကြပြီး အင်အား ထောင်ကျော်ခန့် ပူးပေါင်းပါဝင်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအား ထောက်ခံကြောင်း ဗီနိုင်းပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် လမ်းလျှောက် ချီတက်ထောက်ခံခဲ့ကြသည်။

ထို့နောက် စုရပ်ဖြစ်သည့် ခပေါင်းခန်းမကြီးတွင် (၂၁) ရာစုပင်လုံညီလာခံအား ထောက်ခံကြိုဆိုဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## ရေတာရှည်မြို့နယ်၌ ကျေးရွာ ၁၅ ရွာအား မြစိမ်းရောင်ရန်ပုံငွေများပေးအပ်

**ရေတာရှည် ဩဂုတ် ၂၈**

မြစိမ်းရောင်စီမံကိန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရွေးချယ်ထားသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာအား ဩဂုတ် ၂၆ ရက်က ဆပ်ကော်မတီအလိုက် ရန်ပုံငွေကျပ် သိန်း ၄၅၀၀ အား အသီးသီးပေးအပ်ပွဲကို ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က အမှာစကားပြောကြားခဲ့ပြီး တောင်ငူခရိုင်ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်က ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် မြစိမ်းရောင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် ရင်းနှီးမတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်းကြောင့် လူမှုဘဝများမြင့်မားတိုးတက်လာနိုင်ပြီး ရရှိသည့်ရင်းနှီးမတည်ငွေဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း ဆွေးနွေး ပြောကြားခဲ့ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့်တာဝန်ရှိသူများက ကျေးရွာအလိုက်စီမံကိန်းရန်ပုံငွေများအား ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်တွင်းရေးရာ

☆ **နိုင်ငံတော်သမ္မတမှ**

ဆက်လက်၍ အဂရာမြို့ရှိ တာ့ဂျ်မဟာကို သွားရောက်လေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

အဆိုပါ တာ့ဂျ်မဟာကို အဂရာမြို့ ယမုံနာမြစ်ကမ်းတောင်ဘက်နံဘေး ၄၂ ဧကအကျယ်ရှိမြေနေရာတွင် စကျင်ကျောက်ဖြင့်တည်ဆောက်ထားပြီး ၁၆၂၈-၁၆၅၈ ခုနှစ်ထိ နှစ်ပေါင်း (၃၀)ကြာ တည်ဆောက်ခဲ့ရကြောင်း သိရသည်။

ဗိသုကာပညာရှင် Ustad Ahmad Lahauri ဦးဆောင်သည့် အဖွဲ့၏ ညွှန်ကြားမှုဖြင့် လက်မှုပညာရှင် အင်အား ၂၀၀၀၀ ခန့် ပါဝင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တာ့ဂျ်မဟာမှာ Shah Jahan ဘုရင်၏ မိဖုရား Mumatz Mahal ၏ ဂူဗိမာန်ဖြစ်ပြီး ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုက World Heritage Site အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ နှစ်စဉ် ခရီးသွား ရှစ်သန်းခန့်လာရောက်လျက်ရှိပြီး ကမ္ဘာ့အံ့ဖွယ် ခုနစ်နေရာအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အဂရာမြို့မှ အိန္ဒိယအထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီး မစ္စတာ Shri Jitendra Singh နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံးမှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ WHO တွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာဆရာဝန်များ၊ ပညာတော်သင်ကျောင်းသားများအား တွေ့ဆုံပြီး သံအမတ်ကြီး ဦးအောင်ခင်စိုးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ Oberoi Amarvilas ရှိ စကျင်ကျောက်လက်မှုပန်းချီကျောက်ချပ်များနှင့် လူသုံးကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား နယူးဒေလီမြို့ Palam လေတပ်စခန်း၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ကျင်းပရေး ပူးတွဲကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးပူးတွဲကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို လေးရက်ကျင်းပရန် လျာထားပြီး ညီလာခံဖွင့်ပွဲနေ့ နံနက်ပိုင်းတွင် အစိုးရအဖွဲ့၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တို့ တက်ရောက် အမှာစကားပြောကြားကြမည်ဖြစ်ကြောင်းနှင့် ညနေပိုင်းတွင် UPDJC ဆောင်ရွက်ချက် အစီရင်ခံစာ၊ JMC၏ အစီရင်ခံစာ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် ပတ်သက်သည့် အစီရင်ခံစာ၊ ငြိမ်းချမ်းရေးညီလာခံ ပြင်ဆင်ရေးကော်မတီ၏ အစီရင်ခံစာ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲနှင့်ပတ်သက်သည့် အစီရင်ခံစာများကို ညီလာခံသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံ ဒုတိယနေ့၊ တတိယနေ့နှင့် ပိတ်ပွဲနေ့နံနက်ပိုင်းတို့တွင် အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့် ပထမအဖွဲ့၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့် ဒုတိယအဖွဲ့နှင့် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများပါဝင်သည့် တတိယအဖွဲ့စသည့် အဖွဲ့သုံးဖွဲ့တို့မှ စုစုပေါင်း ၇၆ ဦး အမှာစကားပြောကြားကြမည်ဖြစ်ပြီး နောက်ဆုံးနေ့တွင် ညီလာခံကြီးမှ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

အစည်းအဝေးသို့ အစိုးရအဖွဲ့၊ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အာဟာရဖွံ့ဖြိုးရေး ဗီတာမင်အေဆေးများ တိုက်ကျွေး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အထက(၁) ရွှေပြည်ရတနာခန်းမတွင် ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးတို့ ဦးဆောင်၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်လှူပ်ရှားမှုအဖြစ် မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များကို အိုင်အိုဒင်းဆားနှင့် ဆေးဝါးများပေးအပ်ပြီး အသက် ငါးနှစ်အောက်ကလေးငယ်များကို ဗီတာမင်အေဆေးများ တိုက်ကျွေးခဲ့သည်။

ဆက်လက်၍ အမှတ်(၅) ရပ်ကွက်ရှိ မြိုင်သီလရှင်စာသင်တိုက်တွင် ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာများနှင့် ဝတ္ထုငွေကျပ် ၆၅၀၀၀၀ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းပွဲတွင် အလှူရှင် ကိုဇော်မိုးမိသားစုကလည်း ဆန် ၁၀ အိတ်၊ ဆီ ငါးပုံးကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ဟားခါး ဩဂုတ် ၂၈**

ချင်းပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီးတို့က မြေယာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက တိုင်ကြားမှုများအပေါ် စိစစ်ဆောင်ရွက်မှုအခြေအနေ၊ သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်မှု၊ လက်ခံရရှိမှုအခြေအနေ၊ လယ်ယာမြေအခြားနည်းအသုံးပြုနိုင်ရေး တင်ပြဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သိမ်းဆည်းခံလယ်ယာမြေများနှင့်ပတ်သက်၍ ပြည်သူများနစ်နာမှုမရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျမြန်ဆန်စွာ စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား ကော်မတီဝင်များအဖြစ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအုပ်စုအဆင့်ထိ ထည့်သွင်းတာဝန်ပေးအပ်ထားသည့်အတွက် ပြည်သူလူထုနှင့် နိုင်ငံတော်အစိုးရအကြား စနစ်တကျညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# မလေးရှားဝန်ကြီးချုပ် နာဂျစ်အား နုတ်ထွက်ပေးရန် ကျောင်းသားများဆန္ဒထုတ်ဖော်

**ကွာလာလမ်ပူ ဩဂုတ် ၂၈**
မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်ခ်သည် ပြည်သူ့ဘဏ္ဍာငွေများကို အလွဲသုံးစားပြုသည်ဟု စွပ်စွဲကာ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရန် ကျောင်းသားများက တောင်းဆိုပြီး မြို့တော် ကွာလာလမ်ပူ လမ်းမများပေါ်သို့ ဩဂုတ် ၂၇ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်နာဂျစ် ရာထူးစတင်ထမ်းရွက်စဉ်ကာလမှစပြီး ၎င်းတည်ထောင်ခဲ့သည့် အချုပ်အခြာအာဏာပိုင်ငွေစာရင်းဌာနတစ်ခုမှ ပြည်သူ့ဘဏ္ဍာငွေအများအပြားကို အလွဲသုံးစားပြုခဲ့သည်ဟု ကျောင်းသားများက စွပ်စွဲကြသည်။

အဆိုပါ ဆန္ဒထုတ်ဖော်မှုတွင် ကျောင်းသားများသာမက ပြည်သူများပါ ပါဝင်ခဲ့ပြီး လူပေါင်း ၂၀၀၀ ကျော် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ရဲအရာရှိများကဆိုသည်။ ဆန္ဒထုတ်ဖော်သူများက 'ဝန်ကြီးချုပ် နာဂျစ်နုတ်ထွက်ပါ' ဆိုသည့် စာတန်းပါ လက်ကိုင်ပိုစတာများကို ကိုင်ဆောင်လျက် မြို့တော် ကွာလာလမ်ပူ အနှံ့အပြားသို့ ချီတက်ခဲ့ကြသည်။




နိုင်ငံတော်ဘဏ္ဍာငွေများကို အလွဲသုံးစားပြုသည့်ကိစ္စကို ပြည်သူများအား အစိုးရအဖွဲ့က ပွင့်လင်းမြင်သာစေရန် ချပြသင့်ကြောင်း ဆန္ဒထုတ်ဖော်သူ ကျောင်းသားတစ်ဦးက ဆိုသည်။

မလေးရှားအစိုးရအဖွဲ့သည် ဝန်ကြီးချုပ်နာဂျစ်အားစွပ်စွဲမှုတွင် ဝန်ကြီးချုပ်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိကြောင်း ထင်မြင်ယူဆပြီး စုံစမ်းစစ်ဆေးမှုများကို ဆိုင်းငံ့ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ဇီကာဗိုင်းရပ်(စ်)ပိုးကို ရှာဖွေတွေ့ရှိပြီးနောက် အမေရိကန် မိုင်ယာမီမြို့၏ခရီးသွားလုပ်ငန်း ထိခိုက်

မိုင်ယာမီ ဩဂုတ် ၂၈

**အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့၌ ဇီကာဗိုင်းရပ်(စ်)ပိုးကို ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် ရက်သတ္တပတ်များအတွင်း ယင်းမြို့၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကျဆင်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ထုတ်ပြန်သော သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။**



ဩဂုတ်လ၏ ပထမ ရက်သတ္တသုံးပတ်တာကာလတွင် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက မိုင်ယာမီမြို့လယ် စီးပွားရေးလုပ်ငန်းများတည်ရာအရပ်များနှင့် အနီးဝန်းကျင်အရပ်များရှိ ဟိုတယ်များ၌ ကြိုတင်စာရင်းပေးကာ အခန်းငှားသည့် ခရီးသွားဧည့်သည် ဦးရေမှာ ကျဆင်းသွားခဲ့ရကြောင်း ဟိုတယ်လုပ်ငန်းဆိုင်ရာ သုတေသနကုမ္ပဏီဖြစ်သော အက်စ်တီအာရ်၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မိုင်ယာမီမြို့ရှိ ဝင်းဝုဒ်အနုပညာနယ်မြေတွင် ဇူလိုင် ၂၉ ရက်က ဇီကာဗိုင်းရပ်(စ်)ပိုး ကူးစက်ခံထားရသူများကို တွေ့ရှိခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင် ခြင်ကြောင့်ဖြစ်ပွားရသော ဇီကာဗိုင်းရပ်(စ်)ရောဂါပိုးကို ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိရခြင်းဖြစ်သည်။

မိုင်ယာမီမြို့ရှိ ဟိုတယ်များ၌ အခန်းငှားလိုသူ ခရီးသွားဧည့်သည်များက ကြိုတင်စာရင်းပေးမှု နည်းပါးသွားခြင်းသည် ဇီကာဗိုင်းရပ်(စ်)ကြောင့် ယင်းမြို့၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ထိခိုက်ရမှုကို ထင်ဟပ်နေသော လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြထားသည်။

ဇီကာဗိုင်းရပ်(စ်)သည် အများပြည်သူတို့၏ ကျန်းမာရေးကို အကြီးအကျယ် ခြိမ်းခြောက်နေရုံမျှမက ဒေသဆိုင်ရာစီးပွားရေးကိုလည်း ဆိုးရွားစွာ ခြိမ်းခြောက်နေကြောင်း ခရီးသွားလုပ်ငန်း သုတေသီ ဟင်နရီ ဟာဗဲလ်က ပြောကြားသည်။

**ရိုက်တာ။**

## ဘရာဇီးသမ္မတဟောင်းအား အဂတိလိုက်စားမှုဖြင့် အရေးယူနိုင်ရေး ပြည်ထောင်စုရဲတပ်ဖွဲ့ တိုက်တွန်း

**ဆော်ပေါ်လို ဩဂုတ် ၂၈**
ဘရာဇီးသမ္မတဟောင်း လူဝီအင်နာစီယိုလူးလာဒါ ဆေးလ်ဗားနှင့် ၎င်း၏ ဇနီးတို့အား အဂတိလိုက်စားမှုဆိုင်ရာစွဲချက်များဖြင့် အရေးယူနိုင်ရန် ပြည်ထောင်စုရဲတပ်ဖွဲ့က အစိုးရရှေ့နေများအား ဩဂုတ် ၂၇ ရက်တွင် တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံပိုင် ရေနံလုပ်ငန်းကုမ္ပဏီဖြစ်သော ပက်ထရိုလီယို ဘရာဇီလီရို အက်စ်အေ ကုမ္ပဏီ၏ ကန်ထရိုက်လုပ်ငန်းများချပေးရာတွင် နိုင်ငံရေးသမားများအား လာဘ်ငွေများ ပေးခဲ့ရသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးခဲ့သည်။

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့ အရှေ့တောင်ဘက် ၃၇ မိုင် (ကီလိုမီတာ ၆၀)အကွာရှိ ဂွာရူဂျာပင်လယ်ကမ်းရိုးတန်းအပန်းဖြေမြို့ရှိ တိုက်ခန်းတွဲနေအိမ်တစ်လုံးနှင့် ပတ်သက်နေသော အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များကိုလည်း သမ္မတဟောင်း လူးလာနှင့် ၎င်း၏ ဇနီးတို့ ရင်ဆိုင်နေကြရသည်။

လူးလာနှင့် ဇနီးတို့သည် အိုအေအက်စ် ဆောက်လုပ်ရေးကုမ္ပဏီထံမှ အကျိုးအမြတ်အားဖြင့် ရီယယ် ၂ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၇၄၇၈၉၆) လက်ခံရရှိခဲ့သည်ဟု ဘရာဇီးနိုင်ငံ တောင်ပိုင်း ကူရီတီဘာမြို့ရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂွာရူဂျာမြို့ရှိ တိုက်ခန်းတွဲ နေအိမ်ကို အိုအေအက်စ် ဆောက်လုပ်ရေးကုမ္ပဏီက ဝယ်ယူခဲ့ပြီး ပြန်လည်မွမ်းမံပြင်ဆင်ခဲ့ကြောင်း၊ ယင်းနေအိမ်ကို သမ္မတဟောင်း လူးလာနှင့် ၎င်း၏ မိသားစုတို့အတွက် လက်ဆောင်အဖြစ် အဆိုပါ ကုမ္ပဏီက ပေးအပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **ရိုက်တာ။**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းရှိ ခရိုင်တစ်ခုကို တာလီဘန်အဖွဲ့ တိုက်ခိုက်

**ကဘူး ဩဂုတ် ၂၈**
အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ခရိုင်တစ်ခုကို တာလီဘန်စစ်သွေးကြွများက သိမ်းပိုက်နိုင်ရန် တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့နှင့် ကြည်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်အရှေ့ပိုင်း ပက်တီယာပြည်နယ် ဂျာနီကယ်ခရိုင်ကို တာလီဘန်စစ်သွေးကြွများက အပြင်းအထန်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များမှာ ယင်းခရိုင်မှ ဆုတ်ခွာပေးခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အဗ္ဗဒူလ်ရာမန် ဆိုလာမားက ပြောကြားသည်။

ဂျာနီကယ်ခရိုင်မှာ မဟာဗျူဟာအရ အရေးပါသောနေရာတွင်တည်ရှိပြီး ယင်းခရိုင်နှင့် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံအကြား ဆက်သွယ်ထားသောလမ်းများ ရှိနေသည်။


တာလီဘန်စစ်သွေးကြွများသည် ဂျာနီကယ်ခရိုင်ကို ငါးရက်နီးပါးမျှ ပိတ်ဆို့ထားခဲ့ပြီး အပြင်းအထန်တိုက်ခိုက်ခဲ့ရာ ဒေသခံလုံခြုံရေးတပ်ဖွဲ့ဝင်များ ဆုတ်ခွာပေးခဲ့ရကြောင်း ရာမန်က ပြောကြားသည်။

**ရိုက်တာ။**



# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်




ကမ္ဘာ့နိုင်ငံအတော်များများဟာ နိုင်ငံထဲကို တရားမဝင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြတဲ့ ရွှေ့ပြောင်းလုပ်သား တွေရဲ့ပြဿနာကို ရင်ဆိုင်နေကြရပါတယ်။ ဒီနိုင်ငံ တွေထဲမှာ အမေရိကန်နိုင်ငံလည်း ပါဝင်ပါတယ်။ အမေရိကန်နိုင်ငံထဲ တရားမဝင် ဝင်ရောက်အလုပ်လုပ် ကိုင်နေကြတဲ့ မက္ကဆီကိုလူမျိုးက ၁၁ ဒသမ ၇ သန်း ရှိပါတယ်။ မက္ကဆီကိုနိုင်ငံရဲ့လူဦးရေဟာ သန်း ၁၂၀ ကျော်ရှိတာမို့လို့ အမေရိကန်နိုင်ငံထဲ ဝင်ရောက်အလုပ် လုပ်ကိုင်နေကြတဲ့ မက္ကဆီကိုလူမျိုးတွေဟာ မက္ကဆီကို နိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းနီးပါးရှိနေတာကို တွေ့ရ မှာပါ။ ရီပတ်ဘလီကန်ပါတီရဲ့သမ္မတလောင်း ဒေါ်နယ် ထရမ့်က ဒီမက္ကဆီကိုလူမျိုး ၁၁ ဒသမ ၇သန်းကို မက္ကဆီကို နိုင်ငံထဲ ပြန်ပို့မယ်လို့ ကြုံးဝါးနေတာပါ။ ဒေါ်နယ်ထရမ့် ကြုံးဝါးနေတာက လက်တွေ့မှာ ကိုင်တွယ်ဖြေရှင်းဖို့ မလွယ်တဲ့ကိစ္စပါ။

ဒေါ်နယ်ထရမ့်ပြောနေတဲ့ အမေရိကန်နိုင်ငံထဲ တရားမဝင်ဝင်ရောက်နေတဲ့ မက္ကဆီကိုလူမျိုးတွေ မက္ကဆီကို နိုင်ငံပြန်ပို့မယ့်အစီအစဉ်ရဲ့ အခြေခံကတော့ အမေရိကန် နိုင်ငံနဲ့ မက္ကဆီကိုနိုင်ငံကြားက နယ်စပ်မျဉ်းတစ်လျှောက် တံတိုင်းကြီးတွေ တည်ဆောက်မှာဖြစ်ပြီး ဒီတံတိုင်းကြီး တွေ တည်ဆောက်တဲ့စရိတ်ကို မက္ကဆီကိုနိုင်ငံက ပေးရ မှာပါ။ ဒီလောက်တစ်ဖက်စောင်းနင်းနိုင်တဲ့အစီအစဉ် ကို မက္ကဆီကိုနိုင်ငံက လက်မခံမှာက မေးကြည့်စရာမလို လောက်အောင် ရှင်းပြီးသားကိစ္စပါ။ ဒေါ်နယ်ထရမ့်ရဲ့ အကြံအစည်ကတော့ ရှင်းပါတယ်။ မက္ကဆီကိုနိုင်ငံကို အကျပ်ကိုင်မှာပါ။ အမေရိကန်နိုင်ငံထဲ တရားမဝင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မက္ကဆီကိုလူမျိုးတွေ ကနေ မက္ကဆီကိုနိုင်ငံထဲပြန်ပို့တဲ့ ငွေကြေးအားလုံးကို တရားဝင်သိမ်းယူမှာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ တွက်ချက် ခန့်မှန်းမှုအရ ၂၀၁၄ ခုနှစ်မှာ အမေရိကန်နိုင်ငံကနေ မက္ကဆီကိုနိုင်ငံထဲ ဒီလိုလွှဲပြောင်းပေးခဲ့တဲ့ ငွေပမာဏဟာ ဒေါ်လာ ၂၅ ဘီလီယံနီးပါးရှိနေခဲ့တာပါ။ ဒါပေမယ့် တကယ့်လက်တွေ့ပြဿနာက ဒီဒေါ်လာ ၂၅ ဘီလီယံထဲ မှာ အမေရိကန်နိုင်ငံထဲ တရားဝင်လာရောက်လုပ်ကိုင် နေကြတဲ့ မက္ကဆီကိုလူမျိုးတွေရဲ့ လွှဲပြောင်းပေးပို့ငွေနဲ့ အမေရိကန်နိုင်ငံထဲ တရားမဝင် လာရောက်လုပ်ကိုင် နေကြတဲ့ မက္ကဆီကိုလူမျိုးတွေရဲ့ လွှဲပြောင်းပေးပို့ငွေတွေကို ဘယ်လိုခွဲခြားမှာလဲဆိုတာက လက်တွေ့မှာ ကိုင်တွယ်ဖို့ မလွယ်ကူတဲ့ပြဿနာပါ။ ဒေါ်နယ်ထရမ့်ရဲ့အစီအစဉ်မှာ လည်း ဒီအချက်နဲ့ပတ်သက်ပြီး ဘာမှရှည်ရှည်ဝေးဝေးပြောဆို ထားတာမရှိပါဘူး။ လက်တွေ့ဆောင်ရွက်မယ်ဆိုရင် စုံစမ်းစစ်ဆေးရေးမှုတွေနဲ့ စာရင်းစစ်တွေကို တပ်ဖွဲ့ လိုက်ဖွဲ့စည်းရမယ့် ကိန်းမျိုးဖြစ်နေပါတယ်။ ဒီထက် ပိုလေးနက်တဲ့ပြဿနာက မက္ကဆီကိုနိုင်ငံဟာ အမေရိကန် နိုင်ငံရဲ့ ဒုတိယမြောက်အကြီးမားဆုံး ပြည်ပပို့ကုန်တင်ပို့ ရာနိုင်ငံပါ။ မက္ကဆီကိုနိုင်ငံဟာ အမေရိကန်လုပ် ကုန်ပစ္စည်းတွေကို တစ်နှစ်ဒေါ်လာ ၂၄၀ ဘီလီယံလောက် ဝယ်ယူတင်သွင်းနေတာပါ။ နောက်တစ်ချက်က မက္ကဆီကိုနိုင်ငံဟာ အမေရိကန်စက်မှုကုန်ထုတ်လုပ်ငန်း ကြီးတွေရဲ့ အဓိကအခြေစိုက်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သလို လုပ်သားအင်အားစုစည်းပေးရာ ဗဟိုအချက်အချာ နေရာလည်းဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် အမေရိကန်လုပ်ငန်းရှင်တွေဟာ အမေရိကန်နိုင်ငံထဲ တရားမဝင်ဝင်ရောက်လုပ်ကိုင်နေကြတဲ့ မက္ကဆီကိုလူမျိုး တွေကိုအားပြုပြီး သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်နေကြရတာပါ။

ဒေါ်နယ်ထရမ့်ရဲ့ အစီအစဉ်ကို သုံးသပ်လိုက်ရင် မလွဲမသွေပါရမှာက လူဝင်မှုကြီးကြပ်ရေးအရာရှိတွေနဲ့ အကောက်ခွန်အရာရှိတွေ တိုးမြှင့်ခန့်ထားတာဖြစ်သလို လက်တွေ့မှာလည်း ပါဝင်ပါတယ်။ နောက်ပါဝင်တဲ့အချက် တွေက လုပ်ငန်းရှင်တွေက ကြီးကြပ်ဆောင်ရွက်ပေးရမယ့် အင်တာနက်အခြေခံစိစစ်အတည်ပြုရေးစနစ်၊ (an employer- based e- verity program)နဲ့ နိုင်ငံခြားသား ရာဇဝတ်သားတွေကို ပြည်နှင်ဒဏ်ပေးတာတွေပါ။ ပြောရရင် ဒီအချက်တွေကတော့ ပြောရိုးပြောစဉ်ကိစ္စတွေလို့ပဲ ပြောရ မှာပါ။ သမ္မတအိုဘားမားကလည်း လူဝင်မှုကြီးကြပ်ရေး မူဝါဒတွေအပေါ်အခြေခံပြီး နိုင်ငံခြားသား ရာဇဝတ်သား တွေ ပြည်နှင်ဒဏ်ပေးရမယ့် ဦးစားပေးအစီအစဉ်ရေးဆွဲဖို့ ပြောခဲ့ဖူးသလို လုပ်ငန်းရှင်တွေက တာဝန်ယူရတဲ့တရားဝင် လုပ်သား ဟုတ်၊ မဟုတ် စိစစ်အတည်ပြုရေးစနစ်တွေ တိုးချဲ့ရမယ်၊ သက်ဆိုင်ရာအရာရှိတွေ တိုးချဲ့ခန့်ထားရမယ် စတာစတာတွေကိုလည်း ပြောခဲ့ဖူးပါတယ်။ အခုထုတ်ပြန် လိုက်တဲ့ ဒေါ်နယ်ထရမ့်ရဲ့ အစီအစဉ်တွေထဲမှာ အမေရိကန်နိုင်ငံထဲမှာ လက်ရှိ တရားမဝင်နေထိုင်လုပ်ကိုင် နေကြတဲ့ မက္ကဆီကိုလူမျိုး ၁၁ ဒသမ ၇ သန်းနဲ့ပတ်သက် ပြီး ဘယ်လိုလုပ်မယ်ဆိုတာ မပါပါဘူး။ ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံမှာ တရားမဝင်နေထိုင်လုပ်ကိုင်ကြတဲ့ ပြည်ပလုပ်သားတွေကို တစ်ဦးချင်းလက်ခံသင့်၊ မခံသင့် စစ်ဆေးပြီးမှ ပြည်နှင်ဒဏ်ပေးသင့်၊ မပေးသင့်ဆုံးဖြတ်ရ မယ်လို့ အရင်တုန်းက ပြောခဲ့ဖူးတာရှိပါတယ်။ ဒါပေမယ့် ဒီနှစ်အစောပိုင်းမှာ ဒေါ်နယ်ထရမ့်က သမ္မတအိုဘားမားကို ဝေဖန်ခဲ့တာ ရှိပါတယ်။ အမေရိကန်နိုင်ငံထဲကလေးငယ် ဘဝက (ဒါမှမဟုတ်) မိသားစုဝင်တွေအဖြစ် တရားမဝင် ဝင်ရောက်ခဲ့ပြီး လက်ရှိမှာလည်း တရားမဝင်အလုပ်လုပ်ကိုင် နေတဲ့ ပြည်ပလုပ်သားတွေကို ပြည်နှင်ဒဏ်မပေးရဆိုတဲ့ သမ္မတအိုဘားမားရဲ့ အမိန့်ညွှန်ကြားချက်ဟာ တရား ဥပဒေကို ချိုးဖောက်တာပဲဆိုတဲ့စွပ်စွဲချက်မျိုးကို ဒေါ်နယ် ထရမ့်က ပြုလုပ်ခဲ့တာပါ။ ကွန်ဆာဗေးတစ်နိုင်ငံရေး လှုပ်ရှားမှုများ ကွန်ဖရင့် (Conservative Political Action Conference-CPAC)မှာ ဒေါ်နယ်ထရမ့်က "ခင်ဗျားတို့အနေနဲ့ ရဲရင့်ပြတ်သားတဲ့လက်တွေ့လုပ်ငန်း စဉ်တွေကို ထိထိရောက်ရောက်လုပ် (ဒါမှမဟုတ်ရင်တော့) အရင့်အရင်ကထက် ပိုများတဲ့နိုင်ငံခြားသားတွေ တိုင်းပြည် ထဲ ခိုးဝင်လာကြမှာပဲ"လို့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။

ဒေါ်နယ်ထရမ့်ရဲ့ အစီအစဉ်တွေထဲမှာ တရားမဝင် ခိုးဝင်လာတဲ့ ပြည်ပလုပ်သားမိသားစုတွေရဲ့ အမေရိကန် နိုင်ငံမှာ မွေးဖွားတဲ့ကလေးတွေကို အလိုအလျောက်နိုင်ငံ သားဖြစ်ပိုင်ခွင့် ရုပ်သိမ်းဖို့ (အခုလက်ရှိမှာ ဒီလိုအလို အလျောက်ဖြစ်ပိုင်ခွင့်ရှိနေပါတယ်) ပါဝင်သလို လုပ်ငန်း လိုအပ်ချက်ပေါ်မူတည်ပြီး အလုပ်ရှင်တွေက နိုင်ငံခြား သားလုပ်သားဝန်ထမ်းတွေကို ခန့်အပ်ရာမှာ အသုံးပြုရတဲ့ ဗီဇာစနစ် (H 1 B visa) ကို ပြောင်းလဲပြီး အမေရိကန် နည်းပညာကုမ္ပဏီတွေအနေနဲ့ အမေရိကန်နိုင်ငံသားတွေ ကိုပဲ ဦးစားပေးခန့်အပ်လာအောင် စွဲဆောင်မယ့် မက်လုံးစနစ်တွေလည်း ပါပါတယ်။ အမေရိကန်နိုင်ငံထဲ မွေးဖွားတဲ့ဘယ်သူကိုမဆို နိုင်ငံသားပေးရမယ်ဆိုတာက အမေရိကန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက် ဖြစ်လို့ ဒီလိုရုပ်သိမ်းဖို့ဆိုရင် အမေရိကန်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းဖို့လိုပါတယ်။ အမေရိကန် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြင်ဆင်ဖို့မလွယ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ဆိုရင် အမေရိကန်အောက်လွှတ်တော်နဲ့ အထက် လွှတ်တော်နှစ်ရပ်ပေါင်းရဲ့ သုံးပုံနှစ်ပုံက ထောက်ခံဖို့ လိုသလို အနည်းဆုံးပြည်နယ် ၃၈ ခုကလည်း သဘောတူ ထောက်ခံဖို့လိုပါတယ်။ အထူးဗီဇာစနစ် (H 1 B)ပြုပြင် ပြောင်းလဲရာမှာ ဒေါ်နယ်ထရမ့်က ပြည်ပကျွမ်းကျင်ဝန်ထမ်း တွေရဲ့လစာကို မြှင့်တင်သတ်မှတ်ပေးလိုက်ရင် အမေရိကန် ကုမ္ပဏီတွေအနေနဲ့ ကုန်ကျစရိတ်လျှော့ချဖို့ အမေရိကန် နိုင်ငံသားကျွမ်းကျင်ဝန်ထမ်းတွေကိုပဲ ရွေးချယ်ခန့်အပ်ဖို့ ဦးတည်ရည်ရွယ်ထားတာပါ။ သုံးသပ်ဝေဖန်သူတွေက တော့ အထူးဗီဇာစနစ် (H 1 B) ကို ဒီလိုပြောင်းလဲလိုက်ရင် ဒီအထူးဗီဇာ (H 1 B) ထုတ်ပေးရေးလုပ်ငန်းစဉ်များ နဂိုကတည်းက တန်ခိုးထွားနေတဲ့ ရှေ့နေတွေနဲ့ ဗျူရို ကရက်တွေကို ပိုမိုစွက်ဖက်ပိုင်ခွင့်ရှိလာအောင် လုပ်လိုက်သလိုဖြစ်မယ်လို့ ယူဆကြပါတယ်။ လက်ရှိ အခြေအနေတွေအပေါ် အခြေခံသုံးသပ်ကြည့်ရင် ၂၀၁၃ ခုနှစ် ဆီးနိတ်(အထက်လွှတ်တော်)လူဝင်မှုကြီးကြပ်ရေး ပြုပြင်ပြောင်းလဲမှုဥပဒေကိုသာ အတည်ပြုပြဋ္ဌာန်းခဲ့ရင် ဒီဥပဒေအရ တချို့တရားမဝင်ပြည်ပလုပ်သားတွေကို အမေရိကန်ကုမ္ပဏီတွေက အလုပ်ခန့်ခွင့်ရရှိသွားမှာပါ။ အမေရိကန်ကွန်ဂရက်ဘတ်ဂျက်ရုံးရဲ့ ခန့်မှန်းတွက်ချက်မှု အရ ဒီလိုသာခန့်အပ်ခွင့်ရမယ်ဆိုရင် ၂၀၂၃ ခုနှစ်မှာ အမေရိကန်နိုင်ငံရဲ့ တိုင်းပြည်ထုတ်ကုန်စုစုပေါင်းတန်ဖိုး (GDP) တိုးတက်နှုန်းက ၃ ဒသမ ၃ ရာခိုင်နှုန်းရှိလာမှာ ဖြစ်ပြီး ၂၀၃၃ ခုနှစ်မှာ ၅ ဒသမ ၄ ရာခိုင်နှုန်းရှိလာမှာပါ။ ဒီခန့်မှန်းတွက်ချက်မှုအပေါ်အခြေခံပြီး ပြောရရင် ဒေါ်နယ်ထရမ့်ရဲ့ အစီအစဉ်ကြောင့် ဒီလိုခန့်မှန်းတွက် ချက်ထားတဲ့ စီးပွားရေးတိုးတက်မှုတွေကို လက်တွေ့ ဆုပ်ကိုင်နိုင်တော့မှာ မဟုတ်ပါဘူး။

Progressive Economic Policy Institute ဆိုတဲ့ မူဝါဒရေးရာအကြံပေးအဖွဲ့ကတော့ တရားမဝင် ရွှေ့ပြောင်းပြည်ပလုပ်သားတွေကြောင့် အမေရိကန် အစိုးရရဲ့ ဘတ်ဂျက်လိုငွေပြမှုလျော့နည်းသွားသလို လူမှုဖူလုံရေးရန်ပုံငွေထဲကို ဒေါ်လာဘီလီယံနဲ့ချီပြီး ဒီရွှေ့ပြောင်းပြည်ပလုပ်သားတွေက ထည့်ဝင်ပါတယ်။ ပြောရရင် တရားမဝင်ရွှေ့ပြောင်းပြည်ပလုပ်သားတွေ မိခင်နိုင်ငံကို ပြန်ထုတ်ယူတဲ့ငွေထက် လူမှုဖူလုံရေး ရန်ပုံငွေထဲကိုထည့်ဝင်ငွေက ပိုများတယ်လို့ ဆိုပါတယ်။ တရားမဝင် ရွှေ့ပြောင်းပြည်ပလုပ်သားတွေကြောင့် လုပ်ခလစာအပေါ် အကျိုးသက်ရောက်မှုကလည်း မဆိုစလောက်ပဲရှိတယ်လို့ ဒီမူဝါဒအကြံပေးအဖွဲ့က ထောက်ပြပါတယ်။ ဒီအကြံပေးအဖွဲ့ရဲ့အဆိုအရ တရား မဝင်ရွှေ့ပြောင်းလုပ်သားတွေကို ပြည်နှင်ဒဏ်ပေးမယ် ဆိုရင် ငါးနှစ်အတွင်း ဒေါ်လာ ၂၈၅ ဘီလီယံကုန်မှာဖြစ်ပါ တယ်။ လက်တွေ့ကျကျပြောရရင် အမေရိကန်နိုင်ငံနဲ့ မက္ကဆီကိုနိုင်ငံတို့ကြားက နယ်စပ်မျဉ်းတစ်လျှောက် တံတိုင်းတွေကာမယ်ဆိုရင် မိုင် ၂၀၀၀ နီးပါးရှိတာမို့ ဆောင်ရွက်ဖို့မလွယ်ပါဘူး။ တရားမဝင်ရွှေ့ပြောင်းပြည်ပ လုပ်သားတွေနဲ့ပတ်သက်ပြီး ဒေါ်နယ်ထရမ့်ပြောနေတာ ကို ကြည့်လိုက်ရင် လူထုအကြိုက်ဆွယ်လုံးတွေနဲ့ နိုင်ငံရေးစည်းရုံးမဲဆွယ်တာက တိုင်းပြည်ကို အန္တရာယ် ချောက်ထဲတွန်းပို့သလို ဖြစ်သွားနိုင်တယ်ဆိုတာ သတိပြု မိကြမှာပါ။ ။





ပေါင်းစည်းမှု၏ခွန်အား

- ပင်လုံဖြင့် လွတ်လပ်ရေးရခဲ့သည်။
- ၂၁ ရာစုပင်လုံဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ

## မင်းလှ လှသွင်

"နောက်ကြောင်းသမိုင်းကို ပြန်ကြည့်ပါသော် နှစ်ပေါင်း (၁၀၀)ကျော် နယ်ချဲ့အောက် ပြားပြားမှောက်ရောက်နေစဉ်ကာလ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ လန်ဒန်မြို့တွင် ချုပ်ဆိုသော "အောင်ဆန်း-အက်တလီ" စာချုပ်ပါအပိုဒ်(၃)(ဂ)၌ "တောင်တန်းဒေသနေ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များကိုယ်တိုင်က မြန်မာပြည်(မ)နှင့်အတူ "အေးအတူ-ပူအမျှ" လွတ်လပ်ရေးကို တစ်ပြိုင်နက်ရယူလိုပါသည်" ဟု အခိုင်အမာစာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုရမည်ဟူ၍ ဗြိတိသျှအစိုးရ၏စိန်ခေါ်ချက်ကို ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဝံ့စွာဖြင့် (၁၂-၂-၄၇)နေ့ ပင်လုံညီလာခံတွင် စည်းလုံးညီညွတ်ရေးစာချုပ်ကြီးကို (၂၂)ဦးခေါင်းဆောင်တို့ အောင်မြင်စွာ လက်မှတ်များရေးထိုးလိုက်ကြပေသည်။

ထိုသို့အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားသော မိန့်ခွန်းမှာကြားချက်ဖြစ်သည့်-

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအင်အား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိကြမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်ကြမှလည်း အကျိုးရှိကြောင်းသိနိုင်မယ်" ဟူသည့် မိန့်ခွန်းက သမိုင်းဝင်ခဲ့သည်။

ဤသို့ ညီညွတ်ကြရေးကို မြန်မာပြည်လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်းကောင်း၊ ယူနီယံ(ခေါ်) ပြည်ထောင်စုပုံစံဖြင့် လွတ်မြောက်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်ကို ၁၉၄၈ ခုနှစ် ကုလသမဂ္ဂဌာနချုပ်ရှိ ကမ္ဘာ့မြေပုံကြီးတွင် အထင်အရှားရေးခြယ်တည်ဆောက်ခဲ့ရာတွင်လည်းကောင်း အထူးအရေးပါကြသောနေရာသို့ အခိုင်အမာရောက်ရှိနေသည့် ဝေါဟာရစကားလုံးတစ်ခုမှာ "ပင်လုံ"ပင် ဖြစ်သည်။

ပင်လုံဟူသည်ကား ရှမ်းပြည်နယ်တောင်ပိုင်း တောင်ပေါ်မြို့လေး၏ အမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပင်လုံဟူသည့် မြို့အမည်ကို မကြားဖူးခဲ့ကြပါ။ တောင်ကြီး၊ ညောင်ရွှေ၊ ရွှေညောင်၊ ပင်းတယ၊ ဟိုပုံး၊ နမ့်ဆန်တို့လို ထင်ရှားနေသည့် မြို့မဟုတ်သောကြောင့် မထင်ပေါ်ခဲ့ပါ။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဦးစီးပြီး ညီလာခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးနွယ်စု ကိုယ်စားလှယ်တော်များအပါအဝင် ခေါင်းဆောင် ၂၂ ဦးတို့ ထိုနေ့နံနက် ၁၀ နာရီတိတိတွင် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးစာချုပ်ကြီးကို တစ်ခဲနက် တညီတညွတ်တည်း လက်မှတ်ရေးထိုးလိုက်ကြသောကြောင့် ထိုနေ့ ထိုအချိန်မှစ၍ ပင်လုံဟူ၍ မူလက အညတရ တောင်ပေါ်မြို့လေး၏ အမည်သည် နိုင်ငံကျော်၊ ကမ္ဘာကျော် ထင်ပေါ်စွာ ဖြစ်ပေါ်လာပေသည်။

ပြည်နယ်၊ ပြည်မ နေရာဒေသအစရှိသည့် မျိုးနွယ်တို့ကို စိတ်ဆန္ဒစွဲမပြုကြဘဲ ငါတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား မျိုးနွယ်များသာ ဖြစ်ကြသည်ဟု စိတ်ရင်းပြုကာ ငါတို့နေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တိုးတက်မှုများကိုသာ ဦးတည်ကြစေလိုပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလက ပင်လုံညီလာခံသည် ဒုတိယမြောက် ပင်လုံညီလာခံဖြစ်ပါ၏။ ၁၉၄၆ ခုနှစ်က ကျင်းပခဲ့သော ပင်လုံညီလာခံ ရှိပါသေးသည်။ သို့သော် ယင်းပထမညီလာခံ မထင်ပေါ်ခဲ့ပါ။

၁၉၄၆ ခုနှစ် ပင်လုံအစည်းအဝေးမှာ ကွန်ဖရင့် (သို့မဟုတ်) ညီလာခံဟု အတိအကျမဆိုနိုင်ပါ။ နှီးနှောဖလှယ်ပွဲ(SEMINAR) သဘောသာ ဖြစ်ပါသည်။

နောက်ဆုံးဗြိတိသျှအစိုးရသည် ဖော်ပြပါ ၂၂ ဦး ခိုင်မာစွာ လုံးဝလွတ်လပ်ရေးရယူလိုကြောင်း လက်မှတ်ရေးထိုးပြီး တောင်းဆိုလိုက်ခြင်းကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နေ့ကြီးဖြစ်လာပေသည်။

ဆောင်းအကုန် နွေအကူး ကြည်နူးစရာဥတုမာသ အခါသမယဖြစ်သည်။ ကမ္ဘောဇတိုင်း လဲခြားမြို့နယ် ပင်လုံမြို့လေး၏ နံနက်ခင်းမှာ အထူးပင် သာယာ ရှုမောဖွယ်ကောင်းပါသည်။

"နှင်းငွေ့ကျန် လေပြန်လောင်းလို့ ညာညောင်းကြွေလု စုံတစ်ခွင်" ဟူသော မြဝတီမင်းကြီး၏ လက်ရာ ရဝိန်ဒေါင်းယဉ်ပျံပတ်ပျိုးသီချင်းမှ အပိုဒ်ကလေးကို အထူးသတိရဖွယ်ကောင်းလှသော အခါကာလသမယဖြစ်ပေသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံသို့ အထူးတင်ပြလိုသည်မှာ ငြိမ်းချမ်းရေးသည် ညီညွတ်ရေးကို ဆိုလိုပါသည်။ (၂၁)ရာစုပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အေးအတူ၊ ပူအမျှ၊ ဥမကွဲသိုက်မပျက် တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ ပြည်နယ် ပြည်မ မခြား ညီညွတ်စွာ စိတ်ဆန္ဒအဓိကပြုပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ပေါ်ထွန်းလာခြင်းကို အခြေပြုကာ တိုးတက်သည်ထက် တိုးတက်ဖြစ်ပေါ်လာအောင် အဘက်ဘက် ရှုထောင့်အသီးသီးတို့က တညီတညွတ်တည်း ပြုလုပ်ကြရန် ဆန္ဒပြုကြစေလိုပါသည်။

သို့မှသာ လွတ်လပ်ရေးရရှိအောင် ယူပေးခဲ့သည့် လွတ်လပ်ရေးဖခင်ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမှာကြားသွားခဲ့သည့် ဖော်ပြပါမိန့်ခွန်းပါအတိုင်း မျိုးဆက်သစ်အဆက်ဆက်တို့က ဦးလည်မသုန် နိုင်ငံ၏ တိုးတက်မှုများကို ဆက်ကာဆက်ကာ ဆောင်ရွက်ပေးကြစေလိုပါသည်။

ပြည်နယ်၊ ပြည်မ နေရာဒေသအစရှိသည့် မျိုးနွယ်တို့ကို စိတ်ဆန္ဒစွဲမပြုကြဘဲ ငါတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်များသာ ဖြစ်ကြသည်ဟု စိတ်ရင်းပြုကာ ငါတို့နေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တိုးတက်မှုများကိုသာ ဦးတည်ကြစေလိုပါသည်။ အထူးတိုက်တွန်းပါသည်။

သို့ဖြစ်ပါသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပရာတွင် တညီတညွတ်တည်း ငြိမ်းချမ်းရေးစိတ်ဓာတ်များကို အဓိကထားကြပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံတွင် မှာကြားသွားခဲ့သော သမိုင်းဝင်မှာတမ်းများအတိုင်း တိုင်းပြည်တိုးတက်မှ လူမျိုးတိုးတက်မည်။ လူမျိုးတိုးတက်မှ သာယာဝပြောသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း ဦးညွတ်စွာ ညီညွတ်ကြစေလိုကြောင်း အကြံပြု တိုက်တွန်းလိုက်ရပါသတည်း။ ။

# "၂၁ ရာစုပင်လုံ (သို့မဟုတ်) အနာဂတ်ငြိမ်းချမ်းရေး"

* မောင်တို့ကြားကြကုန်လော့ . . .
မယ်တို့ကြားကြကုန်လော့ . . .
တို့များနေရာ ပြည်မြန်မာသည်
သဒ္ဓါအလှူပေးကမ်းသူတို့
ကြည်ဖြူပေါ်များကြကုန်၏။
တို့များနေရာ ပြည်မြန်မာသည်
မေတ္တာ၊စေတနာ လွှမ်းခြုံကာလျှင် . . .
လိမ္မာ ယဉ်ကျေးကြကုန်၏။
တို့များပြည်သူ မည်သူမဆို
ရန်လိုဒေါသ ကင်းကြ၏။
တို့များမိဘ ချစ်စရှည်လို
မုန်းစတိုစေ ရန်ကိုရန်ချင်း
မတုံ့နှင်းတတ် သည်းခံကြ၏။

* မောင်တို့ကြည်ဖြူကြကုန်လော့ . . .
မယ်တို့ကြည်ဖြူကြကုန်လော့ . . .
တို့ပြည်သူတွေ . . .
မတူကွဲပြား ဘာသာခြားလည်း . . .
စိတ်ထားခိုင်ကျည် ပေါင်းစုညီ၏။
တို့ပြည်သူတွေ . . .
မတူကွဲပြား လူမျိုးများလည်း
ခွန်အားစည်းလုံး ဉာဏ်စုရုံး၏။
တို့ပြည်သူတွေ . . .
မတူကွဲပြား ရေမြေခြားလည်း . . .
ကျောသားရင်သား စည်းမတားခဲ့
နှောင်ဖွဲ့ချစ်ထုံး မြဲကြ၏။

* သြော် . . .
မောင်တို့ကြိုးစား ကြကုန်လော့ . . .
မယ်တို့ကြိုးစား ကြကုန်လော့ . . .
ပြည်မတောင်တန်း စိတ်ဝမ်းမကွဲ
လက်ချင်းတွဲယှက် ထမ်းဆောင်ရွက်၍
ပြည်တွက်ကောင်းကျိုး ဝိုင်းသယ်ပိုးရင်း
အဆိုးမှန်က ပြုပြင်ကြလော့ . . .
အဟောင်းမှန်က ပြောင်းလဲကြလော့ . . .
မြန်မာ့အရေး တို့အရေးတည့်၊
နွေးထွေးလက်ကမ်း ပြည်ငြိမ်းချမ်းအောင်
တစ်ဝမ်းတစ်စိတ် ညီစေသတည်း။ ။

မျိုးမြင့်မောင်(မောရဝတီ)

# နှလုံးသားမြို့တော် ပြန်လည်ရှင်သန်ရေး

## အညတြ

ပြီးခဲ့တဲ့ ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် မြန်မာတို့ရဲ့နှလုံးသားမြို့တော်လို့ ခေါ်တွင်လောက်တဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ ရှိတဲ့ စေတီပုထိုးမြောက်မြားစွာဟာ ပြိုကျပျက်စီးခဲ့ပါတယ်။ ဖြစ်ဖြစ်ချင်း အပျက်အစီးဘုရားစာရင်းက ၁၈၇ ဆူလို့ ကနဦးသိလိုက်ရပြီး နောက်ထပ်ထုတ်ပြန်လိုက်တဲ့စာရင်းအရ ပြိုကျပျက်စီးဘုရားစေတီ ၃၉၆ ဆူရှိတယ်လို့သိလိုက်ရတော့ ကျွန်တော့်လိုပဲ ပြည်သူအားလုံး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြမှာသေချာပါတယ်။ ပြိုကျခဲ့တဲ့ စေတီဘုရားတွေဟာ ထင်ရှားကျော်ကြားတဲ့ ရှေးဟောင်းစေတီဘုရားတွေဖြစ်ပြန်တော့ ပိုလို့ပင်ဝမ်းနည်းမိပါတယ်။

တကယ်တော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာ အေဒီ ၉ ရာစုမှစလို့ မင်းအဆက်ဆက် စေတီဘုရားတွေတည်ခဲ့တာမှာ အနော်ရထာ၊ စောလူး၊ ကျန်စစ်သားနဲ့ အလောင်းစည်သူမင်းကြီးတွေသာမက အမတ်စစ်သူကြီးတွေပါ တည်ထားကိုးကွယ်ခဲ့ကြပါတယ်။ ယခုအချိန်အထိ နှစ်ပေါင်းတစ်ထောင်ကျော် တည်ရှိနေတဲ့ စေတီဘုရားကျောင်းကန်အရေအတွက်ဟာ စေတီဘုရားပေါင်း ၁၇၄၅ ဆူ၊ အုတ်ကျောင်းပေါင်း ၄၃၁ ဆူ၊ ဥမင်၊ သိမ် ကျောင်းအဆောက်အအုံပေါင်း ၅၄ ခု၊ တူးဖော်မှုပြုလုပ်ရန်ကျန်တဲ့ စေတီဘုရားက ၈၉၂ ဆူ ပေါင်းလိုက်ရင် ပုဂံမှာ စေတီပုထိုးသိမ်ကျောင်းပေါင်း ၃၁၂၂ ဆူရှိလေတော့ မပျက်စီးဘဲ ကျန်နေသေးတဲ့ စေတီဘုရားတွေ မနည်းပါလားဆိုပြီး ဖြေသိမ့်မိပါတယ်။ စေတီဘုရားတွေအများကြီးထဲမှာ စူဠာမဏိ၊ ထီးလိုမင်းလို၊ လောကနန္ဒာ၊ အာနန္ဒာနဲ့ ဓမ္မရံကြီးလိုထင်ရှားတဲ့ ဘုရားတွေရဲ့ ဖောင်းရစ်၊ ငှက်ပျောဖူး၊ ကွမ်းတောင်၊ ထိပ်ပိုင်း၊ စိန်ဖူးတော်နဲ့ မုခ်ဦးတွေလောက် ပျက်စီးခဲ့လို့ စိတ်သက်သာရာ ရလောက်မယ်ထင်ပါတယ်။

သဘာဝဘေးဒဏ်ဆိုတာ လောကဓမ္မတာမို့လို့ မဖြစ်မနေကြုံတွေ့ရမှာပါ။ ပုဂံနဲ့ငလျင်ဆိုတာကလည်း ရှေးအစဉ်အဆက် ကြုံတွေ့ခဲ့ဖူးတာမို့ ပုဂံက ငလျင်ကို အံတုနိုင်လို့ ယနေ့ထက်တိုင် စေတီဘုရား သုံးထောင်ကျော် တည်တံ့နေတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းဗိသုကာပညာရဲ့ ထူးခြားချက်လို့ ဆိုရမှာပါ။ သဘာဝဘေးမှတ်တမ်းကျန်ခဲ့သမျှ ၁၂ ရာစုကုန်ခါနီး နရပတိစည်သူမင်းလက်ထက်မှာ ငလျင်လှုပ်ခဲ့တာ မှတ်တမ်းကျန်ပြီး ခရစ်နှစ် ၁၂၂၅ ခုနှစ်မှာ ပုဂံ မီးလောင်ခဲ့ပါတယ်။ ၁၃၃၁ ခုနှစ်မှာ ရေကြီးပြန်ပါတယ်။ နောက် ၁၃၇၂၊ ၁၈၃၉၊ ၁၉၅၆၊ ၁၉၇၅ နဲ့ အခု ၂၀၁၆ မှာ ငလျင်တွေလှုပ်ခဲ့ပါတယ်။ အဲဒီတော့ ပုဂံဘုရားတွေကို ဖျက်တာဟာ ငလျင်ကြောင့်လို့ဆိုရင် ရပေမယ့် တပ်အပ်ပြောလို့မရပါဘူး။ တကယ်တော့ ပုဂံဘုရားတွေကို ဖျက်တာဟာ သဘာဝဘေးထက် လူတွေကြောင့် ပျက်တာဆိုရင် မှန်မယ်ထင်ပါတယ်။ ၁၃ ရာစုက မွန်ဂိုကျူးကျော်မှု၊ တစ်ဆက်တည်း မောရှမ်းကျူးကျော်မှုတွေနဲ့ ၁၅ ရာစုနဲ့ ၁၇ ရာစုအတွင်း ဌာပနာတိုက်ဖောက်တာတွေ၊ ၁၈၉၁ နဲ့ ၁၈၉၉ ခုနှစ်က ရှေးဟောင်းပစ္စည်းရှာဖွေတဲ့ နိုင်ငံခြားသားတွေကြောင့် ပျက်စီးခဲ့ရပါတယ်။ နောက်ပျက်စီးစေတာကတော့ စနစ်မကျတဲ့ ပြန်လည်မွမ်းမံပြင်ဆင်တာကြောင့်လို့ ပြောမယ်ဆိုရင်လည်း ပြောရမှာဖြစ်ပါတယ်။

ပုဂံမှာ အခုလှုပ်ခဲ့တဲ့ငလျင်ဟာ ၁၉၇၅ ခုနှစ်နဲ့ စာရင် မပြင်းထန်လှပါဘူး။ ဒါကြောင့် ထင်ရှားတဲ့စေတီဘုရားလေးငါးဆူလောက်နဲ့ အခြားစေတီဘုရား သုံးရာကျော်လောက်ပျက်စီးခဲ့ပါတယ်။ သုံးထောင်ကျော်မှာ သုံးရာကျော်လောက်ပျက်စီးလို့ ရာခိုင်နှုန်းအားဖြင့် ၁၀ ရာခိုင်နှုန်းလောက်ပဲ ပျက်စီးတယ်လို့ ဆိုနိုင်ပါတယ်။ ၁၉၇၅ ခုနှစ်က ပုဂံမှာ စေတီဘုရားအဆောက်အအုံပေါင်း ငါးထောင်လောက်ရှိပါတယ်။ ၉၀ ရာခိုင်နှုန်းလောက် ပျက်စီးသွားပါတယ်။ ၂၀၁၆ ပုဂံငလျင်ဟာ ချောက်ဗဟိုချက် မြေအောက် ၈၄ ကီလိုမီတာကျော်ကလာလို့ စက္ကန့်အနည်းငယ် အထက်အောက်ဘေးတိုက်လှုပ်ရှားပြီး စေတီဘုရား သုံးရာကျော်ပြိုကျပျက်စီးခြင်းမှလွဲလို့ ပုဂံကပြည်သူတွေ ထူးထူးခြားခြား ထိခိုက်ခံစားမှုတွေ မရှိခဲ့ပါဘူး။ ဆိုးဆိုးရွားရွားဖြစ်တာက စူဠာမဏိစေတီတော်ကြီး တစ်ဆူတည်းပါ။ ကွမ်းတောင်တစ်ခုလုံးပြိုကျလို့ ဖုန်လုံးကြီးအလိပ်လိပ်ထနေတဲ့ကြားက နိုင်ငံခြားသားခရီးသွားတွေအော်ဟစ်နေတာ၊ ပြေးလွှားဗီဒီယိုရိုက်နေကြတာတွေကို တွေ့ခဲ့ရပါတယ်။ အခြားထိခိုက်ဒဏ်ရာရသေဆုံးတာမရှိခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဘုရားစေတီတွေပြိုကျပျက်စီးတဲ့မြင်ကွင်းတွေကတော့ စိတ်မချမ်းသာစရာပါ။

ဒီနေရာမှာ ၁၉၇၅ ခုနှစ်တုန်းက လှုပ်ခဲ့တဲ့ပုဂံငလျင်ရဲ့ ပြင်းပြင်းထန်ထန်ခံစားခဲ့ရပုံကို အသက် (၅၀) အောက်ပြည်သူတွေ မျှဝေနိုင်းယှဉ်ခံစားနိုင်ဖို့ ပြန်လည်ဖောက်သယ်ချလိုပါတယ်။ "ဗုံးမိုးရွာနေတဲ့ တောင်ဇီယက်နမ်ကို ရောက်နေသလိုပဲ ကျွန်မခံစားလိုက်ရတယ်" ဟု ကမ္ဘာလှည့်ခရီးသည်တစ်ဦးက ပြောခဲ့ပါတယ်။ နောက်တစ်ဦးက "ဧရာဝတီရဲ့ဆည်းဆာကို ကသိုဏ်းရှုနေရင်း ည ၆ နာရီ ၃၄ မိနစ်ကျော်ကျော်လောက်မှာ ရုတ်တရက် ဟိုတယ်တစ်ခုလုံး တုန်ခါသွားတယ်။ ကုလားထိုင်ပေါ် ထိုင်နေတဲ့သူတွေ ယိမ်းထိုးသွားတယ်။ ဝရန်တာပေါ် ထိုင်နေတဲ့သူတွေ အောက်ကိုပြုတ်ကျသွားတယ်"လို့ ပြောခဲ့တယ်။ နောက်မျက်မြင်တစ်ဦးကလည်း "အိမ်တစ်ခုလုံး တုန်ခါသွားတယ်။ လူပေါင်းများစွာလမ်းပေါ်ကိုပြေးထွက်လာကြတယ်။ တချို့ ခြေတွေလက်တွေ တုန်နေတယ်။ တချို့မျက်နှာမှာ သွေးမရှိတော့ဘူး။ လမ်းပေါ်မှာ လဲမကျသွားအောင် မနည်းထိန်းထားရတယ်။ တချို့လမ်းပေါ်မှတင် လဲကျသွားတယ်။ ရင်တွေခုန်နေတာ နာရီဝက် လောက်ကြာတယ်"ဟုခံစားချက်ကိုပြောကြတယ်။ ငလျင်ကြီးတို့ ထုံးစံအတိုင်း သေမင်းက 'လာပြီဟေ့'လို့ ခြောက် လှန့်သလို ကြောက်မက်ဖွယ်အသံကြီးတွေ မြည်ဟည်းလာတယ်လို့ ပုဂံသားတို့က ဆိုကြတယ်။ မြည်သံနဲ့အတူ အထက်အောက် ငါးစက္ကန့် ညင်သာစွာလှုပ်ပြီး ခဏငြိမ်သွားတယ်။ နောက် ဘေးတိုက်ပြင်းပြင်းထန်ထနလှုပ်တာ ၃၅ စက္ကန့်လောက်ကြာတယ်လို့ ပြောကြတယ်။

၁၉၇၅ ပုဂံငလျင်ဟာ စေတီနဲ့အခြားအဆောက်အအုံတွေပျက်စီးပြီး လူနှစ်ဦးသေလို့ ၁၅ ဦးအပြင်းအထန်ဒဏ်ရာရခဲ့တယ်။ နှစ်ပေါင်းတစ်ထောင်ခန့်က တည်ထားခဲ့တဲ့ ရှေးဟောင်းစေတီဘုရားအားလုံးနီးပါး ပြိုကျပျက်စီးသွားတယ်။ ချောက်မြို့ ကမ်းတာရိုးကြီး ဧရာဝတီမြစ်ထဲ ကိုက်တစ်ရာကျော် လျှောကျခဲ့တယ်။ ချောက်မြို့က ရေနံတူးစင်ကြီးတစ်ခု မြစ်ထဲပြုတ်ကျသွားတယ်။ ဒီငလျင်ကြောင့် ဧရာဝတီမြစ်ရေစီးဆင်းမှု ခေတ္တရပ်သွားတယ်။ မြစ်ရေပြင်မှာ လှိုင်းနက်ကြီးတွေဖြစ်တာ လူတစ်ရပ်ကျော်လောက်ရှိတယ်။ ကျောက်ပန်းတောင်း အင်တောရွာအနီးက ယာတွေမှာ မြေအက်ကြောင်းကြီးတွေ နှစ်မိုင်လောက်အထိဖြစ်တယ်။ မင်းဘူးက နဂါးပွက်တောင်၊ ရွှံ့မီးတောင်အနီးက လမ်းတွေ နှစ်ပေလောက်မြင့်တက်လာတယ်။ ရွှံ့မီးတောင် နှစ်ပေလောက်နိမ့်ကျသွားတယ်။ အဲဒီအနီးတစ်ဝိုက်က ရေတွင်းတွေဆိုရင် ရေတွေပန်းထွက်တာ ၁၀ ပေလောက်အထိမြင့်တယ်လို့ ထိုစဉ်က အဖြစ်အပျက်မှတ်တမ်းတွေ ရှိခဲ့ပါတယ်။

ဒါကြောင့် အခုပုဂံမှာ လှုပ်ခဲ့တဲ့ငလျင်ဟာ ၁၉၇၅ ခုနှစ်က လှုပ်ခဲ့တဲ့ ငလျင်လောက်မဆိုးရွားလှပါဘူး။ ဆိုးတာကတော့ အဲဒီတုန်းက ငလျင်လှုပ်ခဲ့လို့ ပျက်စီးသွားတဲ့ ဘုရားစေတီတွေကို ပြန်ပြင်လိုက်တာပါ။ ပုဂံခေတ်ကတည်းက တည်ထားခဲ့တဲ့ စေတီပုထိုးမူရင်းတွေပဲ အကောင်းကျန်ရှိပါတယ်။ အနာပေါ် တုတ်ကျသလို ၁၉၇၅ ခုနှစ်က ငလျင်ဒဏ်ကြောင့် ပြန်လည်ပြုပြင်ခဲ့တဲ့ ဘုရားတွေရဲ့ အစိတ်အပိုင်းတွေအားလုံး ပြန်လည်ပြိုကျပျက်စီးခဲ့တာပါ။ ကားတို့၊ စက်တို့၊ အိမ်တို့ မပြင်တတ်ရင် ပိုပျက်သလိုပေါ့။ ရှေးဟောင်းအရည်အသွေးထိန်းချုပ်မှုနည်းပညာနဲ့ ပြုပြင်မှုအားနည်းချက်တွေကြောင့် နှစ်ပေါင်း ၄၀ ကျော်အတွင်း ပြန်လည်ပျက်စီးခဲ့ရတာပါ။

ပုဂံကိုဖျက်ဆီးခဲ့တာဟာ သဘာဝဘေးဒဏ်ကြောင့် ဆိုလျှင် လုံးလုံးမမှန်လို့ ဆိုချင်တယ်။ လွန်ခဲ့တဲ့ နှစ်တစ်ထောင်ခန့်က ပုဂံကိုတည်ဆောက်ခဲ့ကြတဲ့ ဗိသုကာပညာဟာ နှစ်တစ်ထောင်မက တည်တံ့အောင်၊ သဘာဝဘေးဒဏ်ကိုကြံ့ကြံ့ခံနိုင်အောင် တည်ဆောက်တတ်တဲ့ အတတ်ပညာတွေနဲ့ တည်ဆောက်ထားတာပါ။ နည်းစနစ်မကျ ပြင်ဆင်လိုက်တာတွေကြောင့် ပျက်စီးရတာဆိုရင် လွန်မယ်မထင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာတွေရဲ့ နှလုံးသည်းပွတ်၊ မြန်မာတွေရဲ့ နှလုံးသားပုဂံကို အဆုံးရှုံးမခံနိုင်ပါ။ သမိုင်းဆရာကြီး ဒေါက်တာသန်းထွန်းပြောသလို မပျောက်ဆုံးအောင် ထိန်းသိမ်း၊ မပြိုပျက်အောင်ကာကွယ်၊ မူရင်းပုံစံမပျက်အောင် ပြန်လည်တည်ဆောက်ခြင်းတို့ဖြင့် ကျွန်တော်တို့ရဲ့အသည်းနှလုံးပုဂံ ပြန်လည်ရှင်သန်ရေး မြန်မာနိုင်ငံသားတိုင်း ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ။

# ပခုက္ကူမြို့နယ်အတွင်း ငလျင်ဒဏ်သင့်ခဲ့သော စေတီပုထိုးများကို ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ပူးပေါင်းပြင်ဆင်သွားမည်

**ညောင်ဦး ဩဂုတ် ၂၈**

**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းတွင် ဩဂုတ် ၂၄ ရက် ညနေကလှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ဘုရားပုထိုးစေတီနှင့် နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ပျက်စီးသွားသော ဘုရားစေတီအချို့အား အမြန်ဆုံးပြန်လည်ပြင်ဆောင်ရွက်နိုင်ရေး အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။**

"ပခုက္ကူခရိုင်အတွင်းမှာ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့ အခြေခံပညာကျောင်း ၁၀ ကျောင်းကတော့ ဒေသခံရပ်မိရပ်ဖတွေ၊ သက်ဆိုင်ရာကျောင်းကော်မတီတွေနဲ့ ပြုပြင်မှာက လေးကျောင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ ပညာရေးဌာနမှ ဘတ်ဂျက်တောင်းခံပြုပြင်မှာက ခြောက်ကျောင်း ဖြစ်ပါတယ်။ ဘုရားပုထိုးစေတီတော်တွေ စေတီတော်မြေခတာ၊ စိန်ဖူးတော်မြေခတာတွေကတော့ သက်ဆိုင်ရာ ဂေါပကအဖွဲ့ဝင်တွေ၊ အလှူရှင်တွေနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပြီး ပြင်ဆင်သွားမှာဖြစ်ပါတယ်"ဟု ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ပြောသည်။

ပခုက္ကူခရိုင်ရှိ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့တွင် အဆိုပါ မြေငလျင်ဒဏ်ကြောင့် ဘုရားစေတီ စုစုပေါင်း ၁၄၆ ဆူပျက်စီးခဲ့ပြီး စေတီတချို့မှာ မြေခပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့အပြင် ဘုန်းတော်ကြီးကျောင်း ငါးကျောင်းအပါအဝင် နေအိမ်နှင့် အစိုးရရုံးအဆောက်အအုံတချို့လည်း ပြိုကျပျက်စီးခြင်းနှင့် နံရံအက်ကွဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီငလျင်သဘာဝဘေးအန္တရာယ်ဖြစ်ဖြစ်ချင်းပဲ စာရင်းကောက်ယူပါတယ်။ အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ်အောက်မှာရှိတဲ့ တပ်ရင်းတပ်ဖွဲ့တွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေ၊ ဒေသခံရပ်မိရပ်ဖတွေနဲ့ အားလုံးဝိုင်းဝန်းဆောင်ရွက် ရှင်းလင်းဖယ်ရှားခဲ့ပါတယ်"ဟု ဦးကံစောလှိုင်က ဆက်လက်ပြောသည်။

ပခုက္ကူခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်တွင် ပခုက္ကူမြို့နယ်သည် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူနေအိမ် ခြောက်လုံး၊ သာသနိကအဆောက်အအုံ ၁၆ လုံး၊ ဘုရားစေတီ ၅၇ ဆူပျက်စီးခဲ့ကြောင်း ပခုက္ကူမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်က ပြောသည်။

"ပခုက္ကူမြို့ရဲ့တန်ခိုးကြီးဘုရား ငါးဆူ၊ ရွှေမုဋ္ဌောဘုရားက စိန်ဖူးတော်က အထက်ပစ္စယံကနေ ပြုတ်ကျသွားတယ်။ သမိုင်းဝင် ရွှေတန့်တစ်ဘုရားကြီးကလည်း စိန်ဖူးတော်ကြီး ယိုင်သွားတယ်။ နောက်ပြီး သရက္ခန်ဘုရားကြီး စိန်ဖူးတော်အုပ်ထားတဲ့ မှန်ပေါင်းချောင်အက်ကွဲသွားတယ်။ ရွှေတန့်တစ်ဘုရားမှာရှိတဲ့ ခြင်္သေ့ရုပ်ကြီးလည်း ဦးခေါင်းပိုင်းပျက်စီးသွားတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ပြန်လည်ပြင်ဆင်ရေးပိုင်းနဲ့ပတ်သက်ပြီး ဦးတင်ထူးအောင်က "ကျွန်တော်တို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဦးဆောင်ပြီး ဌာနဆိုင်ရာနဲ့ လူမှုရေးအသင်းအဖွဲ့တွေ ပါဝင်ပူးပေါင်းပြီး ပြန်လည်ပြင်ဆင်ဖို့ စီမံဆောင်ရွက်ထားပါတယ်။ နောက်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးကို ငလျင်လှုပ်ပြီးပြီးချင်း ငလျင်တွေ ထပ်မံဖြစ်လာနိုင်တဲ့အတွက် အိမ်တွင်း အိမ်ပြင်တွေ၊ နေထိုင်သွားလာမှုတွေ သတိပြုကြဖို့ မိမိရပ်ကွက်/ကျေးရွာအလိုက် နှိုးဆော်ထားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ဆိုသည်။

အဆိုပါငလျင်ကြောင့် ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာရှိ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သော ဗာဂျီးနီးယားဆေးပေါင်းရုံ နံရံပြိုကျခဲ့မှုကြောင့် အမျိုးသားတစ်ဦးမှာ ပိမိသေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ ဒဏ်ရာရရှိမှုကြောင့် ပခုက္ကူဆေးရုံ၌ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် တက်ရောက်ကုသလျက်ရှိရာ ယခုအခါ ကျန်းမာရေးအခြေအနေ ကောင်းမွန်သက်သာလျက်ရှိကြောင်း သိရသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ပခုက္ကူရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများ ပြန်လည်ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး ရွှေတန့်တစ်ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်နိုင်က " ကျွန်တော်တို့ ပခုက္ကူမြို့ သမိုင်းဝင်ခြင်္သေ့ကြီးရဲ့ နားရွက်နဲ့ ဦးသျှောင်ပဲ့ကျသွားတာရှိတယ်။ သရက္ခန်ဘုရားကိန်းဝပ်တဲ့ ဂန္ဓကုဋိတိုက်ရဲ့ ပြာသာဒ်ဆောင်က ထိပ်ပိုင်းကနေ ပြုတ်ကျသွားတယ်။ သရက္ခန်ဘုရားကိန်းဝပ်တဲ့ ဂန္ဓကုဋိတိုက်ကြီးလည်း ပျက်စီးခဲ့လို့ အသစ်တစ်ဖန်ပြန်လည် တည်ဆောက်ခဲ့ရပါတယ်။ အခုလည်း ဆက်လက်ပြီးတော့ ဒေသခံ အာဏာပိုင်အဖွဲ့အစည်းတွေ၊ အလှူရှင်တွေ၊ ဒေသခံတွေအားလုံးပူးပေါင်းပြီး ဘုရားစေတီတွေ ပြန်လည်ပြုပြင်မွမ်းမံရေးတွေ လုပ်ဆောင်ဖို့ ဆောင်ရွက်နေပါတယ်။ လတ်တလောပျက်စီးခဲ့တာကိုလည်း ဖယ်ရှားပြီး ရှင်းလင်းရေးတွေ လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

"၁၉၇၅ ခုနှစ်က လှုပ်တဲ့ ပုဂံအင်အားပြင်းငလျင်တုန်းကလည်း ကျွန်တော်တို့မြို့ရဲ့ တန်ခိုးကြီးရွှေတန့်တစ်စေတီတော်မြတ်ကြီးမှာ အကုန်လုံးပျက်စီးပြီး စိန်ဖူးတော်မြေခဲ့ဖူးပါတယ်။ အခုတစ်ဖန် စေတီတော်ကြီး ထပ်မံပျက်စီးသွားတော့ မြို့ခံတစ်ဦးအနေနဲ့ ပြောရရင် အလွန်ကိုဝမ်းနည်းစရာကောင်းပါတယ်"ဟု ဦးမောင်နိုင်က ပြောသည်။

**သတင်း-နိုင်လင်းကြည်၊**
**တင်မောင်လွင်၊**
**ဓာတ်ပုံ-မောင်မွေး**



## ❒ ပြည်ထောင်စုမှ

ကလေးတွေက ခွင့်ပြုချက်လာတောင်းတယ်။ ပန်းခြံရှေ့က လမ်းမှာလုပ်ဖို့ပေါ့။ အဲ့အချိန်မှာ ဘောလုံးပွဲပြဖို့ကလည်းတိုက်နေတော့ ကျွန်တော်က ကလေးတွေကို လွှတ်လပ်ရေးကျောက်တိုင်ကြီးနဲ့အနီးဆုံးဖြစ်တဲ့ ပန်းခြံထဲမှာ လုပ်ခွင့်ပေးလိုက်တယ်။ ကလေးတွေစီစဉ်တဲ့ကိစ္စဆိုတော့ ကြီးကြပ်ပေးဖို့ ကျွန်တော်တို့ စည်ပင်ကော်မတီဝင် ဆရာမကြီးဒေါ်သန်းမြင့်အောင်ကို ပြောတော့ ဆရာမကြီးက လိုလိုလားလားပဲ ဆောင်ရွက်ပေးတယ်။

တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရဖို့ဆိုတာ စိတ်ထဲမှာတအားကို တောင့်တနေတာကြာပြီ။ (၂၁)ရာစု ပင်လုံညီလာခံကြီးကနေ အောင်မြင်မှုရသွားမယ်ဆို အတိုင်းထက်အလွန်ပေါ့။ ဒါစည်းလုံးမှုတစ်ခုပဲလေ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့ဆိုတာ တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်ဖို့လိုတယ်။ နိုင်ငံရေးမတည်ငြိမ်ရင် စီးပွားရေးမတည်ငြိမ်ဘူး။ စီးပွားရေးမတည်ငြိမ်ရင် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှုက အလွန်နှေးတယ်။ နိုင်ငံရေးတည်ငြိမ်ဖို့ဆိုတာ မြင့်မြတ်တဲ့ ဦးတည်ချက်ရှိရမယ်။ ကိုယ့်ရဲ့လုပ်ဆောင်မှုမှန်သမျှ စေတနာမေတ္တာနဲ့ အမှန်တရားကို ထားနိုင်ရမယ်။ နောက်ဆုံးအချက်က ပွင့်လင်းမြင်သာမှု ရှိရမယ်။ အဲဒီ သုံးချက်ကိုထားနိုင်ရင် အရာရာအောင်မြင်မယ်။ (၂၁)ရာစု ပင်လုံညီလာခံကြီး အောင်မြင်ဖို့ လိုလိုလားလား ဆုတောင်းတယ်။ နှစ်နှစ်ကာကာလည်း ထောက်ခံတယ်။


ဦးမောင်မောင်စိုး


ဒေါ်သန်းမြင့်အောင်


ဦးဂျင်မီ


ဦးရန်အောင်

**စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်**

(၂၁)ရာစု ပင်လုံညီလာခံက ဘယ်လောက်အရေးကြီးလဲဆိုရင် ကျွန်မဘဘ ဦးဝင်းတင်တို့၊ လူထုဒေါ်အမာတို့၊ ဒေါက်တာသန်းထွန်းတို့၊ လူထုစိန်ဝင်းတို့လို စာရေးဆရာကြီးတွေကို တအားသတိရတယ်။ ဒီဆရာကြီးတွေ၊ ဆရာမကြီးတွေက ငြိမ်းချမ်းရေးပန်းတိုင်ကို အလွန်ရောက်ချင်ခဲ့တာ။ ငြိမ်းချမ်းရေးကို မြင်ချင်ခဲ့တာ။ ငြိမ်းချမ်းရေးပန်းတိုင်ကိုရောက်ဖို့ တိုင်းရင်းသားတွေ တစ်ဦးနဲ့


မောင်သိန်းအောင်


ဇင်ဝိုင်း


နေမျိုးဇင်


မေတ္တာ

တစ်ဦး ညီညွတ်မှုဖြစ်မယ်။ မညီညွတ်ရင် မငြိမ်းချမ်းနိုင်ဘူး။ ဒီပင်လုံ ညီလာခံ အောင်မြင်ဖို့ဆိုတာ တိုင်းရင်းသားတွေအားလုံး၊ ပြည်သူလူထုတွေအားလုံး ကြိုဆိုထောက်ခံဖို့၊ ပါဝင်ဖို့လိုတယ်။ ပြည်တွင်းစစ်မီး ငြိမ်းသွားဖို့ဆိုတာ (၂၁)ရာစု ပင်လုံညီလာခံအပေါ်မှာ အများကြီးမူတည်နေတယ်။ ဒါ့ကြောင့် ကျွန်မတို့အနေနဲ့ ကိုယ့်အတွက်ရော၊ ကိုယ့်မျိုးဆက်အတွက်ရော၊ နိုင်ငံအတွက်ရော အရေးအကြီးဆုံးဖြစ်တယ်လို့ လေးလေးနက်နက်ခံယူထားတယ်။

ပြည်တွင်းစစ်မဖြစ်တော့ဘူး၊ တိုင်းရင်းသားတွေ ညီညီညွတ်ညွတ်နဲ့ ငြိမ်းချမ်းနေမယ်ဆိုရင် ကျွန်မတို့ တိုင်းပြည်က ပိုပြီးဖွံ့ဖြိုးမယ်။ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်မယ်။ အခုတက်လာတဲ့ ပြည်သူ့အစိုးရရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ကမ္ဘာကလေးစားရတဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက် ပင်လုံညီလာခံကြီးသာ အောင်အောင်မြင်မြင်နဲ့ တိုင်းရင်းသားတွေ ချစ်ကြည်သွားကြမယ်ဆိုရင် ကမ္ဘာ့အလယ်မှာ အလွန်ကိုသိက္ခာရှိတဲ့ နိုင်ငံကြီးဖြစ်သွားမှာပါ။ ဒီအချိန်ဒီအခါမှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်လုပ်တဲ့ လုပ်ရပ်ဟာ တစ်ကမ္ဘာလုံးကထောက်ခံတဲ့လုပ်ရပ်ဖြစ်တဲ့အတွက် ပြည်သူလူထုက ထောက်ခံပြီး ပါဝင်တာပါ။ အားလုံး ကိုယ့်မျိုးဆက်တွေအတွက်၊ နိုင်ငံသားတွေအတွက် ငြိမ်းငြိမ်းချမ်းချမ်း လက်တွဲကူညီကြစေချင်ပါတယ်။

**ဦးဂျင်မီ(၈၈ မျိုးဆက် ပွင့်လင်းလူ့အဖွဲ့အစည်း)**

ဆူးလေဘုရား၊ မြို့တော်ခန်းမနဲ့ လွတ်လပ်ရေးကျောက်တိုင်ဆိုတာ တကယ့်သမိုင်းဝင်နယ်မြေကြီးပါ။ (၂၁)ရာစု ပင်လုံညီလာခံကြီး အောင်မြင်မယ်လို့လည်း ယုံကြည်တယ်။ ပြည်သူလူထုက ရွေးကောက်တဲ့ အစိုးရခေတ်မှာ အခုလို ကျင်းပခွင့်ရတာပါ။ ပြည်သူလူထုက အနာဂတ်ကို ပုံဖော်ပေးနိုင်မယ့်အစိုးရကို မျှော်လင့်ချက်တွေအများကြီးထားနေရပြီး (၂၁)ရာစုပင်လုံကိုလည်း ထောက်ခံဖို့အတွက် ကိုယ့်သဘောနဲ့ကိုယ် တက်ရောက်လာပြီးတော့ တကယ်ပဲ နက်နက်ရှိုင်းရှိုင်းကို ဝိုင်းပြီးအားပေးနေတာတွေ့ရတယ်။

ကျွန်တော်က ဒီပွဲမှာ ကဗျာအစီအစဉ်အတွက် တာဝန်ယူထားတာပါ။ ကိုယ်တိုင်လည်း " ငြိမ်းချမ်းရေးအတွက် နှလုံးသွေးတစ်စက်" ဆိုတဲ့ ကဗျာရွတ်မယ်။ ငြိမ်းချမ်းရေးကို လိုချင်တဲ့နှလုံးသွေးတစ်စက်ပဲ ရှိဖို့လိုတာပါ။ အဲ့လိုရှိရင် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။

ပင်လုံနဲ့ ငြိမ်းချမ်းရေးဟာ တိုက်ရိုက်ကို ဆက်စပ်နေတာ။ တန်းတူညီတူမရှိဘဲ ငြိမ်းချမ်းရေးမရှိနိုင်ဘူး။ ငြိမ်းချမ်းရေးဆိုတာ လက်နက်ကိုင်တိုက်ပွဲဝင်သူတွေကြားထဲမှာတင် မဟုတ်ဘူး။ မတူညီတဲ့၊ သဘောထားခြင်းမတိုက်ဆိုင်တဲ့ လူ့အဖွဲ့အစည်းကြားမှာ တစ်စုနဲ့တစ်စုတိုက်ကြတာဟာလည်း ငြိမ်းချမ်းရေးကို ထိပါးနေတာပါပဲ။ အဲဒီတော့ လူတစ်ဦးချင်းစီရဲ့ နှလုံးသားထဲမှာ စိုးရိမ်ထိတ်လန့်မှုတွေမရှိပဲ ငြိမ်းချမ်းစွာ အိပ်ရာထနိုင်ရမယ်။ စိုးရိမ်နေရပြီဆိုရင် ငြိမ်းချမ်းရေးအစစ်မဟုတ်ဘူး။ ဒီတော့ လူတစ်ယောက်ရဲ့ ငြိမ်းချမ်းရေးအပြင် လူ့အဖွဲ့အစည်းအားလုံးရဲ့ ငြိမ်းချမ်းရေးကိုလည်း မျှော်မှန်းထားတယ်။ အဲ့ဒါကို (၂၁)ရာစုပင်လုံညီလာခံကနေ ပထမဆုံးခြေလှမ်းကနေ နောက်ပိုင်းမှာ အကောင်းဆုံးအကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးရန်အောင်(မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)**

ဒီပွဲက ငြိမ်းချမ်းရေးကိုလိုလားတဲ့ အစုအဖွဲ့အသီးသီးကနေ တူညီတဲ့ စိတ်ဆန္ဒတွေနဲ့ လာရောက်ပူးပေါင်းပြီး ကျင်းပကြတာပါ။ အဲဒီလိုလုပ်ခြင်းဟာ ငြိမ်းချမ်းရေးအတွက် ဦးဆောင်ပါဝင်ဆောင်ရွက်နေတဲ့သူတွေကို ခွန်အားရှိစေမယ်လို့ ယူဆပါတယ်။ တိုင်းပြည်က နှစ်ပေါင်းများစွာဖြစ်နေတဲ့ ပြဿနာတွေကို နိုင်ငံရေးစိတ်ရင်းနဲ့ မဖြေရှင်းခဲ့တဲ့အတွက် ဖြစ်ပေါ်လာတဲ့ ခါးသီးတဲ့ အကျိုးဆက်တွေကို ပြည်သူတွေက ခါးစည်းခံခဲ့ရတာပါ။ စစ်ပွဲရဲ့အနိဋ္ဌာရုံတွေကို ပြည်သူတွေက မလိုလားဘူး၊ စိတ်နာတယ်၊ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ မလိုလားအပ်ဘဲ ညီနောင်တွေအချင်းချင်း စစ်ခင်းနေတာ နှစ်ပေါင်း ၆၀ ကျော်ကြာပြီ။ ပြည်တွင်းစစ်မီးကိုလည်း ချုပ်ငြိမ်းလိုကြတယ်။ အဲဒါကို အင်နဲ့အားနဲ့ ဆောင်ရွက်နေတဲ့အချိန်မှာ ဒီမိုကရေစီလိုလားတဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့ အင်အားစုတွေ၊ ပြည်သူတွေ စုပေါင်းပြီး ဒီကြိုဆိုထောက်ခံပွဲကို လုပ်တာပါ။

**မောင်အောင်လွင်ဟိန်း(စီးပွားရေးတက္ကသိုလ် ရွှာသာကြီး)**

အလွှာအသီးသီးက ငြိမ်းချမ်းရေးလိုလားသူတိုင်းလာတက်တဲ့ (၂၁)ရာစု ပင်လုံထောက်ခံပွဲမှာ ကျွန်တော်ပါဝင်ခွင့်ရလို့ အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေအနေနဲ့ကလည်း မငြိမ်းချမ်းတဲ့ ဒေသကညီလေး၊ ညီမလေးတွေ အေးအေးချမ်းချမ်းနဲ့ ကျွန်တော်တို့လို ပညာသင်စေချင်ပါတယ်။ လူနေမှုဘဝတွေ အဆင့်မီမီလေးတွေနေစေချင်တယ်။ ငြိမ်းချမ်းရေးမရှိတော့ နယ်မြေမအေးချမ်းတော့ သူတို့ဘဝတွေ တိုးတက်မှာမဟုတ်ဘူး။ သူတို့ဆိုတာလည်း ကျွန်တော်တို့ရဲ့ သွေးချင်းတွေပါပဲ။ ဒါကြောင့် ငြိမ်းချမ်းရေးဟာ အားလုံးနဲ့ဆိုင်တယ်လို့ခံယူပြီး ဒီထောက်ခံပွဲကို လာတက်တာပါ။

**မောင်သိန်းအောင်(ကိုးကန့်တိုင်းရင်းသား စာပေယဉ်ကျေးမှုကော်မတီ)**

တိုင်းရင်းသားတစ်ယောက်အနေနဲ့ ကိုးကန့်နယ်စပ်မှာ တောက်လျှောက်နေလာခဲ့တော့ ပစ်ကြခတ်ကြတာ မငြိမ်းချမ်းခဲ့ဘူး။ အခုလက်ရှိ (၂၁)ရာစုပင်လုံညီလာခံမျိုးစီစဉ်လာတော့ တအားဝမ်းသာတယ်။ ဒါဟာ တကယ်အလိုလားဆုံး ငြိမ်းချမ်းရေးပဲ။ အဖေ၊ အမေတို့ခေတ်ကတည်းက စစ်ဘေးရှောင်ခဲ့ရတာ။ ကိုးကန့်ကနေ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုး၊ သိန္နီ၊ ပြီးမှ မန္တလေး အဲ့လို စစ်ဘေးရှောင်ခဲ့ရတာ။ တိုင်းရင်းသားတွေအားလုံးအတွက် လိုအပ်တာက ငြိမ်းချမ်းရေးပဲ။ စည်းလုံးညီညွတ်မှ တိုင်းပြည်က ရှေ့ဆက်နိုင်မယ်။ စစ်ဒဏ်ကာကွယ်ဖို့ ကျွန်တော် ၁၀ နှစ်သားအရွယ်မှာ ကင်းစောင့်ခဲ့ရတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်တို့ ကိုးကန့်တိုင်းရင်းသားတွေက အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အပိုင်းတွေမှာ အားနည်းတယ်။ ဒါကို တဖြည်းဖြည်းချင်းကြိုးစားသွားရမှာပါ။

**ဦးဇင်ဝိုင်း( ရုပ်ရှင်သရုပ်ဆောင်)**

ငြိမ်းချမ်းရေးအတွက် လုပ်နေတာကို မထောက်ခံဘူးဆိုရင် ကျွန်တော် ဒီတိုင်းပြည်မှာတောင် နေဖို့မသင့်တော်တော့ဘူး။ ဒီအတွက် ကျွန်တော်လာပါတယ်။ (၂၁)ရာစုပင်လုံကို ကျွန်တော်တို့ မျှော်လင့်ချက်တွေအများကြီးထားပါတယ်။ ပြည်တွင်းစစ်မီးဆိုတာ ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပါပြီ။ ကြွေးကြော်သံတွေ အမျိုးမျိုးကြွေးကြော်ပြီးတော့လည်း ဒီကိစ္စကို ဖြေရှင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ သို့သော်လည်း တကယ့်စားပွဲဝိုင်းပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်လင်းရိုးသားစွာမဆွေးနွေးနိုင်ကြလို့၊ တစ်ယောက်နဲ့တစ်ယောက် လိုအပ်ချက်တွေကို အာမခံချက်မပေးနိုင်ကြလို့ ပြည်တွင်းစစ်မီးဆိုတာ ခုချိန်ထိတောက်လောင်နေတာပါ။ ဒီနေ့ ဒီအချိန်မှာတော့ ဒီစစ်မီးတွေငြိမ်းသွားအောင် တိုင်းရင်းသားတွေ တစ်စားပွဲတည်းထိုင်ပြီး မိသားစုဝင်အချင်းချင်း နွေးထွေးပွင့်လင်းစွာ ဆွေးနွေးမှာဖြစ်တဲ့အတွက် အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ (၂၁)ရာစုပင်လုံညီလာခံကို အောင်မြင်စေချင်လို့ အခုလို ထောက်ခံတာပါ။ ဒီပွဲမှာ ငြိမ်းချမ်းရေးလိုလားသူတွေ အကုန်ပါဝင်ကြပါတယ်။

**ဦးနေမျိုးဇင်( မြန်မာ့လူမှုဘဝတိုးတက်မြင့်မားရေးအဖွဲ့)**

လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးက ကျွန်တော်ကိုယ်တိုင် ဒီလွတ်လပ်ရေးကျောက်တိုင်ကြီးရှေ့မှာ လွတ်လပ်ရေးကြေညာစာတမ်းဖတ်မိလို့ တရားစွဲခံ၊ ဖမ်းဆီးခံခဲ့ရတာပါ။ အခု ငြိမ်းချမ်းရေးအတွက် ဒီလွတ်လပ်ရေးကျောက်တိုင်ရှေ့မှာ တိုင်းပြည်အနာဂတ်အတွက် အရေးကြီးတဲ့ (၂၁)ရာစုပင်လုံညီလာခံကြီးထောက်ခံတဲ့ပွဲကို ကျင်းပခွင့်ရတာ အထူးကိုဂုဏ်ယူပါတယ်။ အဲဒါနဲ့ရောင့်ရဲမနေဘဲ ဒီထက်ပိုပြီးခိုင်မာတဲ့ ဒီထက်ပိုပြီး နောင်လာနောက်သားတွေအတွက် စိတ်ချရတဲ့စနစ်၊ စိတ်ချရတဲ့ ဥပဒေတွေရေးဆွဲနိုင်ဖို့အထိကို (၂၁)ရာစုပင်လုံညီလာခံက ထွက်ပေါ်လာတဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေကတစ်ဆင့် တိုင်းရင်းသားအားလုံးအတွက် တန်းတူညီမျှတဲ့ အခွင့်အရေးကို အာမခံမယ့် နိုင်ငံရေးစနစ်အထိကို ချိတ်ဆက်နိုင်ဖို့လိုလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။

**ဦးမေတ္တာ(ဟာသလူရွှင်တော်သရုပ်ဆောင်)**

ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်ဘာကူညီရမလဲဆိုပြီး လာတာ။ အခု ဒီပွဲမှာ အခမ်းအနားမှူးလုပ်ရမယ်။ စစ်ကိုမလိုလားသော၊ ငြိမ်းချမ်းရေးကို မြတ်နိုးသောသူတွေ လာပြီးစုကြတာ၊ (၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုထောက်ခံကြတာ။ မြန်မာအချင်းချင်း စစ်ဖြစ်နေမယ့်အစား အားလုံးပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနဲ့ တိုးတက်တဲ့မြန်မာနိုင်ငံကြီးကို ကြိုးပမ်းထူထောင်ကြမယ်ဆိုပြီးလာခဲ့တာ။ တစ်ဦးနဲ့တစ်ဦး အာဃာတတွေ စစ်တွေမဖြစ်စေချင်တော့ဘူး။ ငြိမ်းချမ်းစေချင်တယ်။ ဘဝတွေလှပစေချင်တယ်၊ ယဉ်ကျေးမှုတွေလှပစေချင်တယ်၊ သက်တန့်ရောင်ကြီးလို အဝေးကကြည့်ရင် ရောင်စုံ၊ အနီးကပ်ကြည့်ရင် အားလုံးအဖြူထည်ပဲ။ ဒါမျိုးစိတ်ထားလေးတွေဖြစ်စေချင်တယ်။ စစ်ဖြစ်တဲ့ဒဏ်ကြောင့် ကျောင်းသား ကျောင်းသူ ကလေးငယ်တွေ၊ သားသည်မိခင်တွေ ထွက်ပြေးနေရတယ်။ ကျွန်တော်တို့က အနုပညာသမားတွေဖြစ်တော့ တိုင်းပြည်အေးချမ်းမှ စီးပွားရေးအဆင်ပြေမှာ၊ ထိုနည်းလည်းကောင်းပဲ လူတိုင်းအဆင်ပြေဖို့ ငြိမ်းငြိမ်းချမ်းချမ်းရှိစေဖို့ တတ်နိုင်တဲ့ဘက်ကနေ ပါဝင်ကူညီတာပါ။ ॥

## ❖ ကျောဖုံးမှ

"ထိထိရောက်ရောက်ကို အရေးယူသွားမှာပါ။ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းပြီးတဲ့နောက်မှာ ပထမဦးဆုံးအနေနဲ့ စည်းကမ်းချိုးဖောက်မှုတွေကို အရေးယူမှု စတင်တော့မှာပါ။ အာဏာပိုင်အဖွဲ့အနေနဲ့ ဘတ်စ်ကားပြေးဆွဲမှု စနစ်ကောင်းမွန်အောင် ပြောင်းလဲနိုင်ဖို့ အဓိကထားဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာမောင်မောင်အောင်က ပြောသည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားစေသည့် အကြောင်းရင်းများတွင် စည်းကမ်းမဲ့ယာဉ်မောင်းနှင်ခြင်းနှင့် ရပ်တန့်ခြင်းများလည်း ပါဝင်နေသည့်အတွက် အဆိုပါကိစ္စရပ်ကို ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ထိရောက်သည့် အရေးယူမှုကို ဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နာယကအဖြစ် ပါဝင်ဆောင်ရွက်ကာ ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာမောင်မောင်အောင်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် ပြင်ပ ပညာရှင်များပါဝင်ကာ ပြီးခဲ့သည့် ဇူလိုင်လက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(ဆုနှင်းလဲ့)**

## ❍ တိုင်းဒေသကြီးမှ

ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားခဲ့သည်။

ဩဂုတ် ၂၉ ရက် ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ အုပ်စု(ဃ)မှ တနင်္သာရီတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ပဲခူးတိုင်းဒေသကြီး ဘောလုံးအသင်းတို့သည် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု (က)မှ ချင်းပြည်နယ် ဘောလုံးအသင်းနှင့် ကချင်ပြည်နယ်ဘောလုံးအသင်းတို့သည် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ခေါင်းစွပ်ပါအနွေးထည်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**
လာမည့်ဆောင်းရာသီတွင် အအေးဓာတ်လွန်ကဲနိုင်သည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ခေါင်းစွပ်ပါအနွေးထည်များလှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်း အဝေးခန်းမတွင် ကျင်းပရာ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်နှင့် ကမ္ဘောဇ ဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းတို့က ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ ခေါင်းစွပ်ပါ အနွေးထည် စုစုပေါင်း ၃၆၅၀၀ ထည်ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က ယခု လှူဒါန်းမှုသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏လမ်းညွှန်မှုဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ မိုးလေဝသ ပညာရှင်များကလည်း ယခုလာမည့်ဆောင်းရာသီတွင် မိုးများပြီး အအေးဒဏ်လွန်ကဲနိုင်သော လာနီညာရာသီဥတုဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားကြသည့်အတွက် ယခုကဲ့သို့ အအေးဓာတ်လွန်ကဲမှုဒဏ်ကို ပိုမိုခံစားရရှိနိုင်သော တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသား ပြည်သူများအတွက် အမေရိကန် ဒေါ်လာ ၂ သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါအနွေးထည် ၁၆၀၀၀၀ ကို ပြည်ပမှ မှာယူတင်သွင်းခဲ့ပြီး ဆောင်းရာသီကာလအမီ သက်ဆိုင်ရာ ဒေသများသို့ ပေးပို့လှူဒါန်းခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၁၈ ရက်ကလည်း စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်အစရှိသော အအေးဒဏ်လွန်ကဲနိုင်သည့်ဒေသများရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက်လည်း ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်းပြောကြားသည်။

သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် ငွေကျပ် သိန်းတစ်ထောင်စီဖြင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကိုလည်း မကြာမီက သက်ဆိုင်ရာ ဝန်ကြီးချုပ်များထံသို့ ပေးအပ်လှူဒါန်းပြီးကြောင်း သိရသည်။ **(ဝ၁ဝ)**



# ကျောင်းကုန်းမြို့နယ် ရေဘေးသင့် ဗျိုက်ကြီးကျေးရွာသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း



**ရန်ကုန် ဩဂုတ် ၂၈**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)၊ သာခုကန်စက်မှုဇုန်၊ ဝါးတစ်ရာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် စက်မှုလုပ်ငန်းရှင်များက ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရေဘေးသင့် ဗျိုက်ကြီးကျေးရွာအုပ်စု အိမ်ထောင်စုပေါင်း ၆၀၅ စုကို ဆန်၊ ဆီ၊ ဆား၊ ရေသန့်ဘူးနှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး စုစုပေါင်းကျပ် သိန်း ၈၇၀ ကျော်ကို ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဩဂုတ် ၂၆ ရက်က လှူဒါန်းခဲ့ကြသည်။ **မျိုးသန့်(IPRD)**

# ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာအိမ်ထောင်စုများသို့ စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၈**
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်လုံးဆိုင်ရာ ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်းကြီးမှ ဦးဆောင်ပြီး ရတနာသိင်္ဂီဈေးသူဈေးသားများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းလှူဒါန်းသော ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူး ၃၅၀ စီနှင့် အဝတ်အထည်များအား ဖြူစင်မေတ္တာအသင်းဥက္ကဋ္ဌ ဦးသောင်းတင်နှင့် အဖွဲ့ဝင်များက ယမန်နေ့ နံနက်ပိုင်းတွင် ညောင်တုန်းမြို့သို့ သွားရောက်လှူဒါန်းရာ ညောင်တုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက လက်ခံသည်။

ယင်းနောက် ညောင်တုန်းမြို့နယ် ရွှေဒဂ်ဳံးကျွန်း၊ သပြုကုန်း၊ သာယာကုန်း၊ ချောင်းဝ၊ ကြင်ဖော်နှင့် ဝါးတောကျေးရွာတို့မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် လေးပြည်ပါ ဆန်အိတ် တစ်အိတ်၊ ဆီတစ်ဘူး၊ ရေသန့် နှစ်ဘူး၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ငါးသေတ္တာ တစ်ဘူး၊ ဆား တစ်ထုပ်နှင့် အဝတ်အထည်များကို ကျေးရွာအရောက်ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈
**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတိုင်းထွာချက်အရ ရေလှောင်တမံကြီး (၂၉) ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀. ၅၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၄၀' |
| ၃။ | ပေကြီးရေလှောင်တမံ | စစ်ကိုင်း-ကန့်ဘလူမြို့ | ၈၁၀၀ | ၁. ၉၀' |
| ၄။ | မဟာနန္ဒာကန် | စစ်ကိုင်း-ရွှေဘိုမြို့ | ၁၀၉၅ | ၁. ၆၀' |
| ၅။ | မြောက်ယမားရေလှောင်တမံ | စစ်ကိုင်း-ယင်းမာပင်မြို့ | ၁၄၀၅၇ | ၂. ၇၀' |
| ၆။ | မြောက်ယမားရေကူရေလှောင်တမံ | စစ်ကိုင်း-ပုလဲမြို့ | ၁၂၂၉၀၀ | ၂. ၄၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၁. ၇၀' |
| ၈။ | ပသိရေလှောင်တမံ | ပဲခူး- တောင်ငူ | ၃၀၅၀၀ | ၀. ၅၀' |
| ၉။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၃၀' |
| ၁၀။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၁၀' |
| ၁၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၁၀' |
| ၁၂။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀. ၅၀' |
| ၁၃။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀. ၅၀' |
| ၁၄။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၅။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၃၀' |
| ၁၆။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀. ၃၀' |
| ၁၇။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး-မြို့သစ်မြို့ | ၂၅၀၀၀ | ၂. ၁၀' |
| ၁၈။ | ငမင်ရေလှောင်တမံ | မကွေး-တောင်တွင်းကြီးမြို့ | ၇၇၅၀ | ၀. ၆၀' |
| ၁၉။ | စလင်းရေလှောင်တမံ | မကွေး-စလင်းမြို့ | ၁၃၃၀၀၀ | ၀. ၉၀' |
| ၂၀။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄. ၁၀' |
| ၂၁။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၂၂။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၄. ၇၀' |
| ၂၃။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၁၀' |
| ၂၄။ | မာလဲနတ်တောင်ရေလှောင်တမံ | မန္တလေး-စဉ့်ကူးမြို့ | ၅၀၉၇၀ | ၁. ၈၀' |
| ၂၅။ | ညောင်ကုန်းရေလှောင်တမံ | မန္တလေး-မိတ္ထီလာမြို့ | ၂၉၂၃ | ၀. ၁၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀. ၃၀' |
| ၂၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀. ၃၀' |
| ၂၈။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀. ၁၀' |
| ၂၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁. ၀၀' |

**(သတင်းစဉ်)**

# ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့ရန် တစ်လမ်းမောင်းလမ်းများ စီစဉ်ဆောင်ရွက်လျက်ရှိ


အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်ကိုဦး။

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် တစ်လမ်းမောင်းစနစ်များ ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

တစ်လမ်းမောင်းလမ်းများအဖြစ် ရန်ကုန်မြို့လယ်ရှိ လမ်းသစ်လမ်း(မြောက်မှတောင်)၊ လသာလမ်း (မြောက်မှတောင်)၊ ရွှေဘုံသာလမ်း(မြောက်မှတောင်)၊ ဗိုလ်အောင်ကျော်လမ်း(တောင်မှမြောက်)၊ ဗိုလ်မြတ်ထွန်းလမ်း (တောင်မှမြောက်)၊ ဗိုလ်တထောင်ဘုရားလမ်း(တောင်မှမြောက်)၊ စန္ဒကူးလမ်း (မဟာဗန္ဓုလလမ်းမှ ကမ်းနားလမ်းအထိ)၊ ရေကျော်လမ်း(ဗိုလ်ချုပ်လမ်းမှ ရေကျော်မီးပွိုင့်အထိ) တို့ကိုဆောင်ရွက်သွားရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်း သိရသည်။

ယခုလက်ရှိတွင် ရွှေတိဂုံဘုရားလမ်း(မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းအထိ တောင်နှင့်မြောက်)ကို တစ်လမ်းမောင်းအဖြစ် သတ်မှတ်ထားသည်။

ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ရန် တစ်လမ်းမောင်းစနစ်များကို ဆောင်ရွက်ရန် စီစဉ်ရခြင်းမှာ ပြည်သူများသည် ယာဉ်ကို လက်ယာကပ်မောင်းစနစ်ဖြင့် မောင်းနှင်သည့်အတွက် ညာကွေ့များလျှင် ယာဉ်ကြောကျပ်တည်းမှုသက်သာကာ ဘယ်ကွေ့များလျှင် တစ်ဖက်ယာဉ်ကြောကို သွားထောက်ပြီး ယာဉ်ကြောပိုမိုကျပ်တည်းမှုကိုဖြစ်စေသည့်အတွက် တစ်လမ်းမောင်းစနစ်ကို ခရုပတ်လမ်းပုံစံဖြင့်သွားရန် စဉ်းစားရမည်ဖြစ်ကြောင်း ဒုတိယရဲမှူးကြီး အောင်ကိုဦးက ဆိုသည်။

ဘယ်ကွေ့နည်းပြီး ညာကွေ့များလာသည့်အတွက် ပြည်သူများသွားလာမှုအဆင်ပြေပြီး အကယ်၍ သဘာဝဘေးအန္တရာယ် အရေးပေါ်ကိစ္စများပေါ်ပေါက်လာလျှင်လည်း တစ်လမ်းမောင်းစနစ်ဖြစ်သည့်အတွက် ယာဉ်များသွားလာရလွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း၊ တစ်လမ်းမောင်းလမ်းများတွင် မီးပွိုင့်များထားစရာမလိုဘဲ လမ်းဆုံလမ်းခွများ၌သာ မီးပွိုင့်များတပ်ရန်လိုကြောင်း စသဖြင့် ပြည်သူများသွားလာမှုလွယ်ကူရန် ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တွင်းသို့ ပြည်လမ်း၊ အင်းစိန်လမ်း၊ ဘုရင့်နောင်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဒဂုံအရှေ့ပိုင်း၊ ဒဂုံတောင်ပိုင်း၊ ဒဂုံမြောက်ပိုင်း၊ ဒဂုံဆိပ်ကမ်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင်တို့မှဝင်လာသော ခရီးသည်တင်ယာဉ်များဝင်ရောက်မှုသည် နေ့စဉ်ပျမ်းမျှ ၃၀၀၀ ကျော်ရှိသည်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ ခရီးသည်တင်ယာဉ်အများဆုံးသွားလာသည့် ကမ်းနားလမ်း၊ သခင်မြပန်းခြံလမ်း၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ပြည်လမ်း၊ အလံပြဘုရားလမ်း၊ သိမ်ဖြူလမ်း၊ အထက်ပုဇွန်တောင်လမ်းနှင့် မဟာဗန္ဓုလလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုပိုမိုများပြားကြောင်း သိရသည်။

ဒုတိယရဲမှူးကြီးအောင်ကိုဦးက "ယာဉ်ကြောပိတ်ဆို့မှုတွေကိုဖြေလျှော့ဖို့ ခရီးသည်ယာဉ်တွေကို ခရိုင်အလိုက်ပြေးဆွဲမလား။ တစ်လမ်းမောင်းသတ်မှတ်ပြီးပြေးဆွဲမလား။ လမ်းမကြီးတွေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်းတွေမှာ ခရုပတ်ပုံပြေးဆွဲတဲ့စနစ် ဆောင်ရွက်မလား။ ကြားလမ်းတွေကိုပေးမဝင်တော့ဘူး။ ဒါတွေကို ဆောင်ရွက်ဖို့တော့ အစီအစဉ်ရှိတယ်။ ယာဉ်ကြောပိတ်ဆို့မှုကိုဖြေလျှော့ဖို့ စနစ်တစ်ခုကိုတော့ သတ်မှတ်ပေးသင့်တယ်။ မသတ်မှတ်ရင် ယာဉ်ကြောကတော့ ပိတ်နေမှာပဲ။ ဒါကို ကျွန်တော်တို့က ပါဝင်ဆောင်ရွက်ပေးရမယ်။ ညွှန်ကြားလာရင် ကျွန်တော်တို့လုပ်ပေးရတော့မယ်။ စနစ်မရှိရင် စည်းကမ်းမဲ့ဖြစ်မှာပဲ။ အဲဒီအခါမှာအရေးယူမှုတွေ၊ဆုပေးဒဏ်ပေးစနစ်တွေလုပ်ဖို့လိုတယ်။ ဒီစနစ်ကို ဆုံးဖြတ်ချက်ချပေးနိုင်မယ့်သူတွေ အကောင်အထည်ဖော်ပေးရင် ကျွန်တော်တို့ လိုက်ပါဆောင်ရွက်မယ်။ ဒါဆို အောင်မြင်မှာပါ "ဟု ပြောသည်။

၂၀၁၆ ခုနှစ်အထိ ယာဉ်စီးရေ ခုနစ်သိန်း ကျော်ရှိရာ ယာဉ်ထိန်းတစ်ဦးလျှင် ယာဉ် ၇၆၄ စီး ထိန်းသိမ်းနေရပြီး စည်းကမ်းမဲ့မောင်းနှင်မှုများကြောင့် နှစ်စဉ်ယာဉ်တိုက်မှုများ ၁၀၀၀ ကျော်၊ သေဆုံးသူပေါင်း ၄၀၀၀ ကျော်နှင့် ဒဏ်ရာရသူပေါင်း ၈၀၀၀ ကျော်ရှိကြောင်းသိရသည်။

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးအောက်တွင် ယာဉ်ထိန်းအင်အား ၉၀၀ ကျော်ရှိပြီး ယာဉ်အသုံးပြုသူ ၄ ဒသမ ၅ သန်းခန့်၊ ခြေကျင်အသုံးပြုသူ ၃ ဒသမ ၆ သန်းခန့်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခင်က ဒုတိယတပ်ဖွဲ့ခွဲတစ်ဖွဲ့သာရှိပြီး ယခုလေးဖွဲ့အထိဖွဲ့စည်းထားကာ ခရိုင်အလိုက် ဒုတိယတပ်ဖွဲ့ခွဲ ၆၊ ၇၊ ၈၊ ၉ အဖြစ် မြေပြင်အနေအထားအရ လမ်းကြောပိတ်ဆို့သည့် နေရာများတွင် ဒုတိယတပ်ဖွဲ့ခွဲမှူးများလိုက်ပါ ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ပင်မအသက်သွေးကြောလမ်းမကြီးများဖြစ်သည့် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ဘုရင့်နောင်ကမ်းနားလမ်း၊ အင်းစိန်လမ်း၊ အောက်မင်္ဂလာဒုံလမ်း၊ ဝေဇယန္တာလမ်းတို့နှင့် သံသုမာလမ်းမကြီးများတွင် တောင်မှမြောက်သို့ ယာဉ်များသွားလာလျက်ရှိပြီး ပါရမီလမ်း၊ အလုံလမ်း၊ ခရေပင်လမ်း၊ လှည်းတန်းလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်ထောင်စုရိပ်သာလမ်းတို့တွင် အရှေ့မှ အနောက်သို့ ယာဉ်များအများဆုံးသွားလာလျက်ရှိရာ ထိုနေရာများတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ စနစ်တကျဦးစားပေး ယာဉ်ကြောများကို ကြီးကြပ်ရှင်းလင်းဆောင်ရွက်နေကြောင်း သိရသည်။

ဒုတိယရဲမှူးကြီးအောင်ကိုဦးက "ယာဉ်ထိန်းရှိရှိ မရှိရှိ ယာဉ်မောင်းသူတွေ၊ လမ်းဖြတ်ကူးသူတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဖို့လိုတယ်။ စည်းကမ်းမဲ့တာမျိုး မဖြစ်သင့်၊ မရှိသင့်တော့ဘူးလို့ထင်တယ်။ ပြည်သူတွေအားလုံးစည်းကမ်းတကျ ပါဝင်လိုက်ပါလာစေချင်တယ်" ဟု ပြောသည်။

ရန်ကုန်မြို့တော်၌ နေ့ရောညပါ ယာဉ်ကြောကျပ်တည်းသည့်နေရာမှာ ယခင်ကစုစုပေါင်း ၇၉ နေရာရှိပြီး ယခု နေရာ ၆၀ ထိကျဆင်းသွားရခြင်းမှာ ခုံကျော်တံတားများ တည်ဆောက်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ရီရီသန့်**

## မှတ်တမ်းမတင်ဘဲရောင်းချသည့် အလှကုန်ပစ္စည်းများအား စစ်ဆေးတွေ့ရှိပါက အရေးယူမည်

**ရန်ကုန် သြဂုတ် ၂၈**

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလိုသည့် အလှကုန်ပစ္စည်းများအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ တရားဝင်မှတ်တမ်းတင်ရမည်ဖြစ်ပြီး မှတ်တမ်းမတင်ဘဲ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိပါက ပြည်သူ့ကျန်းမာရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ ဂန္ဓမာဟိုးဆေးလ်တွင် ပြုလုပ်သည့်ဆွေးနွေးပွဲမှ သိရသည်။

"အလှကုန် ပစ္စည်းတွေကို တရားဝင်ရောင်းချရင် အစားအသောက်နဲ့ ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှာ မှတ်တမ်းတင်ရမယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားတယ်။ မှတ်တမ်းတင်ဖို့ အတွက်လည်း အသိပညာပေးတာတွေ လုပ်နေတယ်။ မှတ်တမ်းမတင်ဘဲ ဈေးကွက်မှာ တရားမဝင်ရောင်းချရင် နောက်ပိုင်း ပြည်သူ့ကျန်းမာရေး ဥပဒေအရ အရေးယူသွားမယ်"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသဇင်ရီလှိုင်က ပြောသည်။

အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ မှတ်တမ်းမတင်ဘဲ အလှကုန်ပစ္စည်းများ တင်သွင်း၊ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်ကို စစ်ဆေးတွေ့ရှိပါက ပြည်သူ့ကျန်းမာရေး ဥပဒေအရ ထောင်ဒဏ်တစ်နှစ်မှ ၁၃ နှစ်အထိ ချမှတ် အရေးယူဆောင်ရွက်နိုင်ကြောင်း အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

"အလှကုန်ပစ္စည်း သုံးစွဲသူတွေ အနေနဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဓာတုဆေးဝါးပါတဲ့အတွက် သုံးစွဲဖို့ မသင့်ဘူးဆိုပြီး နိုင်ငံပိုင်သတင်းစာတွေ၊ ရုပ်သံမီဒီယာတွေကနေ တစ်ဆင့် ကြော်ငြာထားတဲ့ အလှကုန်ပစ္စည်းတွေကိုလည်း မသုံးစွဲကြဖို့ ပြောချင်တယ်"ဟု ဒေါက်တာသဇင်ရီလှိုင်က ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေပုဒ်မခွဲ(၁)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရလည်းကောင်း၊ အာဆီယံအလှကုန်ပစ္စည်း ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် လည်းကောင်း ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၅ ရက်တွင် အလှကုန်ပစ္စည်းဆိုင်ရာ အမိန့်ကို ထုတ်ပြန်ခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရောင်းချနေသည့် အလှကုန်ပစ္စည်းများအား ၂၀၁၃ ခုနှစ်မှစတင်ကာ တားမြစ်ဓာတုဗေဒ ပစ္စည်းသုံးစွဲထားခြင်းရှိမရှိစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသဇင်ရီလှိုင်နှင့် ဒေါက်တာ ဒေါ်ခင်ချစ်တို့က အလှကုန်ပစ္စည်းများ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် အလှကုန်ပစ္စည်းများအကြောင်း ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံ အလှကုန်အသင်းဥက္ကဋ္ဌ ဦးကျော်မင်းက အဆိပ်သင့်အလှကုန်များ အကြောင်း ဆွေးနွေးခဲ့သည်။




**သတင်း-သီသီမင်း၊ဓာတ်ပုံ-ဖြိုး**


ရထားရဲတပ်ဖွဲ့ အမှတ်(၁၅)တပ်ခွဲ တပ်စု(၂)ရေးမှ တပ်စုမှူး ရဲအုပ် စန်းလွင်နှင့် တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သြဂုတ် ၂၅ ရက်က ရေးမြို့နယ် အောင်မင်္ဂလာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရွှေစာရံဘုန်းကြီးကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ပါဝင်ကူညီဆောင်ရွက်စဉ်။ (ရထားရဲတပ်ဖွဲ့)

## ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ကျိုက်မရော သြဂုတ် ၂၈**

ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းနှင့်တပ်ဖွဲ့ဝင်များသည် သြဂုတ် ၂၇ ရက်က ကျိုက်မရောမြို့နယ် ကျောက်တစ်လုံးလမ်းရှိ ဘုရားနှစ်ဆူ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်တို့တွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လုပ်ဆောင်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူခြင်း၊ မြက်ရိတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွရဲစခန်း စခန်းမှူး ရဲအုပ် အေးမင်းငြိမ်းဦးဆောင်သော တပ်ဖွဲ့ဝင်များသည် သြဂုတ် ၂၆ ရက်က ကျောင်းနှစ်ခွကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ကျိုက်မရော-ကြာအင်းဆိပ်ကြီးသွားကားလမ်းတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လုပ်ဆောင်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(၃၀၇)**

## လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသော မြစ်အတွင်းကျွန်းကျေးရွာများ ဆိုလာဖြင့် မီးလင်းနိုင်ရေးညှိနှိုင်း

**ရေနံချောင်း သြဂုတ် ၂၈**

ရေနံချောင်းမြို့တွင် လျှပ်စစ်မီးကြိုးသွယ်တန်းရန်ခက်ခဲသော ဧရာဝတီမြစ်အတွင်းရှိ ကျွန်းမြေကျေးရွာများမှ ကျေးရွာ ၃၁ရွာကို ဆိုလာဖြင့် မီးလင်းနိုင်ရေးအတွက် သြဂုတ် ၂၅ ရက်က မြို့နယ်ကျေးလက်ဦးစီးဌာနရုံး၌ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရာတွင် ဧရာဝတီမြစ်အတွင်းရှိ ကျွန်းမြေကျေးရွာ ၃၁ ရွာကို ဦးစားပေးဆောင်ရွက်သွားရန် ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ ဆိုလာများမှာ W ၃၀၊ ၄၅ W၊ W ၆၀ ဟူ၍သုံးမျိုးရှိကြောင်း သိရသည်။

"ကျေးရွာကယူမယ်လို့ရွေးချယ်တဲ့ ပစ္စည်းရဲ့ တစ်ဆယ်ရာနှုန်းကို သုံးရစ်ခွဲသွင်းရမယ်။ ကျန်တဲ့ငွေကို နိုင်ငံတော်က ကျခံပေးမယ်။ ယခုအစီအစဉ်ကို ကမ္ဘာ့ဖွံ့ဖြိုးရေးဘဏ်ရဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ကျေးလက်ဦးစီးမှူးက ပြောသည်။

**(ဖြိုးမွန်ကျော်)**

ပြည်တွင်းရေးရာ

# နောက်ဖေးလမ်းကြားတွင် အမှိုက်ပစ်ခြင်း၊ အဝတ်တန်းများ၊ အမိုးအဖီများပြုလုပ်လျှင် ဒဏ်ငွေကျပ် ငါးသောင်းမှ ငါးသိန်း၊ ထောင်ဒဏ်တစ်နှစ် အရေးယူမည်



**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်မြို့တွင်း မြို့နယ်များတွင် နောက်ဖေးလမ်းကြား သန့်ရှင်းရေးကို မြို့တော်စည်ပင်မှ တာဝန်ယူရှင်းလင်းပေးနေရဆဲဖြစ်သည်။ သန့်ရှင်းရေးပြုလုပ်ပြီးစီးသော ရပ်ကွက်အချို့တွင် နောက်ဖေးလမ်းကြားများ အစဉ်သန့်ရှင်းမှုရှိနေစေရန် နောက်ဖေးလမ်းကြားများတွင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ အဝတ်တန်းများ၊ အမိုးအဖီများ ပြုလုပ်ခြင်းများ ပြန်လည်မြင်တွေ့ရပါက ငွေဒဏ်၊ ထောင်ဒဏ်ချမှတ်အရေးယူမည့် အသိပေးမှုများရှိလာသည်ဟု လမ်းမတော်မြို့နယ်(၅)ရပ်ကွက်အတွင်း နေထိုင်သူများက ပြောသည်။

ရပ်ကွက်အတွင်းရှိ နောက်ဖေးလမ်းကြားများကို မြို့တော်စည်ပင်သာယာရေးကော်မတီမှ ငွေအင်အား၊ လူအင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ပြီးဖြစ်သည်။ အပြောင်ရှင်းလင်းပြီးသော နောက်ဖေးလမ်းကြားများတွင် အမှိုက်ပစ်ခြင်း၊ အဝတ်တန်း၊ အမိုးအဖီများ မပြုလုပ်ရ။ တားမြစ်ချက်ကိုပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်သည်။ နောက်ဖေးလမ်းကြားများတွင် အမှိုက်ပစ်ခြင်း၊ အဝတ်တန်းများ၊ အမိုးအဖီပြုလုပ်ခြင်းများ တွေ့ရှိပါက ဒဏ်ငွေကျပ်ငါးသောင်းမှ ငါးသိန်းအထိ ဒဏ်ရိုက်ခံရပြီး ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်သတ်မှတ်ထားသည်။ ဘော်ဒါဆောင်နေသူများအနေဖြင့် စည်းကမ်းမဲ့အမှိုက်ပစ်ပါက အထက်ဖော်ပြပါပြစ်ဒဏ်များဖြင့် အရေးယူခြင်းအပြင် တည်းခိုခန်း ဥပဒေပုဒ်မအရ အရေးယူအပြစ်ပေးခံရမည်ဖြစ်ကြောင်း ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးသို့ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ အသိပေးကြေညာမှုရှိသည်။

မြို့တော်စည်ပင်က နောက်ဖေးလမ်းကြားများကို အပြောင်ရှင်းလင်းပေးရာတွင် လမ်းမတော်မြို့နယ် ရပ်ကွက်များမှ နံနက်စာ ကျွေးမွေးခြင်းများရှိသည်။ သန့်ရှင်းရေးပြုလုပ်ပေးပြီးသော (၅)ရပ်ကွက်အတွင်းရှိ နောက်ဖေးလမ်းကြားများတွင် အနော်ရထာလမ်းမှ ကမ်းနားလမ်းအထိ တိုးလျှိုပေါက်မြင်ကွင်းရှင်းလင်းနေသည်ကို မြင်တွေ့လာရသည်ဟု (၁၁)လမ်းအတွင်း နေထိုင်သူတစ်ဦးက ပြောသည်။

ယင်းသို့တားမြစ်ချက်များအပေါ် ဖောက်ဖျက်ကျူးလွန်ပါက အရေးယူမည့်ငွေဒဏ်၊ ထောင်ဒဏ်ပမာဏကို အသိပေးထားမှုရှိသဖြင့် လိုက်နာမှုရှိလာနိုင်မည်ဟု မျှော်လင့်ရသည်။ ကျူးလွန်ဖောက်ဖျက်မှုများကို တစ်ပြေးညီအရေးယူမှုပါရှိလာလျှင် နောက်ဖေးလမ်းကြားများ အစဉ်သန့်ရှင်းပြီး လုံခြုံရေးအရလည်း မြင်ကွင်းရှင်းလင်းလာနိုင်သည်။

နောက်ဖေးလမ်းကြားများတွင် အမိုးအဖီများပြုလုပ်ခြင်း၊ စားသောက်ဆိုင်များ ချက်ပြုတ်ရောင်းချခြင်း၊ လမ်းဘေးဈေးသည်ပစ္စည်းသိမ်းဂိုဒေါင်အဖြစ်အသုံးချခြင်းများအပြင် မိလ္လာကန်အချို့ ပြုပြင်ထိန်းသိမ်းမှု အားနည်းသဖြင့် နောက်ဖေးလမ်းကြားရေမြောင်းများတွင် အနံ့ဆိုးထွက် ရေဆိုးရေညစ်စီးဆင်းမှုများရှိခဲ့သည်။

လမ်းမတော်မြို့နယ်အတွင်း နောက်ဖေးလမ်းကြား သန့်ရှင်းရေးလုပ်ဆောင်ပြီးသော ရပ်ကွက်အချို့ရှိ နောက်ဖေးလမ်းကြားအချို့အတွင်း အဝတ်တန်း၊ အမိုး၊ အဖီများသာမက ဆိုင်ခန်းသဖွယ်ချက်ပြုတ်အသုံးချနေခြင်းများကို မြင်တွေ့နေရဆဲဖြစ်သည်ဟု မဟာဗန္ဓုလလမ်းတစ်လျှောက် နေ့စဉ်ဖြတ်သန်းသွားလာနေသော ကိုမင်းက ပြောသည်။

လသာမြို့နယ် တရုတ်တန်းလမ်းသွယ်အချို့ နောက်ဖေးလမ်းကြားများတွင် စီးပွားရေးအရ ကျူးကျော်အသုံးချနေမှုများအပေါ် အရေးယူဒဏ်ငွေရိုက်မှုများ ၂၀၁၆ နှစ်ဆန်းတွင်ရှိခဲ့သော်လည်း ဒဏ်ငွေဆောင်ပြီးနောက် ဆက်လက်ကျူးကျော်အသုံးပြုနေဆဲဖြစ်သည်။ လမ်းမတော်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားသန့်ရှင်းရေးကို ပထမဆုံးစတင်ပြုလုပ်နေသော်လည်း မူလအခြေအနေမှာပင် လမ်းမတော်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားအများစု၊ အခြားမြို့နယ်များထက် သန့်ရှင်းမှုများသည် ယခုကဲ့သို့ စည်းကမ်းမဲ့လုပ်ဆောင်မှုအပေါ် ငွေဒဏ်၊ ထောင်ဒဏ်အသိပေးမှုများပါရှိလာသဖြင့် စံပြမြို့နယ်အဖြစ် ရောက်ရှိလာနိုင်သည်။ လမ်းမတော်ကဲ့သို့ ဆက်စပ်မြို့နယ်များတွင်လည်း ဆက်လက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးလျှင် မြို့နယ်အားလုံး နောက်ဖေးလမ်းကြားများ သန့်ရှင်းမှုပိုမိုလာပြီး စည်းကမ်းမဲ့ဖြစ်စဉ်များ လျော့နည်းလာနိုင်သည်ဟု လသာမြို့နယ်အတွင်း နေထိုင်သူ ဦးလှဟန်က သုံးသပ်ပြောဆိုသည်။ **(မောင်စေအောင်)**

# ကလေးသူငယ်များအား ဗီတာမင် "အေ"နှင့် သန်ကျဆေးတိုက်ကျွေး

**သုံးခွ ဩဂုတ် ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက အသက်ခြောက်လမှ ငါးနှစ်အရွယ်အထိ ကလေးငယ်များအား ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဗီတာမင်အာဟာရ ပြည့်ဝမှုရရှိစေရန် အတွက် သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ သူနာပြု ဆရာမများက ကလေးငယ်များအား ပေါင်ချိန်ပေးပြီး အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးငယ်များအား ဗီတာမင်'အေ' တစ်သိန်းအား၊ အသက်တစ်နှစ်မှ ငါးနှစ်ထိ ကလေးငယ်များအား ဗီတာမင်'အေ' နှစ်သိန်းအားတို့ကို တိုက်ကျွေး၍ နှစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား သန်ကျဆေးများ တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။



**(ဗဂျ)**

# မုံရွာမြို့ ရပ်ကွက် ၁၂ ခုကို ချင်းတွင်းမြစ်ရေဖြင့် ရေပေးဝေနိုင်ရေးဆောင်ရွက်

**မုံရွာ ဩဂုတ် ၂၈**

မုံရွာမြို့တွင် ရပ်ကွက်ပေါင်း ၃၁ ခုရှိရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေ ရေပေးဝေရေးလုပ်ငန်းများဖြင့် မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကရေပေးဝေရေးကုမ္ပဏီတို့ပူးပေါင်းပြီး ချင်းတွင်းမြစ်ရေကို အဆင့်မြင့်သန့်စင်ကာ မြို့ပေါ်ရပ်ကွက် ၁၂ ခုသို့ ဖြန့်ဝေပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိ မုံရွာမြို့ပေါ်တွင် ဒေါနခြံရပ်ကွက်ရေစင်၊ မုံရွာတောင်၊ အောင်ချမ်းသာရပ်ကွက်တို့မှ မြေအောက်ရေဖြင့်လည်းကောင်း၊ ချင်းတွင်းမြစ်ကမ်းဘေးရှိ မြစ်ရေတင်စခန်းမှတစ်ဆင့် မုံရွာမြို့တော်ခန်းမဝင်းအတွင်းရှိ ရေစင်မှတစ်ဆင့် ရေပေးဝေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ လက်ရှိ စည်ပင်သာယာရေးကော်မတီမှလည်း ချင်းတွင်းမြစ်ရေဖြန့်ဝေရေးလုပ်ငန်းကို ဖိဖိစီးစီးမလုပ်နိုင်ခြင်း၊ ရေမရသည့် အိမ်များကိုလည်း ရေရအောင်လုပ်ပေးနိုင်မှုမရှိခြင်း၊ သုံးစွဲသူနည်းပါးလာခြင်းတို့ကြောင့် မြစ်ရေတင်လုပ်ငန်းသည် တစ်လလျှင် ငွေကျပ် ခုနစ်သိန်းမှ ရှစ်သိန်းခန့် အရှုံးပေါ်နေသဖြင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ရေဖြန့်ဝေရေးလုပ်ငန်းကို Aqua ura ကုမ္ပဏီက BOT စနစ်ဖြင့် နှစ် ၃၀ ကြာ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီး ယင်းမှတစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်အား စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ ချင်းတွင်းမြစ်ရေကို အဆင့်မြင့်သန့်စင်ပြီး ဖြန့်ဝေပေးမည့် မြို့ပေါ်ရပ်ကွက် ၁၂ ခုတွင် အိမ်ခြေ ၁၀၈၂၄ လုံး၊ လူဦးရေ ၅၆၈၀၃ ဦးရှိရာ လူတစ်ဦးရေအသုံးပြုမှုနှုန်း တစ်ရက်လျှင် ဂါလန် ၂၀ နှုန်းရှိရာ ရေဂါလန်တစ်သန်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Aqua Pura ရေပေးဝေရေးကုမ္ပဏီမှ တာဝန်ယူလုပ်ဆောင်လျက်ရှိသော ချင်းတွင်းမြစ်ရေအဆင့်မြင့်သန့်စင်ပြီး ရေပေးဝေမည့်လုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလ(သို့)ဖေဖော်ဝါရီလအတွင်း ကွေ့ကြီး၊ အောင်ချမ်းသာမြို့သစ်နှင့် အိုးဘိုတောင်ရပ်ကွက်များသို့ ဖြန့်ဝေနိုင်ရေး ဦးစားပေးလုပ်ဆောင်သွားမည် ဖြစ်ကြောင်းနှင့် ကျန်ရှိသော ရုံးကြီး၊ ဘုရားကြီး၊ အလယ်ရပ်၊ ဆူးလေကုန်း၊ ဒေါနခြံ၊ အောင်မင်္ဂလာ၊ မုံရွာတောင်၊ အေးသာယာ ရပ်ကွက်များသို့လည်း ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း အပြီးဖြန့်ဝေပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# အာရှအမျိုးသားကလပ် ဘော်လီဘော ပြိုင်ပွဲဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**


မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော အာရှအမျိုးသားကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယအုပ်စုလက်ရည်စစ်ပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြသည်။



ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(F)မှ ဂျပန်ကလပ်အသင်းနှင့် ကာဇက်စတန်ကလပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်ကလပ်အသင်းက (၂၅-၂၀)မှတ်၊ (၂၅-၁၈) မှတ်၊ (၂၅-၂၀) မှတ် သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(E)မှ မြန်မာအသင်းနှင့် ကာတာကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကာတာကလပ်အသင်းက (၂၅-၁၇) မှတ်၊ (၂၅-၁၉) မှတ်၊ (၂၅-၂၁)မှတ် သုံးပွဲပြတ်လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် အုပ်စု(F)မှ တိုင်ပေကလပ်အသင်းနှင့် အီရန်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အီရန်ကလပ်အသင်းက (၂၅-၂၁)မှတ်၊ (၂၆-၂၄)မှတ်၊ (၂၅-၂၀)မှတ်၊ သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားပြီး ဝဏ္ဏသိဒ္ဓိအားကစား (C)ရုံ၌ ပထမပွဲစဉ်အဖြစ် အုပ်စု(H)မှ အီရတ်ကလပ်အသင်းနှင့် ဟောင်ကောင်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီရတ်ကလပ်အသင်းက (၂၅-၂၁) မှတ်၊ (၂၅-၁၈) မှတ်၊ (၂၅-၁၃) မှတ်၊ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(H)မှ အင်ဒိုနီးရှားကလပ်အသင်းနှင့် မလေးရှားကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်ဒိုနီးရှားကလပ်အသင်းက (၂၅-၂၃)မှတ်၊ (၂၅-၁၇)မှတ်၊ (၃၀-၃၂)မှတ်၊ (၂၅-၁၆)မှတ် သုံးပွဲ တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစား (B) ရုံ၌ ညနေ ၆ နာရီခွဲတွင် စတုတ္ထပွဲစဉ်အဖြစ် အုပ်စု(E)မှ တရုတ်ကလပ်အသင်းနှင့် ဗီယက်နမ်ကလပ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**(မောင်မောင်ဇော်)**



ကြေးမုံ



# Miss Global 2016 အလှမယ်ရွေးချယ်ပွဲအခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည်

ယခုနှစ်၏ Miss Global 2016 အလှမယ် ရွေးချယ်ပွဲအခမ်းအနားကို လာမည့် စက်တင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ စတုတ္ထအကြိမ်မြောက်အဖြစ် ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Miss Global အလှမယ်ရွေးချယ်ပွဲကို ၂၀၁၃ ခုနှစ်က စတင်ကျင်းပခဲ့ရာ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသည် တတိယအကြိမ်နှင့် ယခုကျင်းပမည့် စတုတ္ထအကြိမ်တို့ကို နှစ်နှစ်ဆက်တိုက်အဖြစ် လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံဖြစ်လာခဲ့သည်။

အဆိုပါ အလှမယ်ရွေးချယ်ပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ Pasay မြို့၌ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ကမ္ဘာတစ်ဝန်းမှ ပြိုင်ပွဲဝင်အလှမယ်ပေါင်း ၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် စတုတ္ထအကြိမ်မြောက်အဖြစ် ကျင်းပမည့် အဆိုပါ အလှမယ်ရွေးချယ်ပွဲကြီး၏ သတင်းစာရှင်းလင်းပွဲကို ယခုလ တတိယပတ်အတွင်းက ကျင်းပခဲ့ရာ လက်ရှိသရဖူပိုင်ရှင် ဩစတြေးလျအလှမယ်




Miss Global 2015 Jessica Peart လည်း တက်ရောက်ခဲ့ပြီး Miss Global Philippines ဆုရှင်များဖြစ်သည့် Catherine Almirante၊ Candice Ramos နှင့် Camille Hirro တို့လည်း တက်ရောက်ခဲ့ကြသည်။

Miss Global 2016 အလှမယ် သရဖူဆွတ်ခူးရရှိသည့် အလှမယ်သည် ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်ရေးအတွက် သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် အားနွဲ့သူများအား ဖေးမကူညီသည့် Senhoa ဖောင်ဒေးရှင်းနှင့်လက်တွဲကာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သုံးကြိမ်တိုင်တိုင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့် အဆိုပါအလှမယ်ပြိုင်ပွဲများ၏ သရဖူပိုင်ရှင်များမှာ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်က ကနေဒါနိုင်ငံကိုယ်စားပြု အလှမယ်များဖြစ်သည့် Emily Kissနှင့် Ela Mino တို့ကလည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ဩစတြေးလျနိုင်ငံကိုယ်စားပြုအလှမယ် Jessica Peart က လည်းကောင်း အသီးသီးရရှိဆွတ်ခူးခဲ့ကြသည်။

❋❋

## ကမ္ဘာ့ရုပ်ရှင်လောကတွင် ဝင်ငွေအကောင်းဆုံးမင်းသားစာရင်းဝင်ဖြစ်လာခဲ့သည့် အက်ရှင်မင်းသားကြီး ဂျက်ကီချန်း

ကွန်ဖူးစူပါစတား၊ နာမည်ကျော် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းအနေဖြင့် Forbes မဂ္ဂဇင်းမှ ထုတ်ပြန်ခဲ့သော အနုပညာရှင်များ၏ တစ်နှစ်တာဝင်ငွေစာရင်းများအရ ကမ္ဘာ့ရုပ်ရှင်လောကတွင် ဝင်ငွေအကောင်းဆုံး မင်းသားများတွင် တစ်ဦးအပါအဝင် ဖြစ်လာခဲ့သည်။

ဂျက်ကီချန်းသည် အာရှရုပ်ရှင်လောကတွင်သာမက ကမ္ဘာ့ရုပ်ရှင်လောက၌ပါ အက်ရှင်ဟီးရိုးတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသူဖြစ်ပြီး တစ်နှစ်တာဝင်ငွေ အမေရိကန်ဒေါ်လာ ၆၁ သန်းကျော်ဖြင့် ယင်းသို့ရပ်တည်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါစာရင်းတွင် အက်ရှင်မင်းသား Dwayne Johnson က တစ်နှစ်တာဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်ဖြင့် ပထမနေရာတွင်လည်းကောင်း၊ ဂျက်ကီချန်းက ဒုတိယနေရာနှင့် မက်ဒန်မွန်နှင့် တွမ်ခရုဇ်တို့က တတိယနှင့် စတုတ္ထနေရာတို့တွင်လည်းကောင်း ရပ်တည်ခဲ့သည်။

Forbes မဂ္ဂဇင်းမှ ထုတ်ပြန်ခဲ့သော တစ်နှစ်တာအတွင်း ဝင်ငွေအကောင်းဆုံး



အနုပညာရှင် ၃၀ ၏ စာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဩစတြေးလျ အက်ရှင်မင်းသားဟု ဂျက်ခ်မန်းနှင့် ခရစ်စ်ဟမ်းဝေါ့သ်တို့မှာ အဆိုပါစာရင်းတွင် ဖော်ပြခြင်းမခံခဲ့ရပေ။

Forbes မှ ဖော်ပြခဲ့သည့် အဆိုပါစာရင်းတွင် ဝင်ငွေအကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်များစာရင်းလည်းပါဝင်ခဲ့ရာ နံပါတ်တစ်ဝင်ငွေအကောင်းဆုံးမင်းသမီးအဖြစ် ဂျနီဖာလောရန့်စ်သည် တစ်နှစ်တာဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ သန်းဖြင့် ဒုတိယအကြိမ်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

## Man of the Year 2016 ဆုရရှိဆွတ်ခူးခဲ့သူ ဖိလစ်ပိုင်နိုင်ငံသား Karan Singhdole

ယခုနှစ်အတွက် Man of the Year 2016 ဆုကို ဖိလစ်ပိုင်နိုင်ငံမှ အသက်(၂၃)နှစ်အရွယ် မော်ဒယ်တစ်ဦး ဖြစ်သူ Karan Singhdole က ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါဆုပေးပွဲအခမ်းအနားကို



ဩဂုတ် ၂၀ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးဆန်ခါတင် ပြိုင်ပွဲဝင် ၁၀ ဦးကို ကျော်လွန်ကာ Karan Singhdole က ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး 1st Runner up ဆုရှင်အဖြစ် လက်ဘနွန်နိုင်ငံမှ Tarek Moaykel ကလည်းကောင်း၊ 2nd Runner up ဆုရှင်အဖြစ် နယ်သာလန်နိုင်ငံသား Tim Bertrams ကလည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။

အိန္ဒိယလူမျိုး မိဘများမှ မွေးဖွားပြီး ဖိလစ်ပိုင်နိုင်ငံတွင် မွေးဖွားကြီးပြင်းလာခဲ့သူ Karan Singhdole သည် ယခုတွင် သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများတွင် သံတမန်တစ်ဦးအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉- ၈ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ အဖွင့် မိုးလေဝသအစီအစဉ် တေးဂီတအစီအစဉ်
- ၆း၂၀ ကာတွန်းအစီအစဉ် “Ice Age;Dawn of the Dinosaurs” (Part-2)
- ၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ” (အပိုင်း-၇၂)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ကိုယ့်ဘဝ ကိုယ့်အိပ်မက်” (အပိုင်း-၃၂)
- ၈း၃၀ MRTV-4 Entertainment Music
- ၈း၄၀ ရွှေကျင်သမားတစ်ယောက်၏ဘဝ
- ၉း၁၅ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၃၀ ပြည်သူ့နီတိ“တူသောအကျိုး”
- ၉း၄၅ ဆန်းသစ်လှပ မြန်မာအက
- ၉း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း “ငရဲခန်းပျို့”
- ၁၂း၀၀ အစီအစဉ်ပြီး၏

**ည (၀၇း၀၀)- ငြိမ်းချမ်းရေးအလင်းရောင်အနုပညာပွဲတော် တိုက်ရိုက်ထုတ်လွှင့်မှု တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၄၀ “လမ်းသုံးသွယ်”တရားတော် [ဆရာတော်အရှင် ပညာသီဟာဘိဝံသ (တရားဦးဓမ္မစကြာ)]
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Sulet Plaza Grand Opening)
- ၈း၀၀ “မင်္ဂလာပါ” The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ်စားမယ် (SHIRO- Japanese & ASIAN REST URANT)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကိုလူပျို” (အပိုင်း-၃၆)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သူပေးတဲ့ကတိစကား” (အပိုင်း-၄၇)
- ၃း၅၅ Cartoon Series (English Play Ground)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သူပေးတဲ့ကတိစကား” (အပိုင်း-၄၈)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကိုလူပျို”(အပိုင်း-၃၇)
- ၈း၁၅ Grive It
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ချစ်သစ္စာတည်စေသော်” (အပိုင်း-၉၃)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သူရသတ္တိမိန်းမလှလေး’ (အပိုင်း-၂၀)
- ၁၀း၀၀ အနုပညာမိုးကောင်းကင်
- ၁၀း၂၀ MRTV-4 Stage
- ၁၀း၅၀ World of Knowledge (Under cover USA Hollywood Homeless

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၁၆ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ရွှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၉း၂၀ ကျန်းမာသုတ
- ၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၁၀း၀၀ Casual Talk
- ၁၀း၁၅ အစွန်းလွတ်ရာဆီသို့
- ၁၀း၂၅ မေးမြန်းစူးစမ်း
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ မြန်မာ့ရှုခင်း
- ၁၁း၂၅ ပျိုပျိုမေ
- ၁၁း၃၅ Cooking Art
- ၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂း၀၀ အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ
- ၁၂း၁၅ မြန်မာသံစဉ်ချိုနားဝင်
- ၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၄၅ Guide For You
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၅၀)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၅၀)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်း အေးချမ်းပါစေ အပိုင်း(၆၃)
  - ဘောလုံးကန်ကြမယ်
  - ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင်
  - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အဏ္ဏဝါချစ်သူ အပိုင်း(၁၇)

### mitv

- 07:03 News
- 07:27 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- 07:41 Clam Farming
- 08:26 "Myanmar's Traditions and Culture" Novicehood in Myanmar
- 08:50 Myanmar Street Foods
- 08:54 Modifying Natural Thanakha Bark into Ready-Made Skin Care Product
- 09:26 Crab Business (Part-I) Mud Crab
- 09:42 International Dances in Myanmar
- 10:26 Myanmar Betels
- 10:42 A Chance to Change Their Future
- 07:27 Food Trip (Ep-5) (Part-1)
- 07:46 Five Hair Relic Enshrined Pagodas
- 08:26 " Taste Of Myanmar (Lashio Noodle)
- 08:43 " Black Gold (Part - II)
- 08:48 " Kayin Child Boxer

**အားကစား**

## ရှေ့ဖိနပ်ဆုအတွက် အီဗရာဟီမိုဗစ်ချ်နှင့် ပြိုင်ဆိုင်ခြင်းမရှိဟု အဂူရိုဆို

မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းတစ်ရပ် ပြသထားနိုင်၍ပျော်ရွှင်မိသော်လည်း ယင်းမှာရွှေဖိနပ်ဆုအတွက် မြို့ခံပြိုင်ဘက် မန်ယူအသင်းမှ တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်နှင့် ပြိုင်ဆိုင်နေခြင်း မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အီဗရာဟီမိုဗစ်ချ်သည် မန်ယူအသင်းအတွက် ရာသီအစနှစ်ပွဲမှာပင် သွင်းဂိုး သုံးဂိုးသွင်းယူထားနိုင်သော်လည်း ဟားလ်စီးတီးနှင့်ပွဲစဉ်တွင်မူ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ အဂူရိုကလည်း ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်မတိုင်မီ ပရီမီယာလိဂ်ပွဲစဉ် နှစ်ပွဲတွင် သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့ပြီးဖြစ်သည်။ အဂူရိုမှာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပရီမီယာလိဂ်၏ ဒုတိယသွင်းဂိုးအများဆုံးကစားသမားဖြစ်ပြီး ယခုနှစ်တွင်ရွှေဖိနပ်ဆုအတွက် အီဗရာဟီမိုဗစ်ချ်နှင့် အဓိက ပြိုင်ဆိုင်ရနိုင်သည်ဟူသော မှန်းဆချက်များ ထွက်ပေါ်နေရာ ယခုကဲ့သို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်ရော၊ အီဗရာဟီရော နှစ်ဦးစလုံးရာသီအစ အကောင်းဆုံး ပုံစံကို ပြသနိုင်ခဲ့ကြပြီး ဂိုးတွေလည်းသွင်းနိုင်ကြပါတယ်။ ဒါပေမယ့် ကျွန်တော် သူနဲ့ပြိုင်ဆိုင်မယ်လို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပါဘူး"ဟု အဂူရိုက ဆိုလိုက်သည်။

## ဟာဇက်အကောင်းဆုံး ပုံစံပြန်ရနေပြီဟု အလန်ရှီးယားယုံကြည်

ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်အနေဖြင့် သူ၏အကောင်းဆုံးပုံစံကို ပြန်လည်ရရှိနေပြီဖြစ်ကြောင်း ဘောလုံးအရေးကျွမ်းကျင်သူ အလန်ရှီးယားက သုံးသပ်လိုက်သည်။ ဟာဇက်မှာ ၂၀၁၅ ခုနှစ် ပီအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သော်လည်း ပြီးခဲ့သည့် တစ်ရာသီလုံး ခြေစွမ်းကျဆင်းခဲ့ရာ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

ချယ်လ်ဆီးက ဘန်လေအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် အဖွင့်ဂိုးကို ကိုယ်တိုင်သွင်းယူနိုင်ခဲ့သလို ပွဲစဉ်တစ်လျှောက် ရှေ့နောက် ချိတ်ဆက်ကာ အကောင်းဆုံးကစားပြနိုင်ခဲ့သည်။ အလန်ရှီးယားက လွန်ခဲ့သည့် နှစ်နှစ်တာကာလက ဟာဇက်ကို အခုအချိန်တွင် ပရိသတ်များ ပြန်လည်မြင်တွေ့ခွင့်ရခဲ့ကြပြီး ယင်းသို့ပြောင်းလဲနိုင်ခဲ့ခြင်းမှာ နည်းပြသစ်ကွန်တီကြောင့် ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ချယ်လ်ဆီးကစားသမားဟောင်း ရုဒ်ဂူးလစ်ကမူ ကန်တီကို လက်စတာမှ ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် ဟာဇက်၏ တိုက်စစ်ကစားဟန်ကို ပိုပြီးအသက်ဝင်စေခဲ့ကြောင်း သုံးသပ်ခဲ့သည်။

## ဝက်စ်ဟမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည့် တိုက်စစ်မှူး ဇာဇာ

ဂျူဗင်တပ်တိုက်စစ်မှူး ဇာဇာမှာ ပရီမီယာလိဂ်ကလပ်ဝက်စ်ဟမ်းသို့ အပြီးသတ် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းပိုင်ရှင်၏ သားဖြစ်သူ ဂျက်ဆူလီဗန်၏ ပြောကြားချက်အရ သိရသည်။ ဇာဇာအား အစတွင်အငှားဖြင့် ခေါ်ယူသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် အပြီးသတ်ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အပြောင်းအရွှေ့ရာသီ ပိတ်သိမ်းချိန် နီးကပ်လာပြီဖြစ်သဖြင့် အပြီးသတ် ခေါ်ယူရန် ခက်ခဲမှုရှိခဲ့ရာ ယူရိုငါးသန်းတန်အငှားစာချုပ်ဖြင့် ဗွေဆော်ဦး ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ ဝက်စ်ဟမ်းအသင်းတွင် တိုက်စစ်မှူး အန်ဒီကာရိုးနှင့် အေယူးတို့နှစ်ဦးစလုံးဒဏ်ရာပြဿနာရှိနေသဖြင့် ဇာဇာ ရောက်ရှိလာခြင်းက အေယူး၏နေရာကို အစားထိုးနိုင်ရန် ပြီးပြည့်စုံသည့် ခေါ်ယူမှုဖြစ်လာမည်ဖြစ်သည်။




ဆယ်လ်တာဗီဂိုနဲ့ပွဲဟာ အသင်းပြောင်းနိုင်ဖွယ်ရှိတယ်လို့ သတင်းကြီးနေတဲ့ ဂျိမ်းဒရီဂွက်ဇ်ရဲ့ ရီးယဲလ်မက်ဒရစ်အတွက်နောက်ဆုံးကစားခဲ့တဲ့ ပွဲလားဆိုတာ ပရိသတ်တွေသိချင်နေတဲ့ မေးခွန်းတွေထဲက တစ်ခု ဖြစ်ပါလိမ့်မယ်။ ဂျိမ်းစ်က ရီးယဲလ်မက်ဒရစ်နဲ့ ဆယ်လ်တာဗီဂို တစ်ဂိုးစီသရေကျနေချိန် ပွဲချိန် ၆၉ မိနစ်မှာ လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့ပြီးတိုနီခရူးစ် သွင်းယူတဲ့ အဖိုးတန်အနိုင်ဂိုးဟာ သူ့ရဲ့ဘောလုံးလမ်းကြောင်း ဖြန့်ကြက်မှုက ဖြစ်တည်လာတာဖြစ်ပါတယ်။ ဒီလိုခြေစွမ်းကောင်းဆဲ၊ အသက်အရွယ်အားဖြင့် ငယ်ရွယ်နုပျိုဆဲ ကစားသမားကို ဇီဒန်းထုတ်ရောင်းမလား စဉ်းစားကြည့်ကြရအောင်ပါ။

သူဟာရီးယဲလ်ရဲ့ ပြောင်းရွှေ့ကြေးအများဆုံးပေးချေခဲ့ရတဲ့ ကစားသမားတွေထဲက တစ်ဦးဖြစ်ပြီး သူ့ကိုရဖို့ရီးယဲလ်မက်ဒရစ်က ယူရိုသန်း ၈၀ အထိ အသုံးပြုခဲ့ရတာပါ။ သူဟာနည်းပြ အန်စလော့တီလက်ထက်မှာ အကောင်းဆုံး ပုံစံတစ်ရပ်ပြသနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ရာသီ ဘင်နီတက်ဇ်ရောက်ရှိလာပြီး နောက်ပိုင်း ခြေစွမ်းပျောက်ဆုံးသွားခဲ့သလို အစားထိုးတာဝန်ယူခဲ့တဲ့ နည်းပြ ဇီဒန်းရဲ့ စိတ်ကြိုက်ကစားသမားတစ်ဦးလည်း မဟုတ်ခဲ့ပါဘူး။ ဒါကြောင့်လည်း လူကာမိုဒရစ်၊ ကာစီမီရို၊ တိုနီခရူးစ်တို့နောက် အရန်ကစားသမားအဖြစ်သာ အချိန်တွေ ကုန်ဆုံးနေရသူဖြစ်ပါတယ်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ဇီဒန်းလက်ထက်မှာ ၁၂ပွဲသာ ပွဲထွက်ကစားခွင့်ရခဲ့ပြီး ၁၆ပွဲ လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့ရတာကို မှတ်တမ်းတွေအရ တွေ့ရှိရပါတယ်။ ဒါ့အပြင် လူငယ်ကစားသမား အဆန်စီရိုခြေစွမ်း တောက်ပြောင်လာမှုက အစ္စကို၊ ကိုဗာဆစ်တို့ကိုတောင် နေရာပျောက်စေတာကြောင့် ဂျိမ်းစ်အနေနဲ့လည်း နေရာရဖို့ အခွင့်အရေး ရှားပါးနေတယ်လို့ ယူဆရပါတယ်။

ဆဲလ်တာဗီဂိုနဲ့ပွဲအပြီး ဇီဒန်းက ဂျိမ်းစ်အနေနဲ့ ဘယ်အသင်းကိုမှ ပြောင်းမှာမဟုတ်ဘဲ ရီးယဲလ်မှာပဲ ဆက်ရှိနေမယ်လို့ အခိုင်အမာဆိုခဲ့ပါတယ်။ ဇီဒန်းက"ဒီပွဲမှာ ဂျိမ်းစ် အနေနဲ့ အကောင်းဆုံးအရာတွေကို စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။ သေချာပြောနိုင်တာ တစ်ခုကတော့ သူဘယ်အသင်းမှ ပြောင်းမှာ မဟုတ်ဘဲ ရီးယဲလ်မှာပဲ ဆက်ရှိနေမှာဖြစ်ပါတယ်"လို့ ဆိုခဲ့ပါတယ်။

ဂျိမ်းစ် အသင်းပြောင်းတော့မယ်ဆိုတဲ့ သတင်းတွေ အခုလိုကျယ်ကျယ် ပြန့်ပြန့် ထွက်လာခဲ့တာက ဆိုစီဒက်နဲ့ပွဲစဉ်မှာ စီရိုနယ်လ်ဒို၊ ဘင်ဇီမာနဲ့ လူကာမိုဒရစ်တို့ ဝင်ရောက်မကစားနိုင်ခဲ့တာတောင် ဂျိမ်းစ်ဟာ ဇီဒန်းရဲ့ နောက်ဆုံး လူစားဝင် ကစားသမားသာ ဖြစ်ခွင့်ရခဲ့ပြီး ၁၇ မိနစ်လောက်ပဲ ကစားခွင့်ရခဲ့တာပါ။ ဒါပေမယ့် အပြောင်းအရွှေ့ဈေးကွက်က ဩဂုတ် ၃၁ ရက်မှာ ပိတ်သိမ်းမှာမို့ အချိန်နီးကပ်နေပြီဖြစ်သလို အပြောင်းအရွှေ့ တကယ်တမ်းဖြစ်မြောက်လာဖို့က ကမ်းလှမ်းလာတဲ့ အသင်းရဲ့အနေအထားပေါ် မူတည်တာကို သတိပြုရမှာဖြစ်ပါတယ်။

သူ့ကို ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူလိုနေပြီး မြင့်မားတဲ့ ပြောင်းရွှေ့ကြေးသုံးဖို့ ဝန်လေးမှာ မဟုတ်ဘူးလို့လည်း ဆိုထားတာကြောင့် သူ့ရဲ့ လားရာဟာ ချယ်လ်ဆီးအသင်းသာ ဖြစ်နိုင်တယ်လို့ အချို့က သုံးသပ်နေကြပါတယ်။ တစ်ဖက်မှာလည်း ထိပ်တန်းကစားသမားတစ်ဦးအနေနဲ့ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွင်း သုံးပွဲမှာမှ ၈၁ မိနစ်သာ ဝင်ရောက်ကစားခွင့်ရပေမယ့် ဝင်ရောက်ကစားချိန်တိုင်း ခြေစွမ်းပြနေပြီး သူ့ရဲ့တန်ဖိုးကို ပြသနေသူဖြစ်တာကြောင့် ဒီအခြေအနေဟာ ရီးယဲလ်အနာဂတ်အတွက်သာ ဆက်လက်တိုက်ပွဲဝင်မယ့် အခြေအနေကို ဦးတည်နေတယ်လို့သာ ကောက်ချက်ဆွဲနေကြတာလည်းဖြစ်ပါတယ်။

ရီးယဲလ်မှာ ကစားသမားကောင်းတွေအများကြီး ရှိနေပေမယ့် ဂျိမ်းစ်ဟာ အခုမှ(၂၅)နှစ်ပဲရှိသေးသူဖြစ်သလို ဗဟိုကွင်းလယ်၊ ကွင်းလယ်တိုက်စစ်၊ တောင်ပံတိုက်စစ်စတဲ့ နေရာစုံမှာ ကစားနိုင်သူဖြစ်ပါတယ်။ ဒီလိုဆိုတော့ မြင့်မားတဲ့ နှုန်းထားမရရှိဘဲနဲ့တော့ ထုတ်ရောင်းဖို့ အကြောင်းမမြင်ပါဘူး။ ဒါ့အပြင် ဆဲလ်တာဗီဂိုနဲ့ပွဲမှာ ကစားခဲ့တဲ့ပုံစံကောင်းကိုသာ ဆက်ထိန်းနိုင်မယ်ဆိုရင် ဂျိမ်းစ်ဟာ မကြာခင်အချိန်အတွင်း ရီးယဲလ်ရဲ့ အဓိကကစားသမားအဖြစ်ပြန်လည်နေရာ ရဖို့ရှိနေသလို ဒီရာသီမှာတော့ အသင်းပြောင်းဖို့ အခြေအနေမရှိဘူးလို့သာ မြင်မိပါတယ်။

## မူစတာဖီနှင့် ပီရက်ဇ်တို့နှစ်ဦးအား စာချုပ်ချုပ်ဆိုခေါ်ယူမှု ၄၈ နာရီအတွင်းပြီးစီးမည်ဟု ဝင်းဂါးအတည်ပြုပြောကြား



ပရီမီယာလိဂ်ကလပ်အာဆင်နယ်အသင်းမှ နည်းပြအာစင်ဝင်းဂါးသည် မူစတာဖီနှင့် လူးကပ်စ်ပီရက်ဇ်တို့ နှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့် ၄၈ နာရီအတွင်း စာချုပ်ချုပ်ဆိုခေါ်ယူမှုကို အပြီးသတ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

အဆိုပါကစားသမားနှစ်ဦးစလုံးသည် ဩဂုတ် ၂၆ ရက်က အာဆင်နယ်အသင်းနှင့် ကျန်းမာရေးဆေးစစ်မှုများလုပ်ဆောင်ခဲ့ကြပြီး ဂျာမနီကြယ်ပွင့် မူစတာဖီသည် ယခုအပြောင်းအရွှေ့ကာလအတွင်း အာဆင်နယ်အသင်း၏ နံပါတ်တစ်ဦးစားပေးခေါ်ယူမည့် နောက်တန်းကစားသမားတစ်ဦးအဖြစ်လည်း ရေပန်းစားခဲ့သူဖြစ်သည်။

မူစတာဖီသည် ဗလင်စီယာအသင်း၏ နောက်တန်းခံစစ်ကြောင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် အာဆင်နယ်အသင်းနှင့် စာချုပ်ချုပ်ဆိုမည်ဖြစ် ကြောင်းသိရသည်။

ဂျာမနီကြယ်ပွင့် မူစတာဖီသည် ဆမ်ဒိုးရီးယားအသင်းတွင် ပွဲပေါင်း ၅၀ အထိကစားပေးခဲ့ပြီး ဗလင်စီယာ အသင်းတွင်လည်း ပွဲပေါင်း ၆၁ ပွဲပါဝင်ကစားပေးထားနိုင်ခဲ့သည်။ ဂျာမနီ လက်ရွေးစင်အသင်းအတွက်မူ ၁၂ ပွဲသာ ပါဝင်ကစားပေးထားပြီး အသက်(၂၂)နှစ်ပြည့်သည့် ၂၀၁၄ ခုနှစ်ရောက်မှ ဝင်ရောက်ကစားခွင့်ရခဲ့သည်။

ဒီပို့တီဗိုတိုက်စစ်မှူး ပီရက်ဇ်ကိုမူ အာဆင်နယ်အသင်း၏ ကွင်းလယ်တိုက်စစ်မှူးအဖြစ် အသုံးပြုလိမ့်မည်ဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၁၆ ဒသမ ၉ သန်းကုန်ကျမည်ဖြစ်ကြောင်းလည်း သိရသည်။ တိုက်စစ်မှူး ပီရက်ဇ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ဗယ်လက်ကာနိုအသင်း၊ ဗလင်စီယာအသင်း၊ ဒိုင်နမိုကိဗ်အသင်း စသည့် အသင်းများတွင်လည်း ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။

အာဆင်နယ်အသင်းသည် ဇာကာ၊ ရော့ဒ်ဟိုးဒင်းနှင့် အက်ဆာနို တို့အား ခေါ်ယူခဲ့ပြီးနောက် ယခုအပြောင်းအရွှေ့ကာလအတွင်း လက်ရှိအနေအထားအရ ပေါင်သန်း ၉၀ နီးပါအထိ အသုံးပြုထားခဲ့ပြီးဖြစ်သည်။

**(ငွေကြယ်)**

### ဩဂုတ် ၂၇/၂၈ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၃** | | | | |
| ဟားလ်စီးတီး | ၀ | - | ၁ | မန်ယူ |
| ဝက်စ်ဘရွန်း | ၀ | - | ၀ | မစ်ဒယ်ဘရော့ |
| မန်စီးတီး | ၃ | - | ၁ | ဝက်စ်ဟမ်း |
| **စီးရီးအေ ပွဲစဉ် - ၂** | | | | |
| လာဇီယို | ၀ | - | ၁ | ဂျူဗင်တပ် |
| နာပိုလီ | ၄ | - | ၂ | အေစီမီလန် |
| **လာလီဂါ ပွဲစဉ် - ၂** | | | | |
| ဆိုဆာဆူနာ | ၀ | - | ၂ | ဆိုစီဒက် |
| အီဘား | ၁ | - | ၀ | ဗလင်စီယာ |
| ရီးယဲလ်မက်ဒရစ် | ၂ | - | ၁ | ဆယ်လ်တာဗီဂို |
| လီဂါနက်စ် | ၀ | - | ၀ | အက်သလက် |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁** | | | | |
| မိုချန်ဂလာဘတ် | ၂ | - | ၁ | လေဗာကူဆင် |
| ဟာသာဘာလင် | ၂ | - | ၁ | ဖရိုင်းဘတ် |
| **ပြင်သစ်လီဂူး ပွဲစဉ် - ၃** | | | | |
| နန့်စီ | ၁ | - | ၁ | ဂူအင်ဂမ့် |
| မွန့်ပယ်လီယာ | ၁ | - | ၁ | ရင်းနစ် |
| နိုက်စ် | ၁ | - | ၁ | လိုင်လီ |
| ကိန်း | ၂ | - | ၀ | ဘက်စတီးယား |
| မက်ဇ် | ၂ | - | ၀ | အန်းဂါးစ် |
| ဘော်ဒိုး | ၁ | - | ၀ | နန့်တက်စ် |
| စိန့်အက်တီယန် | ၀ | - | ၀ | တူးလော့စ် |

**မောင်မောင်ဇော်**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့ပေးအပ်ငွေ ၃၁ သိန်းအား မြို့နယ်များသို့ထပ်ဆင့်ပေးအပ်

**မော်လိုက် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်အတွင်း ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့အိမ်ထောင်စုများအတွက် အိမ်များပြန်လည်ဆောက်လုပ်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေ စုစုပေါင်း ၃၁ သိန်းအား မြို့နယ်များသို့ ထပ်ဆင့်ပေးအပ်ပွဲ ကို ဩဂုတ် ၂၅ ရက် နံနက်တွင် မော်လိုက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်စုစုစံမှ အလှူငွေများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထောက်ပံ့ငွေ မော်လိုက်မြို့နယ်အတွက် ၁၅ သိန်းနှင့် ဖောင်းပြင်မြို့နယ်အတွက် ၁၆ သိန်း စုစုပေါင်း ၃၁ သိန်းအား ပေးအပ်ခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက လက်ခံခဲ့ကြသည်။

ဆက်လက်ပြီး မော်လိုက်ခရိုင်အမျိုးသမီးရေးအဖွဲ့၊ အဖွဲ့ဝင် ဒေါ်စုစုစံ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီရွှေနှင့် အဖွဲ့ဝင်တို့က မော်လိုက်မြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စု ၁၅ စုအတွက် တစ်အိမ်ထောင်စုလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေ ၁၅ သိန်းကို နေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ထောက်ပံ့ပေးခဲ့ကြသည်။

ယင်းနောက် မော်လိုက်ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြတ်ဇော်ထွန်းနှင့် တာဝန်ရှိသူတို့က ဖျက်သိမ်းပြောင်းရွှေ့အိမ်ထောင်စုများအတွက် UNFPA မှ ထောက်ပံ့သည့် ကစ် (Kit)ထုပ်များကိုလည်း ပေးအပ်ခဲ့ကြပြီး လျှင်ကြိုတင်ကာကွယ်ရေးအသိပညာပေးအနေဖြင့် တက်ရောက်လာကြသည့် ပြည်သူများသိရှိစေရန် ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ကလေးသူငယ်များအတုယူမှားစေနိုင်သည့် Smoke Candy ချိုချဉ်များအား ဈေးနှင့်ကျောင်းများတွင် ရောင်းချခြင်းမပြုရန်အသိပေး

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဈေးများနှင့် ကျောင်းမုန့်ဈေးတန်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များရောင်းချရေး အစဉ်ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ဈေးချိုဧရိယာအတွင်းရှိ မုန့်ဆိုင်များအားကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနေ့က ခရိုင်အုပ်ချုပ်ရေးမှူးဦးဝင်းဇော်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနမှူး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန(မန္တလေးဌာနခွဲ) လက်ထောက်ညွှန်ကြားရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဈေးချိုဧရိယာအတွင်းရှိ မုန့်ဆိုင်များအား ကွင်းဆင်းစစ်ဆေး၍ တစ်ဖက်နိုင်ငံမှတင်သွင်းလာသော Smoke Candy ချိုချဉ်များတွေ့ရှိသဖြင့် ကလေးသူငယ်များအတုယူမှားစေနိုင်သဖြင့် ဈေးများနှင့် ကျောင်းများတွင် ရောင်းချခြင်းမပြုရန် အသိပေးပြောကြားခဲ့သည်။

ယင်းချိုချဉ်များကို စားသုံးရန်သင့်၊ မသင့်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့် ဓာတုဗေဒဝန်ရုံးသို့ ပေးပို့စစ်ဆေးကာ အဖြေထွက်ရှိမှုအပေါ် မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**




## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများဆက်သွယ်သွားလာမှု အဆင်ပြေ

**ဝါးခယ်မ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြသိန်းတန်ရပ်ကွက် မြသိန်းတန် သုံးလမ်း၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ရာ ယခုအခါတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ အချိန်အခါမရွေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ အစဉ်အမြဲ ဖြတ်သန်းသွားလာလျက်ရှိသော မြသိန်းတန် သုံးလမ်း အရှေ့ခြမ်းကို အရှည် ၈၅၀ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၈၀၊ ဒေသခံပြည်သူများမှ ထည့်ဝင်ငွေ ၅၃ ဒသမ ၈ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြသိန်းတန် သုံးလမ်း အနောက်ခြမ်းကို အရှည်ပေ ၄၈၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅ ဒသမ ၃ သိန်း၊ ဒေသခံပြည်သူများမှ ထည့်ဝင်ငွေ ၃၀ ဒသမ ၇ သိန်းဖြင့် ယခုလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ (ဝါးခယ်မ)**

## ကျောက်ကြီးမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နှင့် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်း

**ကျောက်ကြီး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့သည် ဩဂုတ် ၂၆ ရက် ညနေ ၃ နာရီခန့်က ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ ဒေါ်နန်းကျင်ဦး ဦးစီးသော ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ရေပေါ်ကုန်းကျေးရွာ၊ အုန်းတပင်ကျေးရွာ၊ မကျီးလဟာကျေးရွာ၊ ကွင်းလယ်စု၊ ညောင်မှော်၊ အကယ်ကြီး၊ ကျခတ်မြောင်၊ သမင်ခြံ၊ စစ်တပင်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ဆန်အိတ် ၁၆၀ ကျော် သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ကျေးရွာများမှာ ဩဂုတ် ၄ ရက်မှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် လယ်မြေကေပေါင်း ထောင်နှင့်ချီ၍ ရေလွှမ်းမိုးမှုခံခဲ့ရသည်။ အိမ်ထောင်စုပေါင်း ၆၇၅ စု လူဦးရေ ပေါင်း ၂၅၀၀ ခန့်ရှိပြီး ရေကြီးနစ်မြုပ်မှုကြောင့် လယ်များပျက်စီးဆုံးရှုံးခဲ့ရသည်။ ဒေသခံများမှာ နေအိမ်များ ခေတ္တစွန့်ခွာ၍ ဘေးလွတ်ရာ ရွှေ့နေရပြီး ဩဂုတ် ၂၀ ရက်ခန့်မှစ ၍ တဖြည်းဖြည်း ရေကျဆင်းလာနေသော်လည်း လယ်မြေအားလုံး ရေနစ်မြုပ်နေဆဲဖြစ်သဖြင့် သွားရေးလာရေး ခက်ခဲကာ စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရသည်။

အနယ်နယ်အရပ်ရပ်မှ ပရဟိတအဖွဲ့များမှာ မိမိတို့ကျေးရွာများသို့ လမ်းခရီးအခက်အခဲကြောင့် လာရောက်မှုနည်းပါးပြီး လာရောက်လှူဒါန်းမှုမှာ ယခု ရှမ်း၊ ကရင် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အပါအဝင် နှစ်ဖွဲ့သာ ရောက်ရှိခဲ့ကြောင်း ယခုလိုလာရောက်လှူဒါန်းသည့် ဆန်နှင့် အခြားအသုံးအဆောင်ပစ္စည်းများအား ဒေသခံ တာဝန်ရှိသူများက စက်လှေများဖြင့် အချိုးကျ အိမ်တိုင်ရာရောက်လိုက်လံ ပို့ဆောင်ပေးနေသဖြင့် အထူးကျေးဇူးတင် ဝမ်းမြောက်ကြောင်း ဒေသခံများက ပြောသည်။

**ပန်းချီသန်းဝင်း(ကျောက်ကြီး)**



## လူထုဗဟိုပြုစီမံကိန်းမြို့နယ်အဆင့်သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံ ပါဝင်သောသုံးသပ်ဆွေးနွေးပွဲပြုလုပ်

**ပင်လည်ဘူး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်း မြို့နယ်အဆင့်သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံ ပါဝင်သောသုံးသပ်ခြင်း ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်၊ ကမ္ဘာ့ဘဏ် ကိုယ်စားလှယ် ဒေါ်သီဂီမင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ မြို့နယ်လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးပြည်စိုးဝင်းကျော်က မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ခြင်း ဆွေးနွေးပွဲ အစည်းအဝေးနှင့် ဒုတိယနှစ်စီမံကိန်း စက်ဝန်းဆောင်ရွက်မှုအခြေအနေများကို ပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ကော်မတီဝင်များ သက်ဆိုင်သူ အဖွဲ့များက အုပ်စု ခုနစ်ခုခွဲ၍ အဖွဲ့အလိုက် ခေါင်းစဉ် ခုနစ်ခုဖြင့် ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးတင်ပြခဲ့သည်။

အခမ်းအနားတွင် လုပ်ငန်းဆောင်ရွက်မှုအကောင်းဆုံး ကျေးရွာအုပ်စု သုံးအုပ်စုနှင့် ကျေးရွာသုံးရွာကိုရွေးချယ်ခဲ့ကြပြီး ဆုတံဆိပ်များ ချီးမြှင့်ပေးရာ ပထမရရှိသည့် ကျေးရွာအုပ်စုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စွာအောင်၊ ဒုတိယရရှိသည့် ကျေးရွာအုပ်စုကို ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် ဒေါ်သီဂီမင်း၊ တတိယရရှိသည့် ကျေးရွာအုပ်စုကို ခရိုင်ကျေးလက်ဦးစီးမှူး ဦးတင်ဝေ၊ ပထမရရှိသည့်ကျေးရွာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ ဒုတိယရရှိသည့်ကျေးရွာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တတိယရရှိသည့်ကျေးရွာကို နိုင်ငံတကာအဆင့် နည်းပညာအကြံပေး Mis Marlene တို့က ဆုများအသီးသီးချီးမြှင့်ပေးသည်။

ပင်လည်ဘူးမြို့နယ် လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ဒုတိယနှစ်စီမံကိန်းလုပ်ငန်းခွဲများဖြစ်သည့် လမ်း၊ တံတား ရေပေးဝေရေး၊ အဆောက်အအုံစသည့်လုပ်ငန်းများကို ကျေးရွာ ၁၂၁ ရွာ၌ လုပ်ငန်း ၁၄၄ ခုဆောင်ရွက်ရန် လျာထားခဲ့ပြီး အစီရင်ခံသည့်ကာလအထိ လုပ်ငန်းခွဲ ၉၇ ခု ဆောင်ရွက်ပြီးစီးခဲ့သည်။ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ ၆၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ရာ ကုန်ကျငွေမှာ ကျပ်သိန်းပေါင်း ၁၃၄၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်များ၊ ခရိုင်ကျေးလက်ဦးစီးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူထုဗဟိုပြုစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ၊ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။

**မျိုးလွင် (ပင်လည်ဘူး)**

## ပင်လည်ဘူးမြို့၌ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုနှင်းသဘင်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**ပင်လည်ဘူး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ ရွှေကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်မှ ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆုနှင်းသဘင်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ပင်လည်ဘူးမြို့ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၌ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ရွှေကျောင်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက မြို့နယ် သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ထံမှငါးပါးသီလခံယူ ဆောက်တည်ပြီး ဆရာတော်ကြီးမှ ဩဝါဒစကားကိုမိန့်ကြားခဲ့သည်။

ယင်းနောက်မြို့နယ်သာသနာရေးဦးစီးမှူးမှသာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် သက်ဆိုင်ရာတာဝန်ရှိသူများက ၂၀၁၆ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော (၃၃) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူလေးများအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းဆရာ၊ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ယင်းနောက် ရွှေကျောင်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော်က အ- ထ-က ပညာရေးဌာပဒေသာပင်နှင့် လူမှုကူညီရေးအသင်း၊ အာစိဏ္ဏကံထေရဝါဒလူငယ် အသင်းတို့အား အလှူငွေများ ပေးအပ်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုပြီး ရုပ်သိမ်းခဲ့သည်။

ယဉ်ကျေးလိမ္မာသင်တန်းကို ဆရာမဒေါ်တင်မာ၊ ဒေါ်လှသောင်း၊ ဒေါ်အမာကြူတို့က ဆက်လက်သင်ကြားပို့ချရာ အဆိုပါသင်တန်းကို ဝါတွင်းကာလ အဖိတ်ဥပုသ်နှင့် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များ၌ သင်ကြားပို့ချမည်ဖြစ်ပြီး ယခုလမှ ၂၀၁၇ ခုနှစ် မတ်လအထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

မျိုးဆက်သစ် လူငယ်မောင်မယ် ကျောင်းသား၊ ကျောင်းသူလေးများအား ယဉ်ကျေးလိမ္မာစေရန် ဗုဒ္ဓဘာသာစာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ယင်းသင်တန်းဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။ **မျိုးလွင်(ပင်လည်ဘူး)**

## လောင်းလုံးမြို့တွင် ခွင့်ပြုမဲ့နှင့် ရက်လွန်ဆေးများ ရောင်းချနေခြင်းအား စစ်ဆေးတွေ့ရှိ



**လောင်းလုံး ဩဂုတ် ၂၈**

ထားဝယ်ခရိုင် လောင်းလုံးမြို့မရဲတပ်ဖွဲ့က ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် ထားဝယ်တက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံကျောင်းနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ လှည့်လည်၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင် ၅၀၀ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ပြီး ဩဂုတ် ၂၅ ရက်တွင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုမဲ့ဆေးဝါးနှင့် ဆရာဝန်၏ညွှန်ကြားချက်မရှိသည့် ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ ရက်လွန်ဆေး ဝါးများ ရှိ/မရှိ ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းကို မြို့ပေါ်လေး ရပ်ကွက်နှင့်ကျေးရွာများရှိ ဆေးဆိုင်များ၌ စစ်ဆေးခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆေးကုသရေးနှင့်ကျန်းမာရေးဦးစီးဌာန ဦးစီး မှူးဒေါက်တာသန်းလွင်၊ ရပ်/ကျေးကျန်းမာရေးစုရပ် ကျန်းမာရေးမှူးများ၊ စည်ပင်သာယာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲမှူးအောင်မင်းဦး၊ မြို့နယ်တပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးရာ မြို့ပေါ်ဆေးဆိုင် ဦးပေါ်ထွန်းဆေးဆိုင်တွင် (PARACETAMOL) အကိုက်အခဲပျောက်ဆေးတစ်ဘူး၊ (CIP-ROBIOTICFORTE) ပိုးသတ်ဆေးတစ်ဘူး၊ နယူးရှိုင်းဆေးဆိုင်တွင် (AMRIC-ILIN) ပိုးသတ်ဆေးဆယ်လုံးကတ်ငါးကတ် တွေ့ရှိရသဖြင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန်းလွင်က သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးခြင်းသည် ပြည်သူလူထု၏ အသက်အန္တရာယ်များ၊ စိတ်ပိုင်းဆိုင်ရာရောဂါများ မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစေရန် ကာကွယ်တားဆီးခြင်းဖြစ်ကြောင်း သိရသည်။ **စိုးထွန်း(ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များအား ချပြရှင်းလင်း

**မော်လိုက် ဩဂုတ် ၂၈**

ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်စနစ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် ဒုတိယရက် ၁၀၀ အစီအမံများအား ရဲတပ်ဖွဲ့ဝင်များ သိရှိစေရန် ရှင်းလင်းပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယင်းနေ့ရှင်းလင်းပွဲတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းတို့က ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီရဲလုပ်ငန်းစနစ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် ဒုတိယရက် ၁၀၀ အစီအမံများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးနှင့် ရဲချုပ်တို့၏ လမ်းညွှန်မှာကြားချက်များအား အောက်ခြေရဲတပ်ဖွဲ့ဝင်များ နားလည်သဘောပေါက်စေရန် အကျယ်တဝင့် ချပြရှင်းလင်းခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ မိမိလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန်နှင့် ပြည်သူများကို မိမိ မိသားစုသဖွယ် နွေးထွေးပျူငှာစွာ ပြောဆိုဆက်ဆံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဌာနလုပ်ငန်းများကို ဒီထက်မက ပိုမိုလုပ်ဆောင်သွားကြရန် ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ မော်လိုက်ခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်းနှင့် မော်လိုက်ခရိုင် ရဲတပ်ဖွဲ့ဝင်အရာရှိ(၁၂)ဦး၊ အခြားအဆင့် (၃၈) ဦး စုစုပေါင်း (၅၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ပြည်သူများမူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များနှင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ သိရှိနားလည်စေရန် လသာမြို့နယ်တွင် ဟောပြောပွဲပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၈**

ပြည်သူများ ကွမ်းယာ၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း သိရှိနားလည်စေရန်နှင့် ယာဉ်အန္တရာယ် ကင်းဝေးစေရေး လမ်းစည်းကမ်းများ သိရှိစေရေးတို့အတွက် လသာမြို့နယ်တွင် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက လသာမြို့နယ် အမှတ်(၃)ရပ်ကွက် ကျန့်တိတ်ဘုရားရှိခိုးကျောင်းတွင် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတက်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက ပြည်သူများရဲ့ တစ်စွန်းတစ်စအသိများမှ ဂယနဏ သိရှိပြီး အကျိုးရှိစေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်က မူးယစ်ဆေးဝါးအမျိုးအစားများအကြောင်း သုံးစွဲသူ၊ ရောင်းဝယ်သူများ ပပျောက်စေရန် ပြည်သူများက တာဝန်သိစွာပူးပေါင်းပါဝင်ကြပါရန်နှင့် သတင်းပေးပို့နိုင်ရန်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုအသိပေးဆွေးနွေးခဲ့ပြီး အမှတ်(၄၈) လသာမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးအေးထွန်းမောင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူ ၁၅၈ ဦးတက်ရောက်ခဲ့ပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **မြင့်မြင့်ရွှေ(ပြန်ဆက်)**





## ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေးအတွက် ရန်ပုံငွေဓာတ်ပုံအရောင်းပြပွဲကျင်းပ

**ဟင်္သာတ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဟင်္သာတမြို့နယ်မှ ဓာတ်ပုံဆရာများနှင့် ဓာတ်ပုံဝါသနာရှင်များ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဓာတ်ပုံအရောင်းပြပွဲကို ဩဂုတ် ၂၅ ရက် နံနက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

ဟင်္သာတမြို့နယ်အတွင်းမှာရှိတဲ့ ဓာတ်ပုံဆရာများနှင့် ဓာတ်ပုံဝါသနာရှင်များစုပေါင်းပြီး (၈×၁၂)လက်မအရွယ် ဓာတ်ပုံ (၈၉)ပုံအားပြသထားရှိပြီး မည်သည့်ဓာတ်ပုံမဆို ကျပ် ၁၀၀၀၀ နှုန်းနှင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဓာတ်ပုံအရောင်းပြပွဲမှ ရရှိသည့် အမြတ်ငွေများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ခဲ့သည့် ပြည်သူများထံ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေအရောင်းပြပွဲအဖွဲ့မှ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း ဓာတ်ပုံဝါသနာရှင် ကိုသန့်ဇင်က ပြောသည်။

အဆိုပါ ဓာတ်ပုံပြပွဲကို ဩဂုတ် ၂၅ ရက်မှ ၃၀ ရက်ထိ ခရိုင် ပြန်/ဆက်ရုံးတွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြခန်းဖွင့်လှစ်၍ ပြသရောင်းချသွားမည်ဖြစ်သည်။ အရောင်းပြပွဲမှ ဓာတ်ပုံများကို ဝယ်ယူအားပေးပြီး ရေဘေးပြန်လည်ထူ ထောင်ရေး အတွက် ပါဝင်လှူဒါန်းပေးကြပါရန် ဟင်္သာတမြို့နယ် ဓာတ်ပုံဆရာများနှင့်ဓာတ်ပုံဝါသနာရှင်များက ပြောသည်။ **ကျော်ကျော်(ဟင်္သာတပြန်/ဆက်)**

## စာရေးတံမဲချိန်ခါ ရှင်ဥပဂုတ္တအရှင်သူမြတ်အား ဘီလူးချောင်းတွင် မျှော၍ အပူဇော်ခံ

**လှိုင်ကော် ဩဂုတ် ၂၈**
ကယားပြည်နယ် လွိုင်ကော်မြို့၌ ဩဂုတ် ၂၆ ရက် ည ၇ နာရီက စာရေးတံမဲချိန်ခါ ရှင်ဥပဂုတ္တအရှင်သူမြတ်အား ဘီလူးချောင်းရိုးတစ်လျောက် လှည့်လည်အပူဇော်ခံလျက်ရှိသည်။

အဆိုပါ ရှင်ဥပဂုတ္တအား လွိုင်ကော်မြို့အတွင်းရှိ ရပ်ကွက်ပေါင်းစုံမှ ဝါခေါင်ခေါ်နံကာလ မေတ္တာမျှလို့ကုသိုလ်ယူဆိုသည့်အတိုင်း စာရေးတံမဲခွဲ၍ လျှုသောအလှုတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် (တောင်ကွဲ) စေတီ၌ ဩဂုတ် ၂၁ ရက်က မဲနိုက်ကာ မင်္ဂလာရပ်ကွက်မှ ဒေါ်ညိုက မဲပေါက်ပြီး နေအိမ်၌ စံထားပူဇော်၍ ဓမ္မစကြာများ ရွတ်ဖတ်သရဇ္ဈာယ်ကာ ဆွမ်းများဆက်ကပ်ပြီး ဩဂုတ် ၂၇ ရက်တွင် ဒေသခံပြည်သူများအားဖူးမြော်နိုင်ရန် လွိုင်ကော်မြို့လယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ဘီလူးချောင်း၌ ရိုးရာအစဉ်အလာအတိုင်း ရှေ့ပြေးမီးဖောင်များ၊ ဓမ္မစကြာအဖွဲ့များဖြင့် ဘီလူးချောင်းရိုးတစ်လျောက် လှည့်လည်အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ရှင်ဥပဂုတ္တလှည့်လည်အပူဇော်ခံရာ ဘီလူးချောင်းရိုးတစ်လျောက် ကမ်းနားလမ်းနှင့် တံတားများတွင် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ ဖူးမြော်ကြည်ညိုခဲ့ကြသည်။
**ကိုစိုင်း(လွိုင်ကော်)**

## လယ်ဧက ၆၀ အကျိုးပြုနေသည့် ကန်ကြီးတွင်း ကန်ထူးပေါက်ကာ ရေများလျှံထွက်နေ



**မလှိုင် ဩဂုတ် ၂၈**
မလှိုင်မြို့နယ်တွင် ဩဂုတ် ၂၅ ရက် ညပိုင်းက မိုးရွာသွန်းခဲ့သဖြင့် မရိုးကျေးရွာအုပ်စု ကျွဲကျောင်း (မြောက်)ကျေးရွာအနီး ကွင်းအမှတ်(၂၉၄)ရှိ ကန်ကြီးတွင်း ကန်သည်ဩဂုတ် ၂၆ ရက် နံနက် ၅ နာရီခွဲတွင် ထူးပေါက်ပြီး ကန်ပေါင်မှ ရေများလျှံထွက်နေကြောင်း သိရသည်။

ကန်ကြီးတွင်း ကန်ပေါင်တွင် ထူးပေါက် ၁၃ ပေါက်ပေါက်နေပြီး အကျယ် ၁၀ ပေရှိ အပေါက်တစ်ပေါက်၊ အကျယ် ၈ ပေရှိ အပေါက်နှစ်ပေါက်၊ အကျယ် ၅ ပေရှိ အပေါက်တစ်ပေါက် စုစုပေါင်းထူးပေါက်လေးပေါက်မှ ရေများ အဆက်မပြတ်ထွက်လျက်ရှိသည်။

အဆိုပါကန်ကို ၂၀၁၅ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ တူးဖော်ပေးထားခြင်းဖြစ်ပြီး စိုက်ပျိုးမြေဧက ၆၀ ခန့်ကို အကျိုးပြုနေသည့်ကန်ဖြစ်သည်။ ကန်၏ တာပေါင်အလျားမှာ ၁၂၀၀ ပေ၊ အမြင့် ၈ ပေ၊ ထိပ်ပြင် အကျယ် ၁၄ ပေရှိသည်။ အဆိုပါ ထူးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း၊ လယ်ယာမြေစီမံခန့်ခွဲရေး စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။
**အောင်ဌေး(မလှိုင်)**

## Pile လုပ်ငန်းဆောင်ရွက်သောကုမ္ပဏီနှင့် အဖွဲ့အစည်းများ စည်ပင်တွင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရမည်



**မန္တလေး ဩဂုတ် ၂၈**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နမိတ်အတွင်းရှိ အထပ်နိမ့်၊ အထပ်မြင့်အဆောက်အုံများဆောက်လုပ်ရာတွင် မြေတူးလုပ်ငန်းများဆောင်ရွက်ရာ ဘေးပတ်ဝန်းကျင်များ ထိခိုက်မှုမရှိစေရေး၊ မြေပြိုမှုများမဖြစ်စေရေး၊ အဆောက်အအုံ၏ Design ပါ Foundation လုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် Pile လုပ်ငန်းဖြင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ Pile လုပ်ငန်းများအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနအနေဖြင့် ယခင်ကလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်သတ်မှတ်ခြင်း၊ အခွန်ပေးသွင်းစေခြင်းများ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုအချိန်တွင် Pile လုပ်ငန်းများတွင် ကျယ်စွာလုပ်ကိုင်ဆောင်ရွက်လာသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နမိတ်အတွင်းတွင် Pile လုပ်ငန်းဆောင်ရွက်သောကုမ္ပဏီ၊ အဖွဲ့အစည်းများ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်မှစတင်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ Pile လုပ်ငန်းလုပ်ကိုင်ခွင့် လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီးမှသာ လုပ်ငန်းများလုပ်ကိုင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူခြင်းမရှိဘဲ လုပ်ငန်းများဆောင်ရွက်ပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်က အသိပေးထားသည်။ **မောင်ပြည်သူ(မန္တလေး)**

## မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ မူခင်းအသိပညာပေး ရွေ့လျားစာကြည့်တိုက်ယာဉ် လှည့်လည်ပြသ

**ဘီးလင်း ဩဂုတ် ၂၈**
မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှု၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူလူထုနှင့် ကျောင်းသား၊ကျောင်းသူများအား ထိရောက်သောမူခင်းကြိုတင်ကာကွယ်ရေးအသိပညာများရရှိစေရန်ရည်ရွယ်၍ ရွေ့လျားစာကြည့်တိုက်ယာဉ်သည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဘီးလင်းမြို့နယ်သို့ရောက်ရှိကာ ကန်သာယာရပ်ကွက် စစ်တပ်ဈေးအနီး၌ ရပ်နား၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါမူခင်းအသိပညာပေး ရွေ့လျားစာကြည့်တိုက်ယာဉ်၌ လူမှောင်ခိုလူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအသိပညာပေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းများ၊ စာစောင်များ ပါဝင်သည့်ပြခန်းများကို ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးချစ်ကိုကိုဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူ ၂၅၀ ဦးခန့်အား ရှင်းလင်းပြသကာ မူခင်းအသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်ယာဉ်သည် ဘီးလင်းအထက်တန်းကျောင်းရှေ့ မင်္ဂလာဈေးရှေ့နှင့် တောင်စွန်းစံပြကျေးရွာများသို့လည်း လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာပေါင်း (၃၀) အတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သိန်း ၉၀၀၀ ပေးအပ်

**ဟသ်ာတ ဩဂုတ် ၂၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ် စတုတ္ထပတ်ကဟသ်ာတမြို့ ဆယ်ထပ်ကြီး ဓမ္မဗိမ္မာန်တန်ဆောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါမြစိမ်းရောင်စီမံကိန်းရန်ပုံငွေပေးအပ်ပွဲတွင် ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်သက်ရှည်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက်ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသန့်ဇော်လွင်က ၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ဟသ်ာတမြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇော်လွင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာပေါင်း ၃၀ အတွက် ငွေကျပ်သိန်း ၉၀၀၀ အား မြစိမ်းရောင်ကျေးရွာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။
**ကျော်ကျော်(ခရိုင်ပြန်/ဆက်)**

## မြို့နယ်ဆရာဝန်များစုပေါင်း၍ မူလတန်းကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်း

**ဗန်းမော်က် ဩဂုတ် ၂၈**
ကျေးလက်နေပြည်သူများ၏ ရင်သွေးငယ်များ ကျောင်းနေပျော်ပြီး စာတော်ကြစေရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းသပ်ရပ်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာမြတ်စုမွန်ကျော်နှင့်အဖွဲ့သည် အောင်သာကုန်းအုပ်စု၊ ကျွဲကောကုန်းကျေးရွာ အခြေခံမူလတန်းကျောင်းသို့ ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက သွားရောက်ပြီး အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ကြရာ ကျောင်းသား၊ ကျောင်းသူလေးများက တစ်ဦးချင်း လက်ခံရယူကြကြောင်း သိရသည်။

"ကျမတို့ ဒီကျောင်းကို ကျောင်းကျန်းမာရေးစစ် ဆေးရေးလာရောက်ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ယခုလို ဝတ်စုံတွေ လာရောက်ထောက်ပံ့ပေးတာကလည်း ကလေးတွေကို တစ်ကိုယ်ရေသန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးကောင်းမွန်စေဖို့ရန်နဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာသင်ကြားစေချင်လို့ လာရောက်ထောက်ပံ့ပေးအပ်လှူဒါန်းပေးတာဖြစ်ပါတယ်။ ကျမတို့ရဲ့အနာဂတ်ခေါင်းဆောင်လေးတွေဖြစ်တဲ့ သူတို့လေးတွေ ပျော်နေတာမြင်တော့ ကျမတို့အဖွဲ့လည်း ပျော်ရွှင်ရပါတယ်" ဟု ဒေါက်တာမြတ်စုမွန်ကျော်က ပြောသည်။
**ဗန်းမောက်(ပြန်/ဆက်)**



# မျိုးသန့်မျိုးစေ့ထုတ်နည်းစနစ်များ ဆွေးနွေးညှိနှိုင်းခြင်း၊ စံပြစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် တောင်ကျရေကြောင့် မိုးစပါးစိုက်ခင်းပျက်စီးမှုများအား ကွင်းဆင်းစစ်ဆေး



**ကသာ ဩဂုတ် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မိုး၊ ခရိုင် မြေ၊ မျိုး၊ ပိုး၊ ကြံတာဝန်ခံတို့သည် ကသာမြို့နယ် မိုးတားကြီးကျေးရွာသို့ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး မျိုးစေ့တာဝန်ခံ ဒေါ်ခင်သင်းကျော်နှင့်အဖွဲ့သည် Seed Grower Assocation ဖွဲ့စည်းထားသော မိုးတားကြီးကျေးရွာနှင့် မင်းလယ်ကျေးရွာမှ တောင်သူများနှင့် တွေ့ဆုံ၍ မျိုးသန့်မျိုးစေ့ထုတ်နည်းများအား ဆွေးနွေးညှိနှိုင်းခဲ့သည်။

၎င်းကျေးရွာများတွင် စိုက်ပျိုးထားရှိသော ဆင်းဧကရီ(၃) ဧက ၅၀ နှင့် ရောမင်း (၁၀) ဧက၊ မျိုးသန့်မျိုးစေ့ထုတ်စံပြစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆက်လက်၍ မှတ်တိုင်အုပ်စု နမ့်စမ်းကျေးရွာတွင် တောင်ကျရေကြောင့် မိုးစပါးစိုက်ခင်းများပျက်စီးသွားသဖြင့် လယ်ယာကဏ္ဍ၊ ရေဘေးပြန်လည်ထူထောင်ရေးအတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် မင်းလယ်ကျေးရွာသို့ ဆက်လက်ထွက်ခွာလာရာ မင်းလယ်ကျေးရွာ တောင်သူဦးကျောက်ပြား၏ လယ်တွင်စမ်းသပ်စိုက်ပျိုးထားသော နံ့သာခင်း (Bio –DAK) မိုးစပါးစိုက်ခင်းနှင့် GAP ဧက (၃၀)အားကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြင့်ကေနိုင်(ပြန်/ဆက်)**

# ရတနာ့ဂူဘုရားပွဲနှင့် ပုပ္ပားမယ်တော်ကြီးပွဲတော်ကျင်းပ ငှက်လှေစီးကာ ရေပက်ကစားကြသူများဖြင့်စည်ကား



**မန္တလေး ဩဂုတ် ၂၈**
မန္တလေးခရိုင် အမရပူရမြို့နယ်တွင် ရတနာ့ဂူဘုရားပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီးနတ်ပွဲတော်ကို ဝါခေါင်လပြည့်ကျော် ၈ ရက် ဩဂုတ် ၂၆ ရက်မှ ဝါခေါင်လကွယ် စက်တင်ဘာ ၁ ရက်ထိ ခုနှစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

ရတနာ့ဂူဘုရားကို မြန်မာသက္ကရာဇ် ၇၄၂ ခုနှစ်တွင် အင်းဝဘုရင်မင်းကြီးစွာစော်ကဲက အမရပူရမြို့နယ် ငယ်တိုးကျေးရွာတွင် တည်ထားခဲ့ပြီး နှစ်စဉ် ဗုဒ္ဓပူဇနိယဆွမ်းလောင်းပွဲ ကျင်းပခဲ့သည်။ သက္ကရာဇ် ၁၁၈၅ ခုနှစ် ဘကြီးတော်မင်းလက်ထက်တွင် အမရပူရမြို့တွင် မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ပြီး မြို့သူမြို့သားများ စိတ်မချမ်းသာဖြစ်နေကြသည်ကို ပြေပျောက်စေရန် နန်းမတော်မယ်နုနှင့် မောင်တော်စလင်းမြို့စား မောင်အိုတို့က ကြီးကြပ်ပြီး မတ္တရာမြို့နယ် တောင်ပြုံးပွဲအပြီး နတ်ထိန်း၊ နတ်အုပ်၊ နတ်ကတော်များအားဖိတ်ကြားကာ ရတ နာဂူဘုရားပွဲတော်၊ ပုပ္ပားမယ်တော်ကြီးပွဲ ကျင်းပပေးခဲ့ရာမှ နှစ်စဉ် ကျင်းပလာခဲ့ခြင်းဖြစ်သည်။

ရတနာ့ဂူဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဝါခေါင်လကွယ်နေ့ နံနက် ၆ နာရီတွင် ဂေါပကအဖွဲ့မှကြီးမှူး၍ သံဃာတော်အပါး ၂၀၀ အား ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြမည်ဖြစ်သည်။ ပုပ္ပားမယ်တော်ကြီးနတ်ပွဲကို ဝါခေါင်လပြည့်ကျော် ၇ ရက် ညနေတွင် နတ်ညီလာခံသဘင်များ၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နှင့် ၉ ရက်တွင် တက်ပွဲ၊ ချော့ပွဲများ၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်တွင် ချိုးရေတော်သုံးပွဲကျင်းပပြီး လူအစည်ကားဆုံးနေ့ဖြစ်သည်။

ဝါခေါင်လပြည့်ကျော် ၁၁၊ ၁၂၊ ၁၃ ရက်များတွင် တက်ပွဲများ၊ ၁၄ ရက်တွင် ထိန်ခုတ်ပွဲ၊ မယ်တော်ကြီးပြန်ပို့ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ အစဉ်အလာအရ အထက်နန်း၊ အလယ်နန်း၊ အောက်နန်းဟူ၍ သုံးနန်းတွင် ကျင်းပကြသည်။ အမရပူရမြို့နယ်ကျေးရွာများမှ ဝေါတော်ထမ်း၊ ဖောင်ကြိုးဆွဲ၊ လှေတော်သားတာဝန်များကို အစဉ်အလာအတိုင်း လုပ်ဆောင်ကြပြီး ချိုးရေတော်သုံးသည့်နေ့တွင် ဖောင်တော်ဖြင့် လှည့်လည်ပူဇော်ပွဲ ကျင်းပခဲ့သည်။

ရတနာဂူနတ်ပွဲ အထက်နန်းနှင့် အောက်နန်းတို့သို့ ငှက်လှေစီးကာ သွားလာပြီး ရေပက်ကစားကြသည်။ ရတနာဂူပွဲတွင် အမရပူရမြို့နယ် စစ်ကိုင်း-မန္တလေးလမ်း ငယ်တိုးရွာထိပ်မှ ရတနာ့ဂူဘုရားအထိ မန္တလေး၊ စစ်ကိုင်း၊ အမရပူရတို့မှ မြန်မာ့ရိုးရာ ကရေကရာဆိုင်များ၊ ရှမ်းပြည်နယ်ထွက်ရှောက်ပန်းသီးဆိုင်များ၊ ဝါးခမောက်ဆိုင်များ၊ လယ် ယာလုပ်ငန်းသုံးပစ္စည်းဆိုင်များ၊ ကလေးကစားစရာဆိုင်များဖြင့် ပြည့်လျက်ရှိပြီး တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မှုခင်းအသိပညာပေး ရွေ့လျားယာဉ် ရွှေကျင်မြို့သို့ရောက်ရှိပြသ

**ရွှေကျင် ဩဂုတ် ၂၈**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ အသိပညာပေးယာဉ်သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းမှစ၍ လှည့်လှယ်ပြသခဲ့သည်။

အဆိုပါယာဉ်တွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေးတို့အတွက် ရွှေကျင်မြို့နယ်ရဲတပ်ဖွဲ့မှူးသန်းနိုင်၏ ဦးဆောင်မှုဖြင့် လူစည်ကားရာနေရာများဖြစ်သော ညဈေးလမ်းဆုံ ရွှေကျင် အ.ထ.က နှင့် တပ်နယ် အ.ထ.က ကျောင်းများသို့ လှည့်လှယ်ပြသခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးအတွက် နန့်တိန်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေလွှဲအပ်

**ဗန်းမော် ဩဂုတ် ၂၈**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် နန့်တိန်ကျေးရွာ၌ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၃ နာရီတွင် မြစိမ်းရောင်ရန်ပုံငွေလွှဲအပ်ပွဲကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းက စီမံကိန်းဆောင်ရွက်ရခြင်းရှင်းလင်းပြောကြားရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာကိုးရွာတွင် မြစိမ်းရောင်စီမံကိန်းတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပထမအသုတ်အဖြစ် နန့်တိန်ကျေးရွာ၊ ကုန်းကတင်ကျေးရွာ၊ နှောင်းကွမ်ကျေးရွာများကို ရန်ပုံငွေလွှဲအပ်ပေးရခြင်းဖြစ်ကြောင်း ကျန်ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကျေးလက်နေပြည်သူများမှ စနစ်တကျထိန်းသိမ်းမည်ဖြစ်ကြောင်းနှင့် ကျေးရွာများအတွက် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်

**ဖားဆောင်း ဩဂုတ် ၂၈**
ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအား သင်တန်းနည်းပြ ခြောက်ဦးဖြင့် သင်ကြားပို့ချမှာဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုစာရေးများ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြ၍ သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။ **ကိုစိုင်း(လွိုင်ကော်)**

# မြတ်မော်တင်စွန်းစေတီတော်တွင် မြို့ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၈**
မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင်မဟာမကုဋ္ဌရံသီ မြတ်မော်တင်စွန်းစေတီတော်ရင်ပြင်တော်၌ ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာ မြို့အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးဦးဆောင်၍ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန့်ရှင်းရေးဆောင်ရွက်ပြီးနောက် မြို့အုပ်ချုပ်ရေးမှူးက မော်တင်စွန်းဘုန်းကြီးကျောင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါသန့်ရှင်းဆောင်ရွက်မှုကို မြို့ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ စုစုပေါင်း ၅၀ ဦးက စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်သူဟိန်း(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**သံတွဲ ဩဂုတ် ၂၈**
သံတွဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုး ဦးဆောင်ကြီးကြပ်မှုဖြင့် သံတွဲမြို့နယ် အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ခင်မောင်ကြီး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက သံတွဲမြို့နယ် ငပလီမြို့ ဂျိတ္တောရပ်ကွက်သို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလုပ်ငန်းများနှင့် ဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒုတိယရဲမှူးကြီးမောင်မောင်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာပညာပေးလုပ်ငန်းများနှင့် ဟောပြောပွဲများ ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ယင်းနောက် သံတွဲခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်လင်းနှင့် အမှတ် ၂၄ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့စုမှူး ရဲအုပ်ခင်မောင်ကြီးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းတို့ကို ပရိဂျက်တာဖြင့် ပြသဟောပြောခဲ့ကြပြီး ဂျိတ္တောလမ်းဆုံတွင် ပညာပေးလုပ်ငန်းများ လက်တွေ့လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ နှစ်ဘီးဆိုင်ကယ်မောင်းသူများ၊ သုံးဘီးဆိုင်ကယ်မောင်းသူများ၊ ယာဉ်မောင်းများနှင့် ဒေသခံပြည်သူများအား ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသူများ၏ ပြန်လည်မေးမြန်းချက်များကို ဒုတိယရဲမှူးကြီး မောင်မောင်စိုးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

# ရေကြီးရေလျှံဖြစ်ခဲ့သောဒေသများအတွက် သန့်ရှင်းသောသောက်ရေရရှိစေသော နည်းစနစ်များ

**ဓါ စံရွှေအောင်**

ယခုနှစ်ဇွန်လကစပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံအရပ်ရပ်မှာ ရေကြီးရေလျှံမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး သိန်းနှင့်ချီသောပြည်သူများ အတိဒုက္ခရောက်ခဲ့ကြရပါသည်။ ဧရာဝတီနှင့် ချင်းတွင်းမြစ်များ ထူးကဲစွာ ရေမျက်နှာပြင်မြင့်တက်ခဲ့မှုကြောင့် ထိုမြစ်များအနီးရှိ မြို့ရွာများ၊ စိုက်ခင်းများ ရေလွှမ်းမိုးခံခဲ့ကြရသည်။

ထိုမုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဒဏ်ကို လူဦးရေ ၃၇၇,၀၀၀ ခန့် ခံစားခဲ့ရပြီး မိမိတို့နေအိမ်များကို စွန့်ခွာခဲ့ရပါသည်။ စပါးစိုက်ဧက ၄၀၀,၀၀၀ ခန့်လည်း ရေလွှမ်းမိုးမှုကို ခံခဲ့ရပါသည်။ ရေဘေးသင့်ပြည်သူများကို ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကုလသမဂ္ဂနှင့် NGO များ၊ နိုင်ငံအနှံ့အပြားရှိ စေတနာရှင်လူမှုကူညီထောက်ပံ့ရေးအဖွဲ့အစည်းများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ လူငယ်ပရဟိတကူညီထောက်ပံ့ရေးအဖွဲ့များကတက်တက်ကြွကြွ ထောက်ပံ့ဖေးမကူညီပေးခဲ့ကြပါသည်။ နေ့စဉ်လိုအပ်သောအစားအစာများ၊ သောက်ရေသန့်ဘူးကြီး၊ ဘူးငယ်များ၊ ဆေးဝါးရိက္ခာများ၊ အဝတ်အထည်နှင့် အသုံးအဆောင်များကိုလည်း ပြည့်ဝဖူလုံစွာ လှူဒါန်းခဲ့ကြသည်။

ယခုအခါ ရေကြီးရေလျှံမှုများတဖြည်းဖြည်းကျဆင်းနေပြီဖြစ်ပြီး ရေဘေးသင့်၍ မိမိတို့မြို့ရွာနေအိမ်များကိုစွန့်ခွာပြီး ကယ်ဆယ်ရေးစခန်းများတွင် သွားရောက်ခိုလှုံခဲ့ကြရသူများလည်း မိမိတို့ကျေးရွာနေအိမ်များသို့ ပြန်သွားနေကြပြီးဖြစ်ပါသည်။ သို့သော် မိမိတို့နေထိုင်ခဲ့သောကျေးရွာဒေသများမှ ရေကြီးမှုကြောင့် လွန်စွာထိခိုက်ပျက်စီးပြီး ရှင်းလင်းစရာ၊ ဖယ်ရှားစရာ၊ ပြုပြင်စရာ၊ အသစ်တည်ဆောက်စရာများဖြင့် ပြည့်နှက်နေသည်ကို တွေ့ကြုံနေကြရပါသည်။

ယင်းကဲ့သို့ လုပ်စရာကိုင်စရာ အများအပြားထဲတွင် နေ့စဉ် မိသားစုအသက်ရှင်သန်ရေးအတွက် လိုအပ်သော သန့်ရှင်းသောသောက်ရေသုံးရေရရှိရန်မှာ ပထမဆုံး အဓိကကျသောကိစ္စ ဖြစ်နေပါတော့သည်။

မိမိတို့ကျေးရွာ၊ မြို့နယ်ရပ်ကွက်များမှာ ရေကြီးရေလျှံမဖြစ်မီက ရေကန်၊ ရေတွင်း၊ လက်နှိပ်တုံကင်တို့ကိုသာ အဓိကအားထားပြီး နေ့စဉ်လိုအပ်သော သောက်ရေသုံးရေများကို ခပ်ယူသုံးစွဲခဲ့ကြသော်လည်း ယခုရေကြီးပြီး ရေပြန်ကျသွားသောအချိန်တွင် ရေကန်၊ ရေတွင်း၊ လက်နှိပ်တုံကင်များထဲသို့ မသန့်ရှင်းသော ရေများဝင်ရောက်ခဲ့မှုကြောင့် ညစ်ညမ်းခဲ့ကြရပါပြီ။ ရေကန်၊ ရေတွင်းများရှိရေဆိုးများကို ပြန်လည်စုပ်ထုတ်သန့်စင်ရန် လိုအပ်နေပါသည်။ ရေတုံကင်များလည်း ထို့အတူပင်ဖြစ်ပါသည်။

နေ့စဉ်လိုအပ်သော သန့်ရှင်းသောသောက်ရေသုံးရေရရှိရန် အလွန်ခက်ခဲနေကြပါပြီ။ ဤသို့အချိန်တွင် ကျေးရွာအနီးအနားရှိ ရေလွှမ်းမိုးမှုဒဏ်ခံရပြီး မြစ်ချောင်းတို့မှရေတို့ဖြင့် ရောနှောနေသောရေကို နည်းမျိုးစုံဖြင့် သောက်သုံးလို့ရတဲ့အထိ သန့်စင်ပြီး သောက်သုံးနိုင်မှသာ ဆက်လက်အသက်ရှင်နေထိုင်လုပ်ကိုင်စားသောက်နိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အထူးသဖြင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှစီစဉ်လမ်းညွှန်ထားသော သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများတွင် မိသားစုသောက်သုံးရေကို သန့်စင်ခြင်းနှင့် သိုလှောင်ခြင်း "Household Water Treatment and Safe Storage Following Emergencies and Disasters" လမ်းညွှန်စာတမ်းပါအချက်အလက်များကို အခြေခံ၍ရေသန့်စင်နည်းလမ်းများကို အများပြည်သူများသို့ တင်ပြလိုပါသည်။

အောက်တွင်ဖော်ပြမည့် ရေကိုသန့်စင်အောင် ဆောင်ရွက်နိုင်သောနည်းလမ်းများတွင် မည်သည့်နည်းလမ်းကိုအသုံးပြုသည်ဖြစ်စေ ဦးစွာပထမ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းတစ်ခုရှိပါသည်။ ရေချိုရနိုင်သော ရေတွင်း၊ ရေကန်၊ တုံကင်၊ တူးမြောင်း၊ မြစ်၊ ချောင်းစသည့်နေရာတစ်ခုခုမှ ရေကိုခပ်ယူပြီး၊ အနယ်ထိုင်သွားစေရန် ရေပုံး၊ ရေအိုး၊ ရေဘူးကြီးတစ်ခုခုတွင် တစ်ညသိပ်ပြီးထားပါ။ မနက်လင်းသောအခါ အနည်ကျပြီးဖြစ်သော ပေါ်ယံရေကြည်ကို ခပ်ယူပြီးမှ အောက်ဖော်ပြပါနည်းလမ်းများကို သုံးစွဲ၍ သန့်ရှင်းပြီး ရောဂါဘယဖြစ်စေနိုင်သော ပိုးမွှားများစင်သည့်သောက်ရေကိုရရှိအောင် ကိုယ်တိုင်ဆောင်ရွက်နိုင်ကြပါသည်။

(၁) ဓာတုပစ္စည်းများဖြင့် သောက်ရေကို သန့်စင်နည်း (Chemical Disinfection)

ကလိုရင်းပါသောဆေးပြား၊ ဆေးရည်များကို သတ်မှတ်ထားသောအရေအတွက်အတိုင်း အသင့်ပြင်ထားသောရေထဲသို့ ခပ်ထည့်ပြီး နာရီဝက်ခန့်စောင့်ပြီးမှ ရေကိုသောက်သုံးရန်ဖြစ်ပါသည်။ ရေတွင်ပါရှိသော ဝမ်းလျှော၊ ဝမ်းပျက်ဝမ်းရောဂါဖြစ်စေနိုင်သော ဘက်တီးရီးယားနှင့် ဗိုင်းရပ်(စ်)ပိုးများကိုသေစေနိုင်သောကြောင့် ဤရေသန့်စင်နည်းကို ကမ္ဘာအရပ်ရပ်ရှိ ရေကြီးရေလျှံဖြစ်သောဒေသများ၊ မုန်တိုင်းတိုက်ခတ်ခံရသောနိုင်ငံများ၊ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြရသော ဒုက္ခသည်များအတွက် အဓိကသုံးစွဲသော ရေကိုသန့်စင်သောနည်းလမ်းဖြစ်ပါသည်။ ကလိုရင်းပါသောဆေးပြား အမျိုးမျိုးရှိသည့်အနက် အမေရိကန်နိုင်ငံ FDA ၏ ထောက်ခံချက်ရရှိထားပြီး ပြီးခဲ့သောနှစ်က ကမ္ဘာတစ်ဝှမ်းလုံး ကလိုရင်းဆေးပြားသန်းတစ်ထောင်ဖြန့်ချိခဲ့ရသော Aquatabs ဟုခေါ်သည့် ကလိုရင်းဆေးပြားအမျိုးမျိုးနှင့် သုံးစွဲပုံတို့ကို အလျဉ်းသင့်၍ ဖော်ပြလိုပါသည်။ (မှတ်ချက်-ဤ Aquatabs ကလိုရင်းဆေးပြားများကို မြန်မာနိုင်ငံရှိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO များမှလည်း နာဂစ်မုန်တိုင်းလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကာလ၊ တခြားရေကြီးရေလျှံမုန်တိုင်းလွန်ကာလများတွင် မြို့ရွာကျေးလက်ဒေသများသို့ ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။)

ဖော်ပြပါ Aquatabs ဆေးပြားအမျိုးမျိုးဖြင့် ရေထဲခပ်ပြီး နာရီဝက်ခန့်အကြာ သောက်သုံးရန် အညွှန်းဇယားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**Aquatabs ဆေးပြား**

| ရေလီတာ(ရေကြီးရေလျှံကာလ) | (ပုံမှန်သောက်သုံးရေရရှိနေသောကာလ) | |
|---|---|---|
| ၁/ ၈. ၅-မီလီဂရမ် | ၃. ၅ - မီလီဂရမ် | ၁- လီတာ |
| ၂/ ၁၇-မီလီဂရမ် | ၈. ၅ - မီလီဂရမ် | ၂- လီတာ |
| ၃/ ၃၃- မီလီဂရမ် | ၁၇ - မီလီဂရမ် | ၅- လီတာ |
| ၄/ ၆၇- မီလီဂရမ် | ၃၃ - မီလီဂရမ် | ၁၀- လီတာ |
| ၅/ ၁၆၇- မီလီဂရမ် | ၆၇- မီလီဂရမ် | ၂၅- လီတာ |

Aquatabs ဆေးပြား ၆-မျိုးထုတ်လုပ်ပြီး၊ အသေးဆုံး (၃ ဒသမ ၅ မီလီဂရမ်)နှင့်အကြီးဆုံး (၁၆၇ -မီလီဂရမ်) ဖြစ်ပါသည်။ အထက်ပါသုံးစွဲမှုဇယားအရ ရေကြီးရေလျှံကာလတွင် ရေတစ်လီတာထဲသို့ ၈ ဒသမ ၅ မီလီဂရမ် (ဒုတိယအသေးဆုံး) Aquatabs ဆေးပြားတစ်ပြားခပ်ပြီး နာရီဝက်အကြာတွင် သန့်ရှင်းသောသောက်ရေရရှိနိုင်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

(၂) နေရောင်ခြည်ဖြင့် သောက်ရေကိုသန့်စင်နည်း^(Solar Water Disinfe@ction-SODIS) ဤနည်းသည် နေရောင်ခြည်နှင့် ပလတ်စတစ်ရေသန့်ဘူးအခွံ - အကြည် (PET) ရနိုင်သောနေရာများတွင် အလွန်လွယ်ကူစွာ အသုံးပြုနိုင်သော သောက်ရေကိုသန့်စင်သောနည်းလမ်း ဖြစ်ပါသည်။ ပလတ်စတစ်အကြည်ဘူးခွံကို သန့်စင်အောင်ဆေးကြောပြီး သန့်စင်မည့်ရေကို ၃/၄ ခန့်ထည့်ပါ/ ပြီးလျှင် နေရောင်ခြည်ရနိုင်သောနေရာတွင် အနည်းဆုံး ၆-နာရီခန့် နေရောင်ခံထားရပါမည်။ နေရောင်ခြည်တွင်ပါသော ခရမ်းလွန်ရောင်ခြည်ဖြင့် ပိုးမွှားများကို သန့်စင်သောနည်းလမ်းဖြစ်ပါသည်။ နေရောင်ခြည်ကျရောက်မှုနည်းသောနေရာများတွင် ၁-ရက်သို့မဟုတ် ၂-ရက်ခန့် နေရောင်ခံပြီးမှ သောက်သုံးသင့်ပါသည်။

(၃) ရေစစ်အမျိုးမျိုးဖြင့် သောက်ရေကို သန့်စင်နည်း (Filtration)

(က) အဝတ်ရေစစ်/ ဤနည်းဖြင့်စစ်၍ရသောရေသည် ပိုးမွှားများကိုမဖယ်ရှားနိုင်၍ ရေတွင်ပါသောမျက်စိဖြင့် မြင်နိုင်သောအနည်အမှုန်များကိုသာ ဖယ်ရှားစစ်ယူနိုင်ပါသည်။

(ခ) မြေခွက်ရေစစ် (Cetamic Water Filter) ဤနည်းဖြင့် ရေကိုစစ်ယူပါက ပိုးမွှားများကို မြေရေစစ် (Ceramic Filter) မှ စစ်ယူဖယ်ရှားနိုင်၍ ထွက်လာသောရေသည် သောက်သုံးရန် အလွန်သင့်လျော်ပါသည်။


(ဂ) ဖော့ရေစစ် (Polyester Water Filter) ဤရေစစ်ပစ္စည်းများကို နေအိမ်၊ ရေသန့်ဘူးထုတ်လုပ်သော စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများတွင် သုံးစွဲပြီး၊ ရေပိုက်များနှင့်ဆက်သွယ်၍ ရေဖိအားပေး၍ သုံးစွဲရသောရေစစ်ပစ္စည်းဖြစ်ပါသည်။

(ဃ) သဲရေစစ် (Sand Filter) သန့်စင်ပြီးသောသဲလွှာကို ဖြတ်စီးစေပြီး ရေကိုသန့်စင်အောင်ပြုလုပ်သော နည်းဖြစ်ပါသည်။ အောက်ခြေ၌ ကျောက်စရစ်အကြီးတစ်လွှာ၊ ကျောက်စရစ်အသေးတစ်လွှာ၊ မီးသွေးတစ်လွှာ၊ သဲတစ်လွှာ စသည်ဖြင့် ရေပုံး၊ ရေအိုးထဲထည့်ပြီး ရေကိုအပေါ်မှ ဖြည်းညှင်းစွာထည့်ပြီး စစ်ယူ၍ရရှိသောရေသည်လည်း သောက်သုံးရန် သင့်လျော်ပါသည်။

(၄) ရေကို ကျိုချက်ပြီး သောက်ခြင်း (Boiling)

ဤနည်းသည် ရေတွင်ပါသော ရောဂါဘယဖြစ်ပွားစေနိုင်သောပိုးမွှားများ (Pathogens) ကို သေစေနိုင်သောကြောင့် ကျေးလက်ဒေသများအတွက် ရေရှည်နေစဉ်အသုံးပြုသင့်သော အကောင်းဆုံးရေသန့်စင်နည်းဖြစ်ပါသည်။ ရေကြီးရေလျှံဒေသများတွင် ထင်းနှင့်လောင်စာများရရှိရန် ခက်ခဲနေမည်ဖြစ်သော်လည်း မိသားစုနေ့စဉ်စားသုံးရန် ထမင်း၊ ဟင်းချက်ပြုတ်စဉ် တစ်ချိန်ထဲ သောက်ရေကို ကြိုချက်ရယူထားခြင်းဖြင့် သန့်ရှင်းသောသောက်ရေရရှိနိုင်ကြမည်ဖြစ်ပါသည်။ သုတေသနပြုလုပ်ခြင်းများ၏အဆိုအရ ရေကို ၁၆၀ ဒီဂရီဖာရင်ဟိုက်ထိကျိုပါက မိနစ် ၃၀ အကြာတွင် ပိုးမွှားများအားလုံး သေဆုံးနိုင်ပါသည်။ ၁၈၅ ဒီဂရီဖာရင်ဟိုက်ထိကျိုပါက သုံးမိနစ်အတွင်း ပိုးမွှားများအားလုံး သေဆုံးနိုင်ပါသည်။

(၅) သောက်ရေကို စနစ်တကျ လုံခြုံစွာသိုလှောင်ခြင်း/ (Safe Storages of Drinking Water)အထက်ဖော်ပြပါသောက်ရေသန့်ကို တစ်ဖန် ပြန်လည်ညစ်ညမ်းမှု မဖြစ်စေရန် သေချာစွာသိုလှောင်ထားရှိရန် အရေးကြီးပါသည်။ ရရှိလာသောသောက်ရေကို အပေါက်ကျဉ်းပြီး အဖုံးပိတ်ပါရှိသောရေဘူးကြီး (ဥပမာ-၂၀ လီတာသောက်ရေသန့်ဘူးခွံ) ထဲသို့ထည့်၍ သောက်ရေကိုသုံးစွဲသူများ၏ လက်၊ သောက်ရေခွက်တို့နှင့် တိုက်ရိုက် မထိတွေ့နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါမှ မိသားစုအတွက် သန့်ရှင်းသောသောက်ရေရရှိနေမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ သောက်ရေသန့်ရရှိစေနိုင်သောရေကို သန့်စင်နည်းများ၊ လုံခြုံစွာသိုလှောင်နည်းများကို အစဉ်ထာဝရလုပ်ဆောင်လိုက်နာခြင်းဖြင့် သောက်ရေကြောင့်ရရှိနိုင်သည့် ရောဂါဘယများမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။








# နောက်ကြောင်းပဲပြောနေကြမှာလား

**ခဲ** သုနောင်

ကျွန်တော်တို့ ရုံးမှာထိုင်နေရင်း အလုပ်ပါးတဲ့အခါ ရှေးဟောင်းနှောင်းဖြစ်စာပေ အကြောင်းတွေ ပြောတတ်ကြပါတယ်။ မောင်ထင်က ဘယ်လို၊ မောင်သာရက ဘယ်လို၊ ဦးဆန်းလွင်က ဘယ်နှယ် စသဖြင့်ပေါ့။ မိတ်ဆွေတွေနဲ့ တွေ့တဲ့အခါသော်လည်းကောင်း၊ ငယ်ပေါင်းသူငယ်ချင်း အရင်းအချာတွေနဲ့ ပြန်တွေ့ကြတဲ့အခါ သော်လည်းကောင်း ငယ်ကဖြစ်ရပ်တွေပြန်ပြော၊ အတိတ်ကို ပြန်လွမ်းပြီး စားမြုံ့ပြန်တတ်ကြပါသေးတယ်။

ဒါတွေက စားမြုံ့ပြန်ကောင်းတဲ့အရာတွေပါ။ နိုင်ငံရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ် ပြန်ပြောင်းပြောရင်း စိတ်ဖြေတတ်ကြတာ လူ့သဘာဝပဲလေ။ ဒါပေမယ့် နောက်ကြောင်းပြောရင်း နောက်ကြောင်းထဲမှာပဲ သာယာနေမလား။ လက်ရှိပစ္စက္ခကို တိုးတက်အောင် လုပ်မလားဆိုတာက မေးစရာပါ။

ကျွန်တော်တို့တွေကို လာမေးရင် တိုးတက်အောင်လုပ်ရမှာလို့ပဲ ဖြေကြမှာပါပဲ။ တကယ်ရော လက်တွေ့လုပ်သလားဆိုရင် ကျွန်တော်ကစလို့ ဘယ်သူမှလုပ်ဖြစ်မယ်မထင်ပါဘူး။ ကျွန်တော်တို့တွေ သာယာမှုနယ်ပယ်ဒေသ အသီးသီးမှာ စီးမျောနေကြပါတယ်။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် မတည်ဆောက်နိုင်ကြပါဘူး။

**ဖန်တစ်ရာတေတဲ့အကြောင်း**

ပြီးခဲ့တဲ့ရက်ပိုင်းလောက်က ကျွန်တော့ Facebook စာမျက်နှာပေါ်မှာ ရေဘေးနဲ့ ပတ်သက်ပြီး အစိုးရအနေနဲ့ စီမံခန့်ခွဲမှုအားနည်းနေတယ်လို့ ရေးသားမိပါတယ်။ ကျွန်တော် အဲဒီစာသားရေးပြီး မကြာခင်မှာ ကောင်လေးတစ်ယောက်က “အစ်ကို အခုအစိုးရက ပြည်သူအတွက် သုံးရမယ့် ပိုက်ဆံ ကိုယ့်အိတ်ထဲ ထည့်တာ မဟုတ်ဘူး။ သစ်တောပြုန်းအောင် သစ်ပင်ခုတ်တာမဟုတ်ဘူး။ ဘာသွားပြောရမှာလဲ” လို့ ပြန်လည်ချေပရေးသားလာပါတယ်။

ကျွန်တော်တို့ ယခင်အစိုးရမကောင်းကြောင်းတွေကို ဖန်တစ်ရာတေလောက်အောင် ပြောခဲ့ကြပြီးပါပြီ။ ပြောစရာမရှိတော့လောက်အောင် ပြောခဲ့ကြသလို အခုလည်း ပြောနေကြတုန်းပါ။ ကျွန်တော်တို့ ဖြစ်ခဲ့တဲ့ကိစ္စတွေကို အတိတ်မှာထားခဲ့ပြီး ရှေ့ကိုတိုးဖို့ အားမမွေးကြတော့ဘူးလား။ လူငယ်တွေကရော အားသစ်မလောင်းနိုင်ကြတော့ဘူးလား။

> ကျွန်တော်တို့ပြည်သူတွေအနေနဲ့ လက်ရှိအစိုးရကို ဝေဖန်ရပါမယ်။ ထောက်ပြရပါမယ်။ အစိုးရကလည်း ပြည်သူ့အစိုးရပီပီ ပြည်သူ့အသံကို နားထောင် . . .

ကျွန်တော်တို့လိုချင်တဲ့ အရပ်သားအစိုးရ စစ်စစ်ရထားပြီးပြီ။ ကျွန်တော်တို့ အားကုန်မရုန်းသင့်ပေဘူးလား။ အစိုးရနဲ့ပေါင်းပြီး ဘာမှလုပ်လို့မရတော့ဘူးလား။ ကျွန်တော်တို့ အတိတ်က ဖန်တစ်ရာတေတဲ့ သံသရာမှာပဲ လည်နေကြမှာလား။

**ရုပ်ဝတ္ထုတွေတိုးတက်လာသော်လည်း**

ကျွန်တော်ကြားကနေ ငထွားခါးနာတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံသားတွေဟာ ရုပ်ဝတ္ထုတိုးတက်မှုတွေကို ခံစားထိတွေ့လာကြပေမယ့် စိတ်သဘောတွေ မပြောင်းလဲနိုင်သေးပါဘူး။ မှန်ကန်တဲ့ အသုံးချမှုတွေ မလုပ်နိုင်ကြသေးပါဘူး။ ကျွန်တော်တို့တွေ သေချာစဉ်းစားသင့်တာတွေလည်း ရှိပါတယ်။ လေ့လာစရာတွေ ရှိပါတယ်။

အထက်ပါ လူငယ်လေးပြောသလို ယခင်အစိုးရအဆက်ဆက်က သစ်တောခုတ်၊ အိတ်ထဲထည့်လုပ်ခဲ့ကြတာတွေမှန်ပါတယ်။ ဒါပေမယ့် သူ့ချည်းပဲလားဆိုတော့လည်း မဟုတ်ပြန်သေးပါဘူး။ ကျွန်တော်တို့ ပြည်သူတွေကလည်း ကြားဝင်ခုတ်ကြပါသေးတယ်။ ထို့အတူ လူဦးရေထူထပ်လာတာတွေက သစ်တောဧရိယာကို ကျဉ်းမြောင်းသွားစေပါတယ်။

အနီးစပ်ဆုံး ကမ္ဘာ့ဦးသတ္တဝါတွေ ဘာကြောင့် ပျောက်ကွယ်ကုန်ရတာလဲ။ လူနေဧရိယာ ချဲ့ထွင်မှုတွေ များလာတာနဲ့အမျှ သူတို့အတွက် အစာရေစာရှားပါးလာပြီး မျိုးသုဉ်းကုန်ကြရတာကို သိသင့်ပါတယ်။ ပြောကြစတမ်းဆိုရင် ကျွန်တော်တို့က ထောင့်စေ့အောင်တွေးလာဖို့ အရေးကြီးပါတယ်။

ဒီတော့ ကျွန်တော်တို့တွေ ရုပ်ဝတ္ထုတိုးတက်ရုံနဲ့ မပြီးပါဘူး။ ကျွန်တော်တို့ရဲ့ ဗဟုသုတ (Knowledge) နဲ့ ပညာ (Education) ကို ပေါင်းစပ်တတ်ဖို့လိုပါတယ်။ ဒါတွေကို ပေါင်းစပ်လာနိုင်မှ ကမ္ဘာ့ဆန်သောခေတ် (Globalization Era) ထဲမှာ လိုက်ပါစီးမျောဝင်ရောက်နိုင်မှာပါ။

**စိန်ခေါ်မှုအသစ်တွေ**


လက်ရှိအစိုးရအနေနဲ့ စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတာကို နိုင်ငံသူ၊ နိုင်ငံသားတိုင်း သိထားကြပါတယ်။ အစိုးရလည်း သိပြီးသားကိစ္စရပ်တစ်ခုပါ။ ဒီလိုမျိုး အစိုးရရဲ့ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ ပြည်သူတွေက ကောင်းမွန်သော ဝေဖန်ထောက်ပြမှုတွေနဲ့ ရှေ့ကိုရွှေ့နိုင်အောင် ဝိုင်းတွန်းပေးကြရမှာပါ။

ပြည်သူတွေထဲက သိသူ၊ တတ်သူတွေအနေနဲ့ ဝေဖန်ခွင့်၊ အကြံပေးခွင့်မရှိပါဘူး။ အခွင့်ရှိခဲ့ရင်တောင် မပြောဆို၊ မရေးသားရဲကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အထက်မှာဆိုခဲ့သလို ‘အရင်အစိုးရတွေက လုပ်ခဲ့တာ၊ အခုအစိုးရက ဘာမှမလုပ်ဘူး’ ဆိုတဲ့ ယေဘုယျ ထောက်ပြချက်မျိုးတွေ၊ ရေးသားဝေဖန်သူကို အပြစ်ဖွဲ့မှုတွေက ကောင်းမွန်တဲ့လုပ်ရပ်တွေတော့ မဟုတ်ပါဘူး။

**နိဂုံး**

ကျွန်တော်တို့ပြည်သူတွေအနေနဲ့ လက်ရှိအစိုးရကို ဝေဖန်ရပါမယ်။ ထောက်ပြရပါမယ်။ အစိုးရကလည်း ပြည်သူ့အစိုးရပီပီ ပြည်သူ့အသံကို နားထောင်ပေးရပါမယ်။ ဒီလိုမှမဟုတ်ဘဲ ကျွန်တော်တို့က အခုအစိုးရကိုတော့ မပြောရဲဘူး။ မဝေဖန်ရဲဘူးဆိုရင် ကျွန်တော်တို့နိုင်ငံ ရှေ့ကိုဆက်နိုင်မှာလား။ ကျွန်တော်တို့ ပြောင်းလဲခြင်းအနှစ်သာရကို ခံစားနိုင်ဖို့ အစိုးရနဲ့ လက်တွဲသင့်ပါတယ်။ ကျွန်တော်တို့အချင်းချင်း ချေပနေရတာတွေဟာ အကျိုးမဖြစ်ထွန်းတာကို နားလည်သင့်ပါတယ်။

ဒီတော့ ကျွန်တော်တို့ ရုပ်ဝတ္ထုတိုးတက်မှုတွေကို အလေးထားသလို ကျွန်တော်တို့ရဲ့ အတွေးတွေနဲ့ ဗဟုသုတတွေကိုလည်း တိုးတက်အောင် ပြုလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ရုပ်ဝတ္ထုတိုးတက်မှုမှာပဲသာယာနေပြီး နောက်ကြောင်းပဲပြောနေမယ်ဆိုရင် နောက်မှာကျန်ခဲ့နိုင်ပါကြောင်း။




## စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**ကျောင်းကုန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပြုလုပ်သော စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာ၊ ညောင်ဝိုင်းကျေးရွာရှိ အောင်မင်္ဂလာရိုး စံပြလယ်ကွက်၌ ပြုလုပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမျိုးများ ပြန့်ပွား၍ အထွက်နှုန်းတိုးတက်စေရေး၊ ရေနေသယံဇာတ တိုးတက်စေရေး၊ လူတစ်ဦးချင်း ငါးစားသုံးမှုတိုးတက်စေရေး၊ ကျေးလက်နေပြည်သူများ လူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်ရည်ရွယ်၍ စပါးခင်း လယ်ဧက တစ်ဧကလျှင် ငါးကောင်ရေ ငါးရာနှုန်းဖြင့် လယ်ဧက ၁၃၅ ဧကအတွက် ငါးခုံးမကောင်ရေ ခြောက်သောင်းခုနှစ်ထောင့် ငါးရာမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်ကျော်ဦးနှင့်သက်ဆိုင်ရာဌာနမှ ဝန်ထမ်းများ၊လယ်သမားများ တက်ရောက်ခဲ့သည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## စာဖတ်ဝိုင်းနှင့် နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများစာဖတ်ရှိန် မြင့်တက်လာရန်နှင့် စာအုပ်ရှိသည့်နေရာသို့ မလာနိုင်သည့်သူများအား ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက် လာရောက်ဖွင့်လှစ်ပေးခြင်းနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ မိတ်ဆွေကောင်းစာကြည့်တိုက်တွင် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက စာဖတ်ဝိုင်းဆွေးနွေးပွဲနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုး၊ မိတ်ဆွေကောင်း စာကြည့်တိုက်တည်ထောင်သူ ဦးသိန်းဆွေနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ စာဖတ်ဝိုင်းဆွေးနွေးမည့် ကျောင်းသား၊ ကျောင်းသူနှင့် စာဖတ်ဝါသနာပါသူများ၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် စာကြည့်တိုက်၌ ပုံမှန်လာရောက်ငှားရမ်းကြသည့် စာဖတ်သူများ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးခဲ့ကြသူများထဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု၊ နှစ်သိမ့်ဆုများရရှိသည့် ကျောင်းသားလူငယ်များ၊ စာဖတ်ပရိသတ်များနှင့် ဆုမရရှိသည့်ကလေးများအား ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများမှ ဆုနှင့် လက်ဆောင်ပစ္စည်းများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး မိတ်ဆွေကောင်းစာကြည့်တိုက်တည်ထောင်သူ အဘဦးသိန်းဆွေက တက်ရောက်လာကြသူများအား အာဟာရမုန့်များဖြင့်ကျွေးမွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ရုံးစာကြည့်တိုက်မှ သုတရသစာအုပ်မျိုးစုံ ၁၀၀ အုပ်အား လစဉ်အလဲအလှယ်စနစ်ဖြင့် ငှားရမ်းပေးခဲ့သည်။ စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ စာပေဝါသနာရှင် စာပေချစ်သူများမှ စာကြည့်တိုက်ထားရှိမှုစနစ်၊ ပုံစံနှင့် ယခုပြုလုပ်သည့် စာဖတ်ဝိုင်း ဆွေးနွေးပွဲများအား မိမိတို့ရပ်ရွာတွင် ကျင်းပပြုလုပ်နိုင်ရန် လာရောက်လေ့လာမှုများရှိကြောင်း သိရသည်။ **ကိုကိုလင်း၊(ပြန်/ဆက်)**

MPT
ရွှေသို့လှမ်းချီမြန်မာပြည်

ဝယ်သလောက် အပိုရမယ့် နှစ်ဆ DATA PACK




MONTHLY PACK

| မူရင်း Data ပမာဏ | Data အပိုဆု | ဈေးနှုန်း (ကျပ်) | ဈေးနှုန်း /MB | USSD (သို့) ဖုန်းခေါ်ရန် | စာတိုပို့ရန် |
|---|---|---|---|---|---|
| 400MB | 400MB | ၂၈၀၀ | 3.5Ks/MB | *2002# | 400MB to 1332 |
| 1GB | 1GB | ၆၅၀၀ | 3.25Ks/MB | *2003# | 1GB to 1332 |
| 2GB | 2GB | ၁၂၀၀၀ | 3.0Ks/MB | *2004# | 2GB to 1332 |
| 5GB | 5GB | ၂၅၀၀၀ | 2.5Ks/MB | *2005# | 5GB to 1332 |

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
MPT၏ **ဆွေသဟာ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

24 HR PACK

MPT
ရွှေသို့လှမ်းချီမြန်မာပြည်

အစီအစဉ်သစ်

120MB ကို ၄၀၀ ကျပ်

*2001# (သို့) 120MB to 1332

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
**24 HR PACK** ကို ဝယ်ယူသည့်အချိန်မှစ၍ **၂၄နာရီအတွင်း** အသုံးပြုနိုင်ပါသည်
MPT၏ **ဆွေသဟာ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

CB BANK

24TH
1992 2016
ANNIVERSARY

CB Bank နှင့် (၂၄)နှစ်တာကာလအထိ အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် Customer များအားလုံးကို အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်းနှင့် အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများ နှင့် ပြည့်စုံပြီး အောင်မြင်တိုးတက်မှုများကို နောင်နှစ်ပေါင်းများစွာတိုင် အတူတကွ လက်တွဲဆောင်ရွက်နိုင်ပါရန် အစဉ်ဆန္ဒပြု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

CB Bank မိသားစု

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး

www.nurturepreschoolmm.com
www.facebook.com/Nurture Pre-school



nurture preschool
We nurture tomorrow leaders!

Pre-school

အသက် ၂ နှစ်မှ ၆ နှစ် အရွယ်ကလေးငယ်များ လစဉ်ကျောင်းအပ်လက်ခံနေပါပြီ

Emotional Development(EQ) | Intellectual Development(IQ) | Moral Development | Physical Development | Social Development

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|---|
| 09262963774 | 01-530097 | 01-549590 | 09259822226 | 01-663960 |
| 09262963775 | 09254148005 | 09254148006 | 09259822227 | 09259822220 |

တကာလူ Travel... (၆၄)ကြိမ်မြောက် အာဘွားတက်ပွဲ
မြဝတီ၊ ဘားအံ၊ ဘုရားစုံဖူး
100000/- (၅)ဦးဝယ် (၁)ဦး Foc
Sep 9, 30 ထွက်မည်
* အာဘွားတက်ပွဲ(သီးသန့်) Sep 16
* ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ
* ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ
09-254855582, 09-254855583, 09-254855560, 09-73193817

ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre.,Vol:1,2,3)
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်
• ဇဂ်မအိမ်ယာ၊ ဇဂ်မလမ်း၊ ရှပ်ရှင်ရုံနှင့်ထုပါရုံကြား၊ ၂ မြောက်၊ သာကေတ
• 09785171841 • 392468 09517184



NELC
Don't Worry, Just Speak!
Preschool
သဃ်န်းကျွန်းကျောင်းခွဲ စက်တင်ဘာလ တွင် ဖွင့်မည်
မြောက်ဥက္ကလာပကျောင်းခွဲ အောက်တိုဘာလ တွင် ဖွင့်မည်။
အမှတ်-၃၊ ပေါ်ဆန်းမွှေးလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960603700 / 09 960603800
အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960604700
ဗိုလ်အောင်ကျော်-01 256516~7 စမ်းချောင်း-01 501947/09 8612639 မရမ်းကုန်း- 09 73065345
မန္တလေး-09 91023900 ပြင်ဦးလွင်-09 400306019 လားရှိုး-082 26611 တာချီလိတ်-084 52572

STAR RESOURCES
Internationl Bakery & Pastry Course
ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လုပ်လိုသူများအတွက် နိုင်ငံတကာမုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း



Breads, Cakes, Cookies, Puff, Danish, Croissant, Pudding, Jelly, Cream Puff, Eclir, Dough Nut, Cheese Cake, Soft Roll, Hard Roll, Focaccia
* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (12.9.2016)
* လူဦးရေကန့်သတ်ထားပါသည်။
တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှိုးမဘက်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302၊ www.star-resourcesacademy.com

Since 1996 Home
ပါကေးအစားထိုး ကြမ်းခင်း Special Promotion



READY MADE FLOOR
100,000 ကျပ် ဝန်းကျင်မှ စတင်၍
Buy Floor ၃ ကျင်းဝယ် → Get Hi-Class Japanese Wall Leather ၁ ကျင်း လက်ဆောင်



** Selected items only
** Terms & conditions applied
မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်
HOTLINE: 09-79-700-70-70 09-79-700-70-80

iStock®
ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်
• ကုန်ရောင်း/ကုန်ဝယ်
• ကုန်လက်ကျန်
• အကြွေး
• ငွေစာရင်း /အရှုံးအမြတ်



Galaxy Software Co., Ltd. www.galaxy.com.mm
Contact Us ...
Yangon ▸ 09-254151516, 09-43029798 Naypyitaw ▸ 09-974432762, 09-974432763
Mandalay ▸ 09-440067577, 09-978030881 Pathein ▸ 09-455042499, 09-455042500

ဂရိတ်ဝေါလ်ရွှေမြေကုမ္ပဏီလီမိတက် ရယ်ဒီမိတ်အိမ် များကို စတင်ထုတ်လုပ်ပေးနေပါသည်။
◆ ရယ်ဒီမိတ်အိမ်များကို စိတ်တိုင်းကျ တပ်ဆင်ပေးနေပါသည်။ ◆ ရယ်ဒီမိတ်အိမ်တွင် မျက်နှာကျက် ၊ ခြင်လုံတံခါး ၊ အိပ်ခန်း ၊ ဧည့်ခန်း ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ မီးဖိုခန်းများကို (၂၅ - ၈၀)နာရီခန့်အတွင်း အပြီးအစီး တပ်ဆင်ပေးပါသည်။ (အဆင်သင့်နေနိုင်ပါသည်)
✸ ကိုယ်စားလှယ်ယူလိုသူများ လာရောက်ဆက်သွယ်နိုင်ပါသည် ✸



➢ အမှတ် (၈၅) ၊ ကနောင်မင်းသားကြီးလမ်း ၊ ရွှေလင်ပန်းစက်မှုဇုန် ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 250500099, 09 250500088, 09 250500066, 09 73227622, 09 31652227,09 31652228
➢ အမှတ် (၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01 381999, 01 382333, 09 250065716, 09 73048157

ကြော်ငြာ



## ကွယ်လွန်သူအားရည်စူး၍ ထာဝရဆေးပဒေသာပင် အလှူငွေလှူဒါန်း

ဩဂုတ်လ ၁၇ရက်၌ ကွယ်လွန်သွားခဲ့သော ရဟန်း ဒါယိကာမကြီး ဒေါ်သန်းကြည်အား ရည်စူး၍ ရန်ကုန်မြို့နှင့် ပြင်ဦးလွင်မြို့နေ သားများမှ ပြည်သူ့ဆေးရုံကြီး(ရန်ကုန်အနောက်ပိုင်း)သို့ ၂၆-၈-၂၀၁၆ ရက်တွင် ထာဝရဆေးပဒေသာပင် လှူဒါန်းငွေကျပ် ခုနစ်သိန်းအား လှူဒါန်းခဲ့ရာ ဆေးရုံအုပ် ဒေါက်တာ ချိုချိုလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း သာဓုခေါ်ဆိုအပ်ပါသည်။

(ဒေါ်သန်းကြည်)၏ သားများ

## (၅) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

မပန်းစုလှိုင်အေး (၇၇း)

(၂၉-၈-၂၀၁၁) - (၂၉-၈-၂၀၁၆)

သမီးပန်းစု -

မမျှော်လင့်ဘဲ၊ မထင်မှတ်ဘဲ မိသားစုနဲ့ခွဲခွာသွားတာ (၅) နှစ်ရှိသွားပါပြီ။ မနေ့တစ်နေ့ကလိုပါပဲ။ နေ့တိုင်းသတိရလျက်ပါ။ နေ့စဉ်နှင့်အမျှ သမီးအတွက် ကောင်းမှုကုသိုလ် ပြုလုပ်ပေးပါတယ်။ အမျှပေးဝေပါတယ်။ ရောက်ရှိတဲ့အရပ်ကနေ သာဓုခေါ်ဆိုနိုင်ပါစေ၊ အေးချမ်းပါစေ၊ အမျှ. . . အမျှ. . . အမျှ. . .

ဒယ်ဒီ၊ မာမီ
နှင်းယုလှိုင်အေး
ထူးတိန္ဒြာကျော် (Julie)
သွန်းဝတီ (Eldar)
သားသား - ရွှေပြည့်ဖြိုးမောင် (Morris)

၂၉-၈-၂၀၁၆

## (၆) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ရဲမှူးကြီးထွန်းမြင့် (ငြိမ်း) CID
မှုခင်းတပ်ဖွဲ့မှူး (ငြိမ်း)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားသည်မှာ (၆) နှစ်ပြည့်သွားသော်လည်း နေ့စဉ် လွမ်းဆွတ်သတိရလျက်ရှိကြပါသည်။ ဖခင်ကြီးအားရည်စူး၍ လှူဒါန်းမှုပြုသမျှ ဒါနကုသိုလ်အဝဝတို့အား အမျှပေးဝေပါ၏။ ဖခင်ကြီး မြင့်မြတ်သောဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ၊ အမျှ. . . အမျှ. . . အမျှ။

ဇနီး ဒေါ်ကြည်ကြည် [အ. ထ. က (၁) အင်းစိန်-ငြိမ်း] နှင့် မိသားစု

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ကလောမြို့၊ကွန်ဗင့်ကျောင်းရပ် ဧရိယာ ၀. ၂၀၁ ဧက၊ ၈၇၅၆ စ/ပေ၊ ဂရန်မြေ။
ဆက်သွယ်ရန်ဖုန်း-
၀၉-၉၇၂၄၅၁၇၂၂၊ ၀၉-၇၉၅၂၈၄၁၉၅

## (၂) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

မောင်သိန်းဇံမောင် (ခ) ညီးချေ

(၂၉. ၈. ၂၀၁၄) - (၂၉. ၈. ၂၀၁၆)

သားငယ် ညီးချေ မမျှော်လင့်ဘဲ ခွဲခွာသွားသည်မှာ (၂) နှစ်ပြည့်ခဲ့ပါပြီ။ ညီးချေကို ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို ကောင်းရာဘုံဘဝမှ သာဓု-အနုမောဒနာ ခေါ်ဆိုနိုင်ကာ မြင့်မြတ်သော ဘုံဘဝ၌ ခံစားစံစားနိုင်ပါစေ။ အမျှ - အမျှ - အမျှ ပေးဝေပါတယ်။

| | |
|---|---|
| ပါပါ | - ဦးဦးဘိုးသိန်း (MD, Inn Pauk Wa Co.,Ltd.) |
| မေမေ | - ဒေါ်မန္တလေး |
| အစ်ကိုကြီး | - မောင်တင်အောင်ဦး(ခ) ဖိုးနီ- မခင်အိပိုင် |
| အစ်ကိုလတ် | - မောင်ဘိုအောင်ကျော် (ခ) ဖိုးချို |
| ညီမငယ် | - မဇင်မာအောင် (ခ) Gracy |
| တူမများ | - Nyoko နှင့် Yuko |

## သမီးလေးပန်းစုလှိုင်အေးသို့
## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## (၂၉-၈-၂၀၁၁ မှ ၂၉-၈-၂၀၁၆)

သမီးလေးပန်းစုလှိုင်အေးရေ----

သမီးကွယ်လွန်သွားတာ (၅)နှစ်ပြည့်ခဲ့ပြီဆိုပေမယ့် ဖေဖေ မေမေတို့ မိသားစုအားလုံးရဲ့ ရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ နာကျင်စွာခံစားရဆဲပါ သမီးရယ်---

သမီးလေးထားရစ်ခဲ့တဲ့ သားသားလေးကို ချစ်မြတ်နိုးစွာ ကျွေးမွေးပြုစုယုယ ထွေးပွေ့နေရင်းနှင့်အတူ သမီးလေးကို မိသားစုအားလုံးက ယနေ့ထိတိုင် တစ်နေ့တစ်ရက်မျှ မေ့လို့မရခဲ့ပါဘူးကွယ်--

ဖေဖေ မေမေတို့ မိသားစုက ဘုရားအမျှုးရှိသော သံဃာတော်အရှင်မြတ်များကို နေ့စဉ်အလှူဒါနမျိုးစုံပြုလျက် သမီးလေးအတွက် ဆုတောင်းပေးနေပါတယ်ကွယ်၊ ဖေဖေ မေမေတို့ မိသားစုပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုရဲ့ အဖို့ဘာဂကို သမီးလေးမြင့်မြတ်တဲ့ ဘုံဘဝမှာ သိနိုင်မြင်နိုင်ကြားနိုင်ပြီး သာဓုခေါ်နိုင်ပါစေ သမီးရယ်---

သမီးလေး ပန်းစုလှိုင်အေးရေ----
အမျှ---အမျှ---အမျှပါ သမီးရယ်
(သာဓု---သာဓု---သာဓု)

ဖေဖေ ဦးမန်းစိမ်း
မေမေ ဒေါ်စိန်စိန်ဝင်း
ကိုကြီး ကိုဝေဖြိုးအောင်-မကြည်ကြည်အောင်
"မန်းဧရာ"
ကျောက်မျက်ရတနာရောင်းဝယ်ရေး မိသားစု

## ဖောင်းကြွပျောက်ဆုံးခြင်း

## လျှောက်ထားခြင်း

ယာဉ်အမှတ် - ၅ဃ/၂၅၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## ကျေးဇူးဆပ်ပါမည်

Win Htet Myanmar Construction Co.,Ltd. ကုမ္ပဏီ အမှတ်-305/14-15ရက်စွဲ 24-4-2014 ရက်၏ ကတ်မှုရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၅၉၅၃၃









# ကြော်ငြာ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်နှင့်**
**အောင်တော်မူပရိယတ္တိစာသင်တိုက်ကြီး၏ ကျောင်းဒါယိကာမကြီး**

## ဒေါ်အုန်းရင်(ပြွန်တန်ဆာ)
## အသက် (၁၀၂)နှစ်

ပြွန်တန်ဆာမြို့၊ ဈေးပိုင်းရပ်နေ ဦးပွ-ဒေါ်ကျင်မွှားတို့၏ သမီးကြီး၊ (ဒေါ်သန်း)၊ ဒေါ်နီ၊ ရန်ကုန်မြို့နေ (ဦးမင်းအောင်-ဒေါ်ကြွေကြွေသိန်း)၊ ဦးစိုးလွင် (စီမံကိန်းဒါရိုက်တာ-ငြိမ်း၊ ရန်ကုန်-သန်လျင်တံတားဆောက်လုပ်ရေးစီမံကိန်း)-(ဒေါ်မြမြဝင်း)၊ ဦးမြင့်သိန်း (ညွှန်မှူး-ငြိမ်း၊ လေကြောင်းဦးစီး)-ဒေါ်ခင်အေးမြင့်တို့၏အစ်မကြီး၊ ဦးညဏ်အောင်-ဒေါ်မေစိုး၊ ဒေါ်ဥမ္မာအောင်(အထက-၁၀၊ တာမွေ)၊ ဒေါ်ကေသီအောင်၊ ဒေါ်ဆင့်ဆင့်အောင် (အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဦးရဲအောင်(Chief Officer)-ဒေါ်တင်ဇာလွင်၊ ဒေါ်မို့မို့အောင်(CARE Myanmar)၊ ဦးမြတ်စိုးအောင်(ခ) ဦးမိုးကျော်-ဒေါ်သင်းသင်းမိုး (ရွှေဇာဦးအိမ်ဆောက်ပစ္စည်းအရောင်းဆိုင်)၊ ဦးညဏ်လွင်-ဒေါ်နှင်းမြတ်လှိုင်၊ ဦးကျော်စိုး (ညွှန်ကြားရေးမှူး၊ လေကြောင်းဦးစီးဌာန၊ ရန်ကုန်)-ဒေါ်တင်အေးလွင် (ထ-၂၊ ဗဟန်း-ငြိမ်း)၊ ဒုဗိုလ်မှူးကြီး ချိုထွန်းအောင်(ငြိမ်း)-ဒေါက်တာဖြူဖြူမြင့် (ပုဇွန်တောင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး)၊ ဒေါက်တာညဏ်ထွဋ်-ဒေါက်တာခင်ရူပဝတီမောင်(ခေတ္တ-USA)၊ ဒေါက်တာမျိုးထွဋ်-ဒေါက်တာနန္ဒာမင်းဆွေ (ခေတ္တ-USA)တို့၏ ကြီးကြီးသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ပြွန်တန်ဆာမြို့နေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်နွဲ့ (မော်ဘီ)
## အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၈၄၄)နေ (ဦးအောင်ဘန်း-ဒေါ်စောညွန့်)တို့၏ သမီး၊ ဦးကျော်စိုးအောင်-ဒေါ်သန်းသန်းရီတို့၏ အစ်မသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဖေအောင် (၈၉)နှစ်
**တိုင်းမင်းကြီး(ငြိမ်း) ပဲခူးတိုင်း**
**ကချင်ပြည်နယ်ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် (ငြိမ်း)**
**ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား၊ ပဲခူး**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုတိုက်(A)၊ အခန်း(၉၀၄)နေ (ဦးလှဘော်-ဒေါ်မှီ)တို့၏သား၊ (ဦးဘသိန်း-ဒေါ်စောရီ)၊ (ဦးရင်းကြိမ်ဟွ)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ (ဒေါ်မြလေးသိန်း)၊ ဒေါ်ခင်နွဲ့မူတို့၏ခင်ပွန်းသည် ၂၇-၈-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်သူ (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)-**
**ဒေါ်မြင့်ရည် (ဖြိုးလင်းရတနာ ရောင်းဝယ်ရေး)မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည် (၇၃)နှစ်
**လက်ထောက်မန်နေဂျာ (ငြိမ်း) (စက်မှု ထွေ/ထိန်း)**

ပဲခူးမြို့နေ ဦးတင်မြင့်-ဒေါ်ညိမ်းရင်တို့၏သမီး၊ မြောင်းမြမြို့နေ ဦးအေး၊ ဒေါ်သိန်းတို့၏ သမီးချွေးမ၊ ဦးစိုးလွင် (စက်မှု ထွေ/ထိန်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဝင်းနေစိုး(ငြိမ်း)-ဒေါ်ချယ်ရီ၊ ဒုတိယဗိုလ်မှူးကြီး နေအောင်စိုး-ဒေါ်သင်းနွယ်စိုးတို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘွားဒေါ်ကြည်ကြည်သည် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၁)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးကူးလူ(ငြိမ်း)
## အသက်(၅၄)နှစ်
**အလုံရုံမှူး၊ ရေနံဓာတုဗေဒ**
**မန်းသံပုရာကန်၊ အထက်မင်းလှမြို့**

သူငယ်ချင်း ဗိုလ်ကြီး ကူးလူ(ငြိမ်း) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၃/၈၂ သူငယ်ချင်းများ**

---

## ဒေါ်မြင့်မြင့် (၆၁)နှစ်
**စလင်းမြို့**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအုပ်စု၊ ကိုးလုံးကျေးရွာနေ (ဦးထွန်းလူ-ဒေါ်အုန်းရီ)တို့၏သမီး၊ (ဦးသောင်းရွှေ-ဒေါ်လှကြန်)တို့၏ သမီးချွေးမ၊ ဦးညဏ်ရွှေ-(ဒေါ်စိန်စိန်)တို့၏ညီမ၊ ဦးဝင်းထွေးမောင်-ဒေါ်ရင်နွဲ့၊ ဦးမြင့်ရွှေ-ဒေါ်စန်းချော၊ ဦးအောင်မြင့်ဦး-ဒေါ်အေးမြင့်၊ ဒေါ်ညိုမြင့်၊ ဦးအောင်ကြည်အေး-ဒေါ်အေးအေးနွယ်တို့၏အစ်မ၊ ဦးသန်းမြင့်၏ချစ်လှစွာသောဇနီး၊ ဒုရဲအုပ်ဌေးလှိုင် (သတင်းတပ်ဖွဲ့)-မတင်ဇာဝင်း၊ ကိုဝင်းဌေး-မစန္ဒာမိုး၊ ကိုနေလင်း-မမာမာဌေး၊ မသန်းသန်းမိုး၊ ကိုမြင့်နိုင်-မဇင်မာစိုး၊ မသင်းသင်းစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဝေယံထက်၊ မရွှန်းလဲ့မေ၊ မောင်သူရကျော်ဇင်၊ မဖြူလေးသွယ်၊ မောင်ဝန်းရံလင်း၊ မဆုကြယ်စင်လင်းတို့၏အဘွားသည် ၂၇-၈-၂၀၁၆ (စနေနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးဌေးလှိုင် - ဒေါ်တင်ဇာဝင်းတို့၏ နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်းအမကြီး**
## ဒေါ်သန်းနု(ဇလွန်) (၈၁)နှစ်

ဇလွန်မြို့၊ ဓမ္မာရုံကျောင်းလမ်း၊ အမှတ်(၁၆)နေ (ဦးကျော်စိန်-ဒေါ်မြတင်)တို့၏သမီး၊ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်နေ ဦးဇော်မင်းထွန်း(ခ) ဖိုးသား၊ ဦးမျိုးအောင်ဝင်း(ခ)မျိုးကြီး-ဒေါ်ယုယုသော်တို့၏မိခင်၊ မောင်ပြည့်စုံခန့်၏အဘွား၊ (ဦးသန်းကြည်)၏ဇနီး ဒေါ်သန်းနုသည် ၂၇-၈-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ကြည်း-၅၁၉၈၅၀**
**တပ်ကြပ်ကြီး(ငြိမ်း)**
## ဦးခင်ထွန်း (၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နေ ဗိုလ်ကြီးထွန်းဗိုလ်-မခင်ယုလွင်၊ ဗိုလ်ဇင်မင်းထွန်းတို့၏ဖခင်၊ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း ဦးခင်ထွန်းသည် ၂၇-၈-၂၀၁၆ (စနေနေ့) ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ဥက္ကံမြို့သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**မြစ်ကြီးနားအသင်း(ရန်ကုန်)**
## ဦးဖေအောင် (၈၉)နှစ်
**ကန်တော့ခံသက်ကြီး**
**ကချင်ပြည်နယ်ကောင်စီ**
**အလုပ်အမှုဆောင်အဖွဲ့ဝင်(ငြိမ်း)**
**တိုင်းမင်းကြီး(ငြိမ်း) ပဲခူးတိုင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို တိုက်(A)၊ အခန်း (၉၀၄)နေ (ဦးလှဘော်-ဒေါ်မှီ)တို့၏သား၊ (ဦးဘသိန်း-ဒေါ်စောရီ) (ဦးရင်းကြိမ်ဟွ)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ (ဒေါ်မြလေးသိန်း)၊ ဒေါ်ခင်နွဲ့မူတို့၏ခင်ပွန်း၊ ဦးစန်းအောင်-ဒေါ်ထက်ထက်အောင်၊ ဦးဝေလင်း - ဒေါ်လွင်လွင်အောင်၊ (ဦးတင်ထွန်း)-ဒေါ်ဝါဝါအောင်၊ ဦးဟန်ဝင်းအောင်-ဒေါ်ခင်သီတာဆွေ၊ ဦးပြည့်ဖြိုးအောင်-ဒေါ်မေမြတ်ကျော်၊ ဦးအောင်ထက်မြတ်-ဒေါ်နန္ဒာဝင်းတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၂၇-၈-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။) (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

သာရေးနာရေးအမှုဆောင်အဖွဲ့

---

## ဦးသိန်းရွှေ(ခ)ဦးနန်ဆန်း
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ်(၃၉)နေ (ဦးကြိုစန်ကက်-ဒေါ်ရက်ချူးဝါး)တို့၏သား၊ ဒေါ်ငွေစိန်၏ခင်ပွန်း၊ (ဦးတီဟုတ်တီ-ဒေါ်လေဝါ)၊ (ဦးကျောက်လုံတိ)-ဒေါ်ကျန်ကျင်းလျှန်၊ ဦးမောင်လှ-ဒေါ်ငွေရင်တို့၏ ညီ/မောင်၊ ဒေါ်ရှုမေ၊ ဦးကျော်မြင့်-ဒေါ်ရှုဝေ၊ ဦးသိန်းထိုက်-ဒေါ်သီတာခိုင် (Star Pharmacy)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**
## ဦးမျိုးညွန့်(ပျော်ဘွယ်) (၆၉)နှစ်
**(M.A Philosophy)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၄)နေ (ဦးခင်မောင်လေး-ဒေါ်ခင်ကြည်)တို့၏ သား၊ ဒေါ်မြင့်မြင့်(ခ)ဒေါ်ယဉ်သူ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မင်း-ဒေါ်နှင်းယုဝေလွင်၊ ဦးဇော်ဇော်မင်းသိန်း-ဒေါ်သက်သက်ဝေလွင် (သင်းနွယ်မိတ္တူနှင့်ကွန်ပျူတာ)၊ မနှင်းအိအိခင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်စစ်ရဲရင့်ထူး၊ မောင်စွမ်းသုခဇော်၊ မသီရိရွှေရည်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဖေအောင် (၈၉)နှစ်
**တိုင်းမင်းကြီး(ငြိမ်း) ပဲခူးတိုင်း**
**ကချင်ပြည်နယ်ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် (ငြိမ်း)**
**ဗန်းမော်အသင်း (ရန်ကုန်) နာယကကြီး**

ကချင်ပြည်နယ်၊ ရွှေကူမြို့နေ (ဦးလှဘော်-ဒေါ်အေးမှီ)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ ဗန်းမော်အသင်း(ရန်ကုန်)အမှုဆောင် ဦးစန်းအောင်-ဒေါ်ထက်ထက်အောင်၊ မိတ္ထီလာမြို့နေ ဦးဝေလင်း-ဒေါ်လွင်လွင်အောင်၊ ပဲခူးမြို့နေ (ဦးတင်ထွန်း)-ဒေါ်ဝါဝါအောင်၊ ရန်ကုန်မြို့နေ ဦးဟန်ဝင်းအောင်-ဒေါ်ခိုင်သီတာဆွေ၊ ဦးပြည့်ဖြိုးအောင်-ဒေါ်မေမြတ်ကျော်၊ ဦးအောင်ထက်မြက်-ဒေါ်နန္ဒာဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ ရန်ကုန်မြို့နေ (ဒေါ်မြလေးသိန်း)၊ ဒေါ်ခင်နွဲ့မူတို့၏ခင်ပွန်း၊ မြေး ၁၁ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၇-၈-၂၀၁၆(စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(A)၊ အခန်း(၉၀၄) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ဗန်းမော်အသင်း (ရန်ကုန်)

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစိန်မြင့် (ဘိုကလေး) (၈၈)နှစ်
**ဗိုလ်မှူး-(ငြိမ်း)၊ ကြည်း/၆၂၇၄၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)**
**လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)**

ဘိုကလေးမြို့နယ်နေ [ဦးအောင်ဖေ(ခ)ဦးဆေးလုံး-ဒေါ်ညီမ]တို့၏သား၊ ဒါးပိန်မြို့နေ (ဦးသိန်းဖေ-ဒေါ်စိန်စိန်)တို့၏ သားသမက်၊ (ဦးအောင်ရှိန်-ဒေါ်မြရီ)၊ (ဦးဘဇံ-ဒေါ်အေးကြည်)၊ (ဦးမြင့်စိုး-ဒေါ်ခင်နု)တို့၏ညီ၊ (ဦးအောင်စိုး)-ဒေါ်ညွန့်ရီ၊ (ဦးမြင့်ဝေ)-ဒေါ်ကြည်လှိုင်၊ (ဦးကျင်ကွယ်-ဒေါ်ခင်ခင်)၊ ဒေါ်သိန်းသိန်းမြင့်၊ ဗိုလ်မှူးတင်မောင်မြင့် (တပ်မတော်-ရေ၊ ငြိမ်း) (အမှတ်-၁ စက်မှုဝန်ကြီးဌာန၊ ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ-ငြိမ်း)-ဇနီး ဒေါက်တာဒေါ်ယဉ်နွယ် (မွေ့ဆေးအထူးကုဆရာဝန်ကြီး-ငြိမ်း)၊ ဒေါ်နိုနို၊ (ဦးပေါ်သိန်း-ဒေါ်ခင်မြင့်)တို့၏အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၄၃၆)နေ (ဒေါ်ဘေဘီ)၏ခင်ပွန်း၊ ဒေါ်ဝါဝါမြင့်(အထပြ-ငြိမ်း၊ အထက-၂၊ လသာ)၊ (ဦးကျော်ဆန်း)-ဒေါ်ဝေဝေမြင့် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါ်နီနီမြင့် (ကျောင်းအုပ်ကြီး၊ အထက-၆၊ အလုံ)၊ ဒေါ်သော်တာမြင့် (အပင်ဇီဝနည်းပညာဗဟိုဌာန၊ စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်သီတာမြင့် (အာရှဖွံ့ဖြိုးရေးဘဏ်)၊ ဦးကျော်ဇင်သန့် (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်သူဇာမြင့် (ပညာရေးသံမှူး၊ မြန်မာသံရုံး၊ ဗြိတိန်နိုင်ငံ)တို့၏ဖခင်၊ ဦးကျော်နန္ဒ (Baby Ancestor Co., Ltd/Oxfam)-ဒေါ်ဂျူးကေခိုင် (Total E & P Myanmar)၊ မမြတ်ဘုန်းမြင့်မိုရ်တို့၏အဘိုး၊ မောင်ဘုန်းသိခ်ကျော်(ခ)ဒူးဒူး၏ဘိုးဘိုးကြီး ဦးစိန်မြင့်သည် ၂၆-၈-၂၀၁၆ (သောကြာနေ့) ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းဝေ(မြိတ်) (၅၈)နှစ်
**B.Sc, B.Ed**
**အလပြ (အထက-၃၊ ပဲခူးမြို့)**

မြိတ်မြို့၊ နောက်လယ်ရပ်နေ (ဦးပေါ်-ဒေါ်ရှု)တို့၏ ဒုတိယသမီး၊ ပဲခူးမြို့၊ ညောင်ဝိုင်းရပ်နေ (ဦးမောင်-ဒေါ်လှကြင်)တို့၏သမီးချွေးမ၊ ပဲခူးမြို့၊ ရှင်စောပုလမ်း၊ တိုက်(၂၂)၊ အခန်း(၅)၊ ဝန်ထမ်းအိမ်ရာနေ ဦးမောင်မောင်တိုး (ထူးအောင် TV ပြုပြင်ရေး)၏ ဇနီး၊ Dr.ရဲရန်အောင်၊ မောင်အေးချမ်းအောင် (LEPLENTEUR စားသောက်ဆိုင်၊ ရန်ကုန်)-မအေးသူခိုင် (ပဲခူးမြို့နယ် စာရင်းရုံး)တို့၏ ချစ်လှစွာသောမိခင် ဒေါ်စန်းစန်းဝေသည် ၂၅-၈-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်မြို့ နှလုံးအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## PA PAU KHAN MANG
## အသက် (၅၁)နှစ်
**(GUALNAM BEH)**
**THALMUAL/KALAYMYO**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆ ရပ်ကွက်၊ ရွှေဘိုလမ်း၊ အောင်ဇေယျ အိမ်ရာ၊ တိုက်(၂၄)၊ အခန်း(၃၀၄)နေ NU NIANG SUAN CIIN ၏ ချစ်လှစွာသော ခင်ပွန်း၊ ကလေးမြို့၊ ပင်လုံ(၃)၊ အမှတ် (၂)နေ PU PUM ZA LIAN-(PI KHAWL ZA CING) တို့၏သား၊ PASTOR DANIEL NANGNO-PI DAL KHAN VUNG တို့၏သားသမက်၊ DO SUAN MUNG, (KAM KHAN SUAN), CING SAWN LUN, VIAL ZA KHUP (USA), (THANG NGIM SANG)တို့၏ ညီ/အစ်ကို၊ LIAN BIAK SIAM, CING SAN KIM, NANG SIAN HON, MUNG SAWM PIANG တို့၏ မွေးသဖခင်သည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၆၈)၊ ဦးဝိစာရလမ်း၊ Seventh-day Adventist Church (ရန်ကုန်ဗဟို)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ထွန်း (၇၂)နှစ်
**(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း-ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ်(၃/၉၃)၊ ပိတောက်မြိုင်လမ်းနေ (ဦးစိန်-ဒေါ်ခင်သန်းနွယ်)တို့၏သား၊ (ဦးအုန်းရွှေ-ဒေါ်ခင်သောင်း)တို့၏ သားသမက်၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်သန်း၊ ဦးဌေးသန်း-ဒေါ်သန်းသန်းအေးတို့၏မောင်၊ ဦးမှတ်ကြီး-ဒေါ်တင်မာချို၊ ဒေါ်အေး၊ ဦးမြင့်လွင်-ဒေါ်သန်းသန်းထွေး၊ ဦးလှသင်း-ဒေါ်သန်းသန်းနု၊ ဦးမြင့်သိန်း-ဒေါ်ယဉ်ယဉ်ထွေးတို့၏ အစ်ကိုကြီး၊ မဆွေဆွေထွန်း၊ မသင်းသင်းထွန်း၊ ဦးဝင်းလှိုင်ထွန်း(ဆ-သ-ရ)-ဒေါ်ရီလွင်လွင်၊ ဦးသိန်းသန်းထွန်း-ဒေါ်စုစုလှိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သန်းသန်းရွှေ(FERD)(ငြိမ်း)၏ခင်ပွန်းသည် ၂၈-၈-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၆(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Daw Zen Ngaih Lun (ခ)
## ဒေါ်ငယ်(Buansing Beh)
## အသက်(၆၃)နှစ်

မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၂/က)နေ အရာခံဗိုလ် ဝုန်ခန့်ဒိုး(လေ-ငြိမ်း)၏ဇနီး၊ Saya Vial Khan Mang ၏တူမ၊ ဒေါ်ဒိမ့်ဆွင်းငိုင်(ခ)ဒေါ်စီစီ (လပခ၊ငွေစာရင်းဌာနခွဲ)-ဦးဒိုရှင်းပေါင် (Mother Love Company)၊ မောင်ခိုင်ရှင်းမာန် (AMAS)၊ မကိမ်းခန့်ဒိမ့်(ခ) မမာမာလွင် (မြန်မာ့စီးပွားရေးဘဏ်၊ မြောက်/ဥ)၊ ဒေါ်ဇမ်းလမ်ကျိန်(ခ) မအေးအေးလွင်-ဒုအရာခံဗိုလ်မြင့်နိုင် (လေတပ်ဆွယ်၊ နေပြည်တော်)၊ မောင်ခွာလ်ခင်းစိန်(ခ) ချင်းလေး (Y.A.G) တို့၏မွေးသမိခင်၊ မသူသူလွင်နိုင်၊ မမီမီလွင်နိုင်၊ မောင်ထန်ခန့်ခိုင်၊ မနဲမ်းရှင်းဝုန်တို့၏အဘွားသည် ၂၈-၈-၂၀၁၆ ရက် နံနက် ၁နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်း ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ဝါယာလက်မှကားများ မွန်းတည့် ၁၂ နာရီနှင့် ယုဇန ပိတောက်ကွေ့မှ ကားများ နံနက် ၁၁နာရီတွင်ထွက်၍ ဓမ္မာရုံဝင်ခေါ်မည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကျောက်တော်မြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင်**
**ရခိုင်ပြည်နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**ရခိုင်ပြည်နယ် ဩဝါဒါစရိယ**
**မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

## ဘဒ္ဒန္တ ကဝိန္ဒ
## သိက္ခာတော် (၆၂)ဝါ၊ သက်တော် (၈၁)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွှေပြည်သစ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက မြို့သစ်ပဝါရဏာဂိုဏ်း၏နာယက (မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) လဇ္ဇီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူသော ဘဒ္ဒန္တကဝိန္ဒ သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၆၂)ဝါရှိ မဟာထေရ်မြတ်သည် (၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ရက်) ၂၇-၈-၂၀၁၆ (စနေနေ့) နံနက် ၂း၃၀နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ကျောက်တော်မြို့နယ် ရွှေပြည်သစ်ကျောင်းတိုက်သို့ ပင့်ဆောင်မည်ဖြစ်ပါသည်။ [ကြာကလပ်၊ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။] တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဖီးဖီးနော်လှ (၉၇)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္ဒီလမ်း၊ အမှတ် (၁၅)၊ မြေညီထပ်နေ (စောမောင်ပု-နော်ပန်းမြ)တို့၏သမီး၊ (စောမြတ်သာအောင်-နော်ဆွဲကြီး)တို့၏ သမီးချွေးမ၊ စောထရူးမင်း-နော်မရီးနာချို၊ နော်မေးလျှံ-ဦးဝင်းနိုင်၊ (စောပီတာ)၊ နော်ဆာဝါး-(ဦးမင်းလွင်)၊ နော်အဲသယ်တို့၏မိခင်၊ စောအယ်လူး-နော်စိုးစိုးမြိုင်၊ စောစောနိုင်-နန့်စီစီမျိုး၊ နော်နှင်းထွေးအေး-စောနပိုလီယံမြ၊ စောစောခိုင်၊ စောစေးဟဲ၊ စောမင်းမင်းနိုင်-နော်ခင်ဆွေအောင်၊ စောကျော်ညီညီလွင်-ဒေါ်ဝေဝေရှိန်၊ စောဆာစေး-နော်ဒိုင်သာနာထူးတို့၏ဖီးဖီး၊ မြစ် ၁၀ယောက်တို့၏ဖီးဖီးကြီး၊ (စောဟားဘတ်)၏ချစ်ဇနီး ဖီးဖီးနော်လှသည် ၂၈-၈-၂၀၁၆ ရက် နံနက် ၁၁း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၈-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကြည့်မြင်တိုင် စမ်းချောင်းကရင်နှစ်ခြင်းအသင်းတော်(သိန္ဒီလမ်း)၌ ဆုတောင်းဝတ်ပြုပြီး ထိန်ပင်ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာ ဦးကျော်မင်း (၇၈)နှစ်
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အသင်း**
**ဥက္ကဋ္ဌ မိုးကောင်းဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ (ရန်ကင်းမြို့နယ်)**
**ဥက္ကဋ္ဌ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် (ရန်ကုန်)**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးမောင်နီ-ဒေါ်မဝါ)တို့၏ သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ်(၁၁၃)၊ သစ်ရာပင်လမ်းနေ ဒေါ်နီနီဆွေ၏ခင်ပွန်း၊ ဦးရဲထွဋ်ဝင်း-ဒေါ်သီဂီမင်း၊ မမင်းပြည့်ဇံဦး (Myanmar Imperial College)၊ မမင်းသက်ဇံဖြူ(ပညာနန်းတော်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်၊ မဟန်သာခိုင် (ဒု-နှစ်၊ သတ္တ၊ ဒဂုံတက္ကသိုလ်)၊ မဝေသာခိုင်၊ မခိုင်ယုယမင်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ပင်လုံဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြင့် (ကျိုက်ထို) (၇၇)နှစ်

လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၄၅)၊ သုံးလွှာ(A)နေ ဦးပိထောင်-ဒေါ်မြတင်(ကျိုက်ထို)တို့၏သား၊ ဦးမြင့်ဦး-ဒေါ်မြင့်ကြည်၊ ဦးသန်းဦး-ဒေါ်တင်နွဲ့၊ ဦးလှမြင့်-ဒေါ်ခင်သန်းနွယ်၊ ဒေါ်မြမြဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်တင်အေး(လယ်စိုက်ရှင်း)၏ခင်ပွန်း၊ ဦးကံညွှန့်မောင် (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်သူဇာတင်၊ ဦးမင်းမောင် (Mascots Health Care)-ဒေါ်ယုယုဝင်း (Okkar Thiri Co., Ltd.)တို့၏မွေးသဖခင်၊ မဆုလဲ့နှင်း၊ မောင်လွင်ဘုန်းအောင်၊ မယွန်းဝတီတို့၏အဘိုး ဦးခင်မောင်မြင့်သည် ၂၈-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဇော်(ခ)ဆရာမင်းသီဟ(သုဝဏ္ဏ) (၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၂၅)ရပ်ကွက်၊ ဣန္ဒကာရာမကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဣန္ဒက၏နောင်တော်၊ (ဦးဖိုးပျော့-ဒေါ်ညွန့်ညွန့်)တို့၏သားကြီး၊ ဦးခင်ဇော်၊ (ဦးသန်းလွင်)-ဒေါ်လှလှကြူ၊ သန်လျင်မြို့နေ ဦးရဲသိန်း(ကညနသန်လျင်)-ဒေါ်မာမာကြူ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရွှေပြည်သာမြို့နယ်နေ ဦးတင့်ဇော် (စွယ်စုံကုန်ထုတ်သမ)-ဒေါ်ခိုင်နှင်းဆီ၊ ဒေါ်သန်းသန်းကြူ (အလက-၆၊ ဒဂုံတောင်)၊ ဦးထွန်းကျော်-ဒေါ်လွင်လွင်ကြူ (ဆသရ)တို့၏အစ်ကိုကြီး ဦးမြင့်ဇော်(ခ)ဆရာမင်းသီဟ(သုဝဏ္ဏ)သည် ၂၇-၈-၂၀၁၆ ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၄၈၀၊ မြခေမာ ၁ လမ်း၊ ၁၂၅ ရပ်ကွက်၊ ဒဂုံအရှေ့ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးကူးလူ(ငြိမ်း) ကြည်း-၂၅၃၇၄
## အသက် (၅၄)နှစ်
**အလုပ်ရုံမှူး (ရေနံဓာတုဗေဒစက်ရုံစု၊ မန်းသံပုရာကန်)**

ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်နေ (ဦးရီးရယ်)-ဒေါ်စိုးမြာတို့၏သား၊ မွန်ပြည်နယ်နေ (ဦးလွန်းမြိုင်)-ဒေါ်သန်းတို့၏သားသမက်၊ ဒေါ်စန်းစန်းမော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးရန်နိုင်၊ မောင်ထူးရန်ကျော်၊ မောင်ထူးရန်အောင်၊ မကြည်စင်မို့မို့ထက်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၈-၈-၂၀၁၆ ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် မန်းသံပုရာကန် (စက်ရုံဝင်း) နေအိမ်မှ သံပုရာကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## အလ်ဟာဂျ် M.ရှုရီးဖ်(ခ)ဖေရိုစ်(ခ)ဦးအောင်လွင်
## အသက် (၅၀)

**World People Meet Travel & Tours Co., Ltd ဒါရိုက်တာ**
**World Medical Center (WMC)**
**Representative Agent, Nokair (Authorized Agent)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် (၄၉)၊ ဒု(ယာ)နေ အလ်ဟာဂျ် Mရှုရီးဖ်(ခ)ဖေရိုစ်(ခ)ဦးအောင်လွင်သည် ၂၆-၈-၂၀၁၆ (သောကြာနေ့) နံနက် ၆နာရီတွင် ကော့ကရိတ်မြို့၊ ကျုံဒိုးမြို့နယ်၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၆ရက်တွင် ရေဝေးဥယျာဉ်၌ ဒါဖနာပြုပြီးဖြစ်ပါ၍ အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများအား အထူးကျေးဇူးတင်ပါကြောင်း။ [၂-၉-၂၀၁၆ (သောကြာနေ့) ညနေ ၅နာရီတွင် အမှတ်(၅၀)၊ ပထပ်(ယာ)၊ (၄၃)လမ်းနေအိမ် အလှူညှော်ခံပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကြိုဆိုထောက်ခံပွဲ ရန်ကုန်မြို့၌ ကျင်းပ

စုစည်းရေးသားသူ – သီသီမင်း
ဓာတ်ပုံ – ခင်မောင်ဝင်း(ကြေးမုံ)



**ရန်ကုန် ဩဂုတ် ၂၈**
ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြမည့် “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ” ကြိုဆိုထောက်ခံပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။

ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလ ပန်းခြံအတွင်း လွတ်လပ်ရေးကျောက်တိုင်အနီးတွင် ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများနှင့် အဖွဲ့အစည်းအသီးသီးမှ စုပေါင်းပြီး “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ” ကြိုဆိုထောက်ခံပွဲ အခမ်းအနားကို ကျင်းပရာ **(ဝဲပုံ)** အဆိုပါအခမ်းအနားသို့ နယ်ပယ်အသီးသီးမှ တက်ရောက်လာသူများ၏ ငြိမ်းချမ်းရေးအတွက် စကားသံများကို စုစည်းရေးသားလိုက်ရပါသည်။

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး**

“ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ထောက်ခံပွဲလုပ်ဖို့

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**
တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(ခ)မှ ရှမ်းပြည်နယ် ဘောလုံးအသင်းနှင့် ကယားပြည်နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ အုပ်စု(ဂ) မှ စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းတို့

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍**

## စက်တင်ဘာ ၁ ရက်မှစ၍ ယာဉ်စည်းကမ်းချိုးဖောက်မှုများကို ထိရောက်စွာအရေးယူမည်



**တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ စည်းကမ်းမဲ့မောင်းနှင်နေသည့် ယာဉ်များအား တွေ့ရစဉ်။**

**ရန်ကုန် ဩဂုတ် ၂၈**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်းချိုးဖောက်သော ယာဉ်များကို စက်တင်ဘာ ၁ ရက်မှစ၍ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း ချိုးဖောက်နေမှုများကို ပညာပေးကာလသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပြီး ထိရောက်သည့် အရေးယူမှုကို စက်တင်ဘာ ၁ ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်သည်။ ယာဉ်စည်းကမ်းချိုးဖောက်နေမှုများကို အရေးယူရာတွင် လမ်းပြောင်းပြန်မောင်းခြင်း၊ စည်းကမ်းမဲ့မောင်းခြင်းများအပါအဝင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကို ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

